မာတာပိတု ဥပဋ္ဌာနံ ဧတံ မင်္ဂလ မုတ္တမံ၊ အမိအဖတို့ကို ကောင်းစွာလုပ်ကျွေးမွေးမြူခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်၊ ၂၀၀၄ခုနှစ်၊ ဇန်နဝါရီ ၂၃ ရက်၊ သောကြာနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၁၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက် အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၅)အဖွဲ့ကြိုဆိုထောက်ခံ နိုင်ငံတော်၏ဦးဆောင်မှုတက်ညီလက်ညီပူးပေါင်းပါဝင်မည်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည် ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရှမ်းပြည်နယ် (မြောက်ပိုင်း)အထူးဒေသ(၅) အဖွဲ့ ဥက္ကဋ္ဌ ဦးမထုနော်နှင့်အဖွဲ့ဝင်များအား ရန်ကုန်မြို့ကုန်းမြင့်သာရှိ ဗေဟျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၂၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည် ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၅)အဖွဲ့ဥက္ကဋ္ဌ ဦးမထုနော်၊ အတွင်းရေးမှူး ဦးဇော်ဆိုင်းနှင့် အဖွဲ့ဝင်များအား ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေဟျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အတူ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်၊ သစ်တောရေးရာဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ဝန်ကြီးချုပ်ရုံးဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီရုံး *စာမျက်နှာ ၉ ကော်လံ ၁*

စပါးနှင့်ဟင်းသီးဟင်းရွက် မျိုးကောင်းမျိုးသန့်များရရှိရေး DNA နည်းပညာသုံး၍ စိုက်ပျိုးထုတ်လုပ်နိုင်တော့မည်

သတင်းဆောင်းပါး-မြင့်စိုး၊ ဓာတ်ပုံမှတ်တမ်း-သန်းနိုင် (မြန်မာ့အလင်း)

အပင်မျိုးကောင်း မျိုးသန့်များရရှိစေရန် DNA နည်းပညာသုံး၍စမ်းသပ်ရှာဖွေနေသော စိုက်ပျိုးရေးဝန်ထမ်းများအားတွေ့ရစဉ်။

ဓာတ်ပုံ-သန်းနိုင် (မြန်မာ့အလင်း)

DNAနည်းပညာရှင်း

အပင်မျိုးဗီဇများကို DNA နည်းပညာဖြင့် ရှာဖွေပုံကို တာဝန်ခံ ဒေါက်တာ ဦးခင်မောင်သက်က ကွန်ပျူတာသုံး၍ ရှင်းလင်းပြနေစဉ်။

ဓာတ်ပုံ-သန်းနိုင် (မြန်မာ့အလင်း)



ရန်ကုန် ဇန်နဝါရီ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတော်အစိုးရက စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်နေမှုများကို အားပေးလျက်ရှိသည်။

ယင်းသို့ စိုက်ပျိုးရေးကဏ္ဍ တိုးတက်အောင် ဆောင်ရွက်ရာတွင် နည်းပညာတိုးတက်ရေးသည် အလွန်အရေးကြီးသည့်အချက်ဖြစ်သည်။ စိုက်ပျိုးရေးနည်းပညာများ တိုးတက်ပြန့်ပွားစေရန် ဆောင်ရွက်နေသည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေးဇုန်ရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အပင်ဇီဝနည်းပညာဓာတ်ခွဲခန်းသို့ သွားရောက် မေးမြန်းခဲ့သည်။

ရှေ့ဦးစွာ ဓာတ်ခွဲခန်းတာဝန်ခံ ဒေါက်တာခင်မောင်သက်က DNA နည်းပညာအသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်းတိုးတက်အောင် ဆောင်ရွက်မည့် အခြေအနေများကို ပြောကြားသည်။

DNA၏ ဝေါဟာရ အပြည့်အစုံမှာ Deoxyribo˚Nucleic Acid ဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ▼

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်)

ပညာရေးမျှော်မှန်းချက် ပေါက်မြောက်အောင်မြင်ရေး တက်ညီလက်ညီ ကြိုးပမ်းစွမ်းဆောင်

၂၀၀၄ခုနှစ် ဇန်နဝါရီလ ၅ရက်နေ့က ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာဆရာမများအထူးမွမ်းမံသင်တန်း အမှတ်စဉ်(၄) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သင်တန်းသား ဆရာ ဆရာမများအား မိန့်ခွန်းပြောကြားရာ၌–

"အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အနာဂတ်တည်တံ့ခိုင်ခံ့စေရေးနှင့် နိုင်ငံတကာအလယ်တွင် ဝင့်ဝင့်ကြွားကြွား ထည်ထည်ဝါဝါ ရပ်တည်နိုင်စေရေးအတွက် နိုင်ငံတော်၏အနာဂတ်ကို ဖန်တီးကြရမည့် မျိုးဆက်သစ် ကျောင်းသားကျောင်းသူ လူငယ်လူရွယ်များအား နိုင်ငံတော်ကို တည်ဆောက် ကာကွယ်နိုင်စေမည့် ပညာရပ်ဆိုင်ရာ စွမ်းအား၊ စိတ်ဓာတ်ရေးရာ စွမ်းအား၊ လူမှုရေးဆိုင်ရာစွမ်းအားတို့ ပြည့်ဖြိုးခိုင်မာစေရအောင် လေ့ကျင့်ပျိုးထောင် ပေးထားနိုင်ရန်သည် နိုင်ငံတော်အတွက် ပဓာနအကျဆုံး အမျိုးသားရေးလိုအပ်ချက်ပင် ဖြစ်ကြောင်း"
ပြောကြားသွားခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ အရှည်တည်တံ့ခိုင်မြဲနေစေရန် အလို့ငှာ ပြည်သူတစ်ရပ်လုံး၏ ပညာရည်မြင့်မားရေးသည် အဓိကအခန်းကဏ္ဍကပါဝင်နေသည်။ ပြည်သူတစ်ရပ်လုံး ပညာရည်မြင့်မားပြီး အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းထားနိုင်မည်ဆိုပါက နိုင်ငံတော်သည် ကမ္ဘာတည်သရွေ့ အစဉ်တည်တံ့ခိုင်မြဲနေမည်ဖြစ်သည်။ သို့ဖြစ်၍ နိုင်ငံတော်အစိုးရသည် တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးအတွက် အခြေခံပညာကျောင်းများ၊ အဆင့်မြင့်ပညာ ကျောင်းများကို လိုအပ်ချက်နှင့်အညီ တိုးချဲ့မြှင့်တင်တည်ဆောက်ပေးလျက်ရှိသည်။

ထိုသို့ အခြေခံပညာကျောင်းများ၊ အဆင့်မြင့်ပညာကဏ္ဍမှ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များကို တိုးချဲ့တည်ဆောက်ပေးလျက်ရှိရာ ၂၀၀၂–၂၀၀၃ ပညာသင်နှစ်အတွင်း အခြေခံပညာကျောင်းများ အနေဖြင့် အထက်တန်းကျောင်း ၁၇၄၈ကျောင်း၊ အလယ်တန်းကျောင်း ၃၀၉၂ ကျောင်း၊ မူလတန်းလွန်ကျောင်း ၂၄၁၀၊ မူလတန်းကျောင်း ၃၂၇၅၇ကျောင်း တည်ထောင်ဖွင့်လှစ်ပေးပြီးဖြစ်သည်။ ထို့ပြင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ တည်ထောင်၍ ကလေးသူငယ်များအား ပညာသင်ကြားပေးလျက်ရှိရာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း အလယ်တန်းအဆင့် ၁၁၇ ကျောင်း၊ မူလတန်းအဆင့် ၉၅၇ကျောင်း တည်ထောင်ထားပြီး ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၄၉၇၂၂ ဦးတို့အား ပညာသင်ကြားပေးလျက် ရှိသည်။

အဆင့်မြင့်ပညာကဏ္ဍတွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များကို ဝန်ကြီးဌာနများအလိုက် ဖွင့်လှစ်ထားရာ ဝန်ကြီးဌာန ၁၃ ခုတွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်း ၁၅၄ ကျောင်း ဖွင့်လှစ်ထားပြီးဖြစ်သည်။ အခြေအနေ အကြောင်းအမျိုးမျိုးကြောင့် တက္ကသိုလ်ကောလိပ်များတွင် တက်ရောက် ပညာသင်ကြားနိုင်ခြင်းမရှိသည့် ကျောင်းသားကျောင်းသူများအတွက် "ပညာရေးဝေးသည်မရှိ" ဟူသည့် ဆောင်ပုဒ်နှင့်အညီ အဝေးသင်ပညာရေးစနစ်ကိုလည်း ကျယ်ပြန့်စွာ ဖွင့်လှစ်သင်ကြားပေးလျက် ရှိသည်။ အဝေးသင် ကျောင်းသားကျောင်းသူများအနေဖြင့် လေ့လာလိုသည့် သင်ခန်းစာများကို အလွယ်တကူ လေ့လာနိုင်ရန်အတွက် e-Education Learning Centre များကို ပြည်နယ်နှင့်တိုင်း အသီးသီးတွင် ဖွင့်လှစ်ပေးခဲ့ရာ Learning Centre ပေါင်း ၄၅၅ခု ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။ e-Education Learning Centre များဖွင့်လှစ်လိုက်ခြင်းအားဖြင့် နယ်တွင်ရောက်နေသော ကျောင်းသား ကျောင်းသူများသည် တက္ကသိုလ်များမှ ကထိကဆရာကြီး၊ ဆရာမကြီးများ၏ သင်ကြားပို့ချမှုများကို တိုက်ရိုက်ကြည့်ရှု လေ့လာနိုင်သည့် အခွင့်အရေးများ ရရှိနေကြပြီဖြစ်သည်။

သို့ဖြစ်ရာ ဆရာ ဆရာမများအနေဖြင့် မျက်မှောက်ကာလဖြစ်သော ပညာခေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင်မည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းလာစေရန်ဟူသော နိုင်ငံတော်၏ ပညာရေးမျှော်မှန်းချက် ပေါက်မြောက်အောင်မြင်ရေး တက်ညီလက်ညီ ကြိုးပမ်းစွမ်းဆောင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံခြားရေးဝန်ကြီးဌာနသို့ တရုတ်နိုင်ငံသံရုံးမှ ကွန်ပျူတာများလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၂

နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ရန်ကုန်မြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးက ကွန်ပျူတာ၊ ပရင်တာ ၁၀စုံနှင့် မိတ္တူကူးစက်တစ်လုံး ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ယမန်နေ့ မွန်းတည့် ၁၂နာရီက နိုင်ငံခြားရေးဝန်ကြီးဌာန ရှင်ဒိသာပါမောက်ဆောင်ရှိ ဝန်ကြီးပဒေသရာဇာခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ယင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျင်ကျွမ်းနှင့် သံရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျင်ကျွမ်းက ပစ္စည်းများ ပေးအပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက ပစ္စည်းများ လှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ **(အပေါ်ပုံ)** အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၁၆ရက်က မင်္ဂလာဒုံမြို့နယ် အမက (၃၂) မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြေသဇင်က ပထမတန်းမှ ပထမဆုရ မစောယုနွယ်အား ဆုချီးမြှင့်စဉ်။

(က–ပ)

နိုင်ငံတကာသတင်းဂျာနယ်

Reporter Journal No. 105

ရန်ကုန် ဇန်နဝါရီ ၂၂

မြေနီကုန်းဖိုးလုံး၏ အီရတ်အချုပ်အခြာ အာဏာလွှဲပြောင်းပေးပြီးနောက်ပိုင်း အီရတ်နိုင်ငံမှာ ငြိမ်းချမ်းတည်ငြိမ်မှု ရှိပါ့မလား၊ စိုးမြင့်လတ်၏ အင်္ဂလိပ်တွေကို အင်္ဂလိပ်စကားသင်ပေးသူ စသည့် ဆောင်းပါးများ အပါအဝင် အင်တာနက် သတင်းများကို ဓာတ်ပုံဝေဝေဆာဆာဖြင့် Reporter နိုင်ငံတကာ သတင်းဂျာနယ် အမှတ် (၁၀၅)၊ ဆက်သွယ်ရန် ဖုန်း– ၇၂၀၇၇၉။ **(အပေါ်ပုံ) (က–ပ)**

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၃၉၇) ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၂

မကြာမီကဖွင့်လှစ်ခဲ့သည့်ပြင်ဦးလွင် နန်းမြင့် မျှော်စင်ကြီး၏ ထူးခြားချက်များ၊ ဒုဋ္ဌဝတီမြစ်ကို ပိတ်၍ ရေအားလျှပ်စစ်ထုတ်လုပ်မည့် ကမ္ဘာ့တတိယအကြီးဆုံး မြစ်ကြောင်း ပိတ်ရေလှောင်တမံကြီး တည်ဆောက်နေ၊ လူမင်း၏ အကယ်ဒမီ ဧည့်ခံပွဲ ညချမ်း၊ ဒါရိုက်တာ မောင်မျိုးမင်း မျက်ရည်ကျခဲ့ရသည့်အဖြစ်၊ ကိုကိုးကျွန်း၊ မြိတ်ကျွန်းစုဆလုံပွဲတော်၊ မော်တင်စွန်းနှင့် ငပလီသွားမည့် ချင်းတွင်းသင်္ဘောကြီး၊ သက်တော်ရှည် ဆရာတော်ကြီးအား လာရောက်ဖူးမြော်လေ့ရှိသည့် ထူးထူးခြားခြား အမြွာညီအစ်မ၊ အင်းလျားကန်ပေါင်ဘေး တစ်လျှောက် လူသွားလမ်းသစ်နှင့် ပန်းခြံပေါ်လာ ဦးမည်၊ ကမ္ဘာ့အကြီးဆုံး ဓိမ်ခံသင်္ဘောကြီး ခရီးစတင် စသော ပြည်တွင်းပြည်ပသတင်းများ၊ သတင်းဆောင်းပါးများနှင့် ပြည်မြန်မာသတင်းဂျာနယ် အမှတ် ၃၉၇ ကို ပုဇွန်တောင် ရေကျော်လမ်း အမှတ် (၉)သုတစွယ်စုံ စာအုပ်တိုက်က ဖြန့်ချိထားသည်။ **(ဝဲပုံ) (က–ပ)**

23-1 (2).p65 1 3/25/05, 9:56 PM

စလင်းဒေသမှ နယ်ချဲ့တော်လှန်ရေး

(၁၉၉၇ ခုနှစ်ထုတ် စလင်းမြို့နယ် ငွေရတုမဂ္ဂဇင်းမှ ကောက်နုတ်ဖော်ပြပါသည်။)

ဦးခန်းညိုအောင် (စလင်း)

(ယမန်နေ့ကအဆက်)

တောင်ကောက်ရွာတိုက်ပွဲတွင်ဗိုလ်နေမိးသည်ဗိုလ်အင်ဖူး (ဖအိုင်း)ပစ်လိုက်သောကျည်သင့်သည့် မင်းဘူးအရေးပိုင် မစ္စတာ ဖယ်ယာ၏ ဦးခေါင်းကို ဝင်ဖြတ်နိုင်ခဲ့သူဖြစ်သည်။

ဗိုလ်ညိုမဲ့မှာ မင်းတပ်သူကြီးဗိုလ်ရွှဲ၏ ညီမအရင်းဖြစ်ပြီး လက်ဝဲနားထင်၌ အညိုရောင်မှဲ့ကြီးတစ်လုံးရှိသည်။ အပျိုကလေးပင်ဖြစ်သော်ငြားလည်း ဓားရေး၊လှံရေး၊မြင်းရေးတို့၌ အလွန်ကျွမ်းကျင်လှသည်။ စလင်းမြို့တောင်ဘက် ကူတိုရွာအနီး ခတ်တော်ချောင်း တိုက်ပွဲတွင် ရန်သူအပိုင်းခံနေရသော မြန်မာတပ်အတွက် သူ့အသက်နှင့်လဲ၍ တိုက်ပွဲဝင်ခဲ့သည်။

ဗိုလ်ဖျိုင်းတောင်မှာ လယ်ကိုင်းကျောင်းတော်ရာအနီးမှ ခင်တဲရွာသူဖြစ်သည်။ တိုက်ပွဲဝင်လျှင် ဦးခေါင်း၌ ဖျိုင်းတောင်များစိုက်၍ တိုက်ခိုက်လေ့ရှိသည်။

အားလုံးသော တော်လှန်ရေးရဲဘော်များ အနက် ဗိုလ်ဥတ္တမ၊ ဗိုလ်ဖျိုင်းကြီး၊ ဗိုလ်ဖျိုင်းကလေးတို့မှာ ဒေသခံတို့က အထူးကြည်ညိုလေးစားကြပြီး ယနေ့ထက်တိုင် သားစဉ်မြေးဆက် စပ်မိသမျှ လက်ဆင့်ကမ်းပြောဆိုနေကြပေသေးသည်။ ဦးဥတ္တမမှာ လယ်ကိုင်းကျောင်းတော်ရာအနီးမှ ညောင်ပင်စောက်ရွာသားတစ်ဦး ဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၂၁၀ပြည့်နှစ် (အေဒီ-၁၈၄၈)ခန့်တွင် အဖဦးရွှေရောက်-အမိဒေါ်လှအေးတို့က ဖွားမြင်ခဲ့သည်။ ငယ်နာမည်မှာ မောင်အုပ်ကျော်ဖြစ်ပြီး ရွာမှာနေစဉ်ကာလ၌ ရွာကျောင်းတွင်ပညာသင်ကြားခဲ့သည်။ အသက် ၁၅နှစ်ခန့်တွင် သာမဏေပြုပြီးနောက် မကြာမီ ရတနာပုံနေပြည်တော်သို့ ပညာသင်ကြားရန် ကြွရောက်ခဲ့သည်။ မန္တလေးတွင် သီတင်းသုံးနေသော မိမိတို့ရပ်ရွာမှ ဆရာတော်ဦးမေဓာကျောင်း၌ နေထိုင်ရင်း စာပေပရိယတ္တိများကို လိုက်စားနေခဲ့သည်။ ထိုစဉ်ကာလ၌ ကျောင်းသို့အဝင်အထွက်ရှိသော လဲချားမိဖုရားနှင့် မြင်စိုင်းကိုယ်တော်ကြီးတို့မှတစ်ဆင့် နန်းတွင်းရေးများကို ကြားသိခွင့်ရခဲ့လေသည်။ မင်းတုန်းမင်းတရားကြီး၏ မိဖုရားများနှင့် သားတော်တို့၏ ထီးနန်းဆက်ခံရေး အရှုပ်တော်ပုံများ၊ ကနောင်မင်းသားကြီး လုပ်ကြံခံရမှုများသည် ဆရာတော်နှစ်ပါးအား လွန်စွာစိတ်ထိခိုက်စေခဲ့သဖြင့် မွေးရပ်မြေသို့ ပြန်ကြွခဲ့ကြသည်။

ဆရာတော် ဦးဥတ္တမသည် လယ်ကိုင်းကျောင်းတော်ရာအနီးမှ ပြည်လုံးကျော်ရွာတွင် မူလဆရာတော် ဦးဥတ္တရ၏ ခွင့်ပြုချက်ဖြင့် ကျောင်းဆောက်၍ သီတင်းသုံးနေထိုင်ခဲ့ရာ သက်တော်(၃၈)နှစ်၊ ဝါတော်(၁၈)ဝါရသော ၁၈၈၆ခုနှစ်တွင်

ဖျိုင်းကြီး၊ဖျိုင်းကလေးတို့၏လက်ချက်ကို ဗြိတိသျှတပ်များ စလင်းမြို့ ရွှေတန်ဆာဘုရား အနီးရှိ ဤမန်ကျည်းတောအုပ်အတွင်း အလူးအလဲခံခဲ့ရသည်။

မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်ဘဝသို့ ရောက်ရချေတော့သည်။ နယ်ချဲ့တို့၏ရက်စက်ယုတ်မာသော လုပ်ရပ်တို့ကို မျက်စိအောက်၌ တွေ့မြင်ခဲ့ရသည့်အခါဝယ် ဆက်လက်၍ သည်းမခံနိုင်တော့သည့်အဆုံး၌ ဆရာတော် ဦးဥတ္တရနှင့် အတူပူးတွဲ၍ သင်္ကန်းဝတ်နှင့်ပင် နယ်ချဲ့ကို တော်လှန်အန်တုခဲ့လေတော့သည်။ ရိုးမတောင်ခြေအနီး ကျစ်ကိုင်ရွာခေါ် မင်းကြီးချောင်တွင် ဗိုလ်ဝင်ခံ၍ လူသူလက်နက်စုဆောင်းခြင်း၊ ဗိုလ်ပါနောက်လိုက်များအား လေ့ကျင့်ခြင်းတို့ကို ပြုလုပ်ခဲ့သည်။ နောင်တွင် လူဝတ်လဲ၍ မြစ်အနောက်ဘက်ခြမ်းဒေသဖြစ်သော မင်းဘူး၊ စကု၊ ပွင့်ဖြူ၊ လယ်ကိုင်း၊ ကျောင်းတော်ရာ၊ ငဖဲ၊ မင်းတုန်း၊ ပခုက္ကူစသောနယ်မြေများ၌ ဒေသခံဗိုလ်များနှင့်ပူးပေါင်းကာ ဦးဥတ္တမ၏ ဦးစီးဆောင်ရွက်မှုဖြင့် နယ်ချဲ့တော်လှန်ရေးတိုက်ပွဲများကို စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့သည်။

ဦးဥတ္တမအား ဗိုလ်ဥတ္တမ၊ မင်းကြီးဦးဥတ္တမ၊ ဘုန်းကြီးဗိုလ်စသည်ဖြင့် ဒေသခံများက ခေါ်ဝေါ်ကြသည်။ ဗိုလ်ဖျိုင်းကြီးမှာ ဆင်ဖြူကျွန်းမြို့အနီး ပေါက်ကုန်းရွာသားဖြစ်ပြီး ဗိုလ်ဖျိုင်းကလေးမှာ ဆင်ဖြူကျွန်းအနီး အိုးသည်စု ရွာသားဖြစ်သည်။ ၎င်းတို့နှစ်ဦးမှာ ကျောင်းနေဘက် ငယ်သူငယ်ချင်းများဖြစ်ကြသည့်အပြင် ဗိုလ်ဥတ္တမ၏ အထူးအားကိုးခြင်း ခံရသည့် ဉာဏ်လက်ရုံးများလည်း ဖြစ်ကြသည်။

ပါတော်မူပြီးစ စလင်းဒေသတစ်ဝိုက်၌ ဖြစ်ပေါ်ခဲ့သော နယ်ချဲ့ဆန့်ကျင်ရေးအတွက် လက်နက်စွဲကိုင်၍ တော်လှန်ခဲ့သော တိုက်ပွဲများအနက် ရွှေပန်းမြိုင်တိုက်ပွဲ၊ မြတ်လေးသောင်တိုက်ပွဲ၊ စေတုတ္တရာတိုက်ပွဲ၊ ဆင်ဖြူကျွန်းတိုက်ပွဲ၊ ခတ်တော်ချောင်း တိုက်ပွဲ၊ တမာချောင်တိုက်ပွဲ၊ ဝက်သည်းကန်တိုက်ပွဲ၊ စလင်းရွှေတန်ဆာ မန်ကျည်းတန်းတိုက်ပွဲ၊ စလင်းကိုးဆောင်ကျောင်းတိုက်ပွဲ၊ ဖောင်းလင်းရွာတိုက်ပွဲတို့မှာ ထင်ရှားသောအဓိကရတိုက်ပွဲများပင် ဖြစ်ကြသည်။ ထိုတိုက်ပွဲများနှင့် ပတ်သက်၍ အိန္ဒိယနိုင်ငံတွင် ထုတ်ဝေသော ကိုလိုနီခေတ် အင်္ဂလိပ်သတင်းစာများတွင် ဖော်ပြချက်နှင့် ဒေသခံတို့ သားစဉ်မြေးဆက် မှတ်ယူချက်တို့ကို ယှဉ်တွဲဖော်ပြလိုပါသည်။

"တိုက်ပွဲ တစ်ခုတွင် ဟင်းပရားယားတပ်ရင်းမှ ကက်ပတိန်အက်ကင်ဆင် ကျဆုံးသည်"ဟူ၍ The Amrita Bazar Patrika: ၁၂-၈-၁၈၈၆ နေ့ထုတ် အမရစ်တာဘဇား ပက်ထရစ်ကာ သတင်းစာ၊ စာမျက်နှာ-၅၊ ကော်လံ-၃ တွင် ဖော်ပြထားသည်။

ထိုတိုက်ပွဲမှာ စလင်းမြို့ ရွှေတန်ဆာမန်ကျည်းတန်းတိုက်ပွဲနှင့် ကိုးဆောင်ကျောင်းတိုက်ပွဲပင်ဖြစ်သည်။ ထိုစဉ်အချိန်က စလင်းမြို့တွင် မြို့ရိုးကြီးတည်ရှိသည်။ မြို့ရိုး၏ အရှေ့မြောက်ထောင့်ရှိ ကုန်းမြင့်ထိပ်ဝယ် ရွှေတန်ဆာစေတီတော်ရှိပြီး စေတီတော်၏မြောက်ဘက် မြို့ရိုး၏ အပြင်ဘက်၌ မန်ကျည်းပင်တန်းကြီးရှိသည်။ ယခင် ၁၉၆၇ မတိုင်မီက နယ်ပိုင်ဝန်ထောက်အိမ် တည်ရှိခဲ့သော နေရာဖြစ်သည်။ ကိုးဆောင်ကျောင်းတိုက်မှာ မြို့ရိုးပြင်ဘက် လက်ပံပင်ကျောင်းတိုက်၏ တောင်ဘက်၌တည်ရှိသော ဘုန်းတော်ကြီးကျောင်းဖြစ်ပြီး ထိုကျောင်း၏ အောက်ထပ်ဝယ် ဗိုလ်ဥတ္တမ ဦးစီးသော မြန်မာတပ်များက မြင်းများနှင့် စခန်းချသည်။ အက်ကင်ဆင်ဦးစီးသော အင်္ဂလိပ်စစ်တပ်က မြို့ရိုး အတွင်း၌ အခိုင်အမာတပ်တည်၍ နေကြသည်။ ပုလိပ်ဌာနသို့မဟုတ် ဂါတ်တဲမှာ ရွှေတန်ဆာစေတီတော်ခြေရင်း မြို့ရိုးတွင်း၌ တည်ရှိသည်။

၂၈-၇-၁၈၈၆နေ့၌ မြို့ရိုးအတွင်း အခိုင်အမာနေကြသော ဗြိတိသျှစစ်တပ်ကို မင်းကြီးဦးဥတ္တမ၊ ဗိုလ်ရွှဲ၊ ဗိုလ်ဖျိုင်းကြီး၊ ဗိုလ်ဖျိုင်းကလေးတို့ ဦးစီးသော မြန်မာမျိုးချစ်တပ်က အပြင်းအထန် စတင်တိုက်ခိုက်ကြသည်။ မြန်မာတပ်များသည် ရွှေတန်ဆာဘုရားအနီးမှ မန်ကျည်းတောကြီးတွင် တပ်မတည်ပြီး မြို့ရိုးတွင်းမှ ဗြိတိသျှတပ်တို့ကို ပိတ်ဆို့ဝန်းရံထားသည်။ ဗြိတိသျှတပ်များမှာ မြို့ပြင်ထွက်လာပြီး ချမ်းသာကြီးဘုရား၏ တံတိုင်းများကို အကာအကွယ်ယူကာ မြောက်ဘက် မန်ကျည်းတန်းစစ်မျက်နှာနှင့် တောင်ဘက် ကိုးဆောင်တိုက်စစ်မျက်နှာနှစ်ဖက်ကို ပြိုင်တူဖွင့်၍ တိုက်ကြသည်။ ဤတိုက်ပွဲသည် လေးရက်ကြာမြင့်ခဲ့ပြီးနောက် ၃၁-၇-၁၈၈၆ နေ့တွင် ဗြိတိသျှတပ်မှူး ကက်ပတိန်အက်ကင်ဆင်မှာ ရွှေတန်ဆာဘုရားအရှေ့ဘက် ပေါင်းတံတားအနီး၌ ကျည်သင့်၍ ကျဆုံးခဲ့သည်။ အက်ကင်ဆင်မှာ အိန္ဒိယပြည် ဘုံဘိုင်မြို့အား ဗြိတိသျှတို့ သိမ်းပိုက်စဉ်က ပါဝင်ခဲ့ပြီး ထိုဘုံဘိုင်မြို့သိမ်း တိုက်ပွဲ၌ ထူးချွန်စွာ စွမ်းရည်ပြခဲ့သဖြင့် ဘုံဘိုင်ဗိုလ်ဟု ဂုဏ်ပြုပြည်တ်ခံခဲ့ရဖူးသည့် တိုက်ရည်ခိုက်ရည်ရှိ စစ်ခေါင်းဆောင်တစ်ဦး ဖြစ်သည်။ ကက်ပတိန်အက်ကင်ဆင်၏ အလောင်းအား စလင်းသုသာန်၌ ဂူသွင်းမြှုပ်နှံခဲ့ရာ ကမ္ပည်းစာတွင်မူ မေဂျာ အက်ကင်ဆင်ဟု တစ်ဆင့်မြှင့်၍ ရေးထိုးထားသည်။ ကျန်ဗြိတိသျှစစ်သည် ၁၅၀ကျော်တို့၏ အလောင်းများကိုမူ ကိုးဆောင်ကျောင်းတိုက်၏ အနောက်ဘက်၌ စုပြုံ၍ မြှုပ်နှံခဲ့ကြသည်။ ထိုတိုက်ပွဲ၌ မြန်မာတို့ဘက်မှ ဆက်သားအဖြစ် တာဝန်ယူခဲ့သော အမျိုးသမီးနှစ်ဦးလည်း ကျဆုံးခဲ့ရသည်။

ဒုတိယတွေ့ရှိချက်မှာ ၂၄-၆-၁၈၈၆နေ့ ထုတ်ဝေသော အမရစ်တာ သတင်းစာ၏ စာမျက်နှာ ၂၊ ကော်လံ ၃တွင် ဖော်ပြချက် ဖြစ်သည်။ အဆိုပါ သတင်းမှာ English Man သတင်းစာမှ ဖော်ပြချက်ကို ထပ်ဆင့်ကိုးကားသည်ဟု ဆက်လက်ဖော်ပြထားပါသည်။

"မန္တလေးမှ ပေးပို့သည့် ကြေးနန်းအရ ကက်ပတိန် ဒန်းစ်ဖို့ဒ် (Captain W.G. Dunsford) တိုက်ပွဲကျသည့် သတင်းကို အသေးစိတ် သိရသည်။ ကက်ပတိန် ဒန်းစ်ဖို့ဒ်နှင့် အမှတ်-၂ လီဗာပူတပ်ရင်းမှ လက်ဖတင်နင် ဝင်းယန် (Lieut. Wynyand)တို့သည် ဘင်္ဂေါ ခြေလျင်တပ်ရင်းနှင့် လီဗာပူတပ်ရင်းမှ တပ်သားအချို့တို့နှင့်အတူ စလင်းမှ ငါးမိုင်ခန့်အကွာတွင် တပ်စွဲနေသည့် သူပုန် ၁၆၀ခန့်ကို တိုက်ထုတ်ပြီးနောက် လူ ၅၀၀၀ ခန့်ရှိ အခြားတစ်စုကို

ဆက်လက်တိုက်ခိုက်ရကြောင်း၊ ဒုတိယတိုက်ပွဲတွင် ကက်ပတိန်ဒန်းစ်ဖို့ဒ် ကျဆုံးသည်။ လီဗာပူတပ်သား သုံးယောက် ဒဏ်ရာပြင်းထန်စွာရ၏။ စစ်ဗာရီ နှစ်ယောက်လည်း အနည်းငယ်စီ ထိခိုက်ဒဏ်ရာရသည်။ ရန်သူဘက်မှ အကျအဆုံးကို မသိရချေ။"

ဤတိုက်ပွဲမှာ ဝက်သည်းကန်၊ တမာချောင်တိုက်ပွဲကြီးပင် ဖြစ်သည်။ စလင်းမြို့၏ အနောက်ဘက်တွင် ဧရိယာ ၁၀၈၈ ဧကကျယ်သည့် ဝက်သည်းကန်ဟူသော ရေကန်ကြီးတည်ရှိပြီး ထိုရေကန်ကို တောင်ဘက်မှပတ်၍သွားလျှင် ကန်အနောက်ဘက်ခြမ်း၌ တမာချောင်အမည်ရှိသော ရွာတစ်ရွာတည်ရှိသည်။ ထိုရွာအနီးမှ တောင်ကုန်းငယ်တစ်ခုပေါ်တွင် ဗိုလ်ဥတ္တမ ဦးစီးသော မျိုးချစ်မြန်မာ့တပ်သားများ တပ်စွဲထားရာ ကက်ပတိန်ဒန်းစ်ဖို့ဒ်ဦးစီးသည့် ဗြိတိသျှတပ်မှ ၁၂-၆-၁၈၈၆ နေ့တွင် ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။ ဗြိတိသျှတပ်တွင် လီဗာပူရက်ဂျီးမင့် (Liverpool Regiment)တပ်မှ အင်အား ၂၀၀ နှင့် ဘင်္ဂေါ ကုလားခြေလျင် (Bengal Infantry)တပ်မှ အင်အား ၂၀၀တို့ ပါဝင်ကြသည်။ ဤတိုက်ပွဲတွင် ဗြိတိသျှတပ်တို့က အပေါ်စီးမှ နေရာရသွား၍ မြန်မာများ အလူးအလဲခံရသော်လည်း အသက်စွန့်၍ ပြန်လည်တိုက်ခိုက်ခဲ့ကြရာ ဗိုလ်ဥတ္တမ ပစ်လိုက်သည့် ကျည်ဆန်သည် အဖွဲ့ခေါင်းဆောင် ကပ္ပတိန်ဒန်းစ်ဖို့ဒ်အား ထိမှန်၍ မသေမရှင်ဖြစ်နေစဉ် မြန်မာများက အတင်းဝင်ရောက်ပြီး ခေါင်းကို ဖြတ်ယူခဲ့ကြသည်။ ခေါင်းမရှိသော ဒန်းစ်ဖို့ဒ်၏ ခန္ဓာကိုယ်အား မင်းဘူးမြို့သို့ ဗြိတိသျှတို့က သယ်ဆောင်သွားပြီး ဂူသွင်း၍သင်္ဂြိုဟ်ခဲ့ကြသည်။ ဗြိတိသျှဗိုလ်ချုပ် ဂျင်နရယ်ဒန်းစ်ဖို့ဒ်၏ သားဖြစ်သူ ကပ္ပတိန်ဒန်းစ်ဖို့၏ အုတ်ဂူအား မင်းဘူးမြို့ အင်္ဂလိပ် သင်္ချိုင်းအတွင်း ယနေ့တိုင် တွေ့မြင်နိုင်ကြပါသည်။

၁၇-၆-၁၈၈၆ နေ့ထုတ် အမရစ်တာ သတင်းစာတွင် 'ဓားပြတို့မှာ မင်းဘူးအရေးပိုင် မစ္စတာဖယ်ရာ (Mr. Phayre)ကို သတ်လိုက်နိုင်သဖြင့် ပို၍ပင် ဂုဏ်တက်အားတက်လျက်ရှိကြသည်'ဟု ဖော်ပြလေသည်။ အရေးပိုင်ဖယ်ရာမှာ ၈-၆-၁၈၈၆ နေ့တွင် ရွှေစက်တော်ဘုရားအနီးမှ ပတိန်းရွာ တောင်ကောက်စခန်း၌ မင်းတပ်သူကြီး ဗိုလ်ရွှဲ၏ တပ်နှင့် တိုက်ခိုက်ရင်း ကျဆုံးခဲ့ခြင်းဖြစ်သည်။ မင်းဘူးအရေးပိုင် ရောဘတ်ဖယ်ရာမှာ ဗိုလ်ရွှဲအားမိလျှင် ဆုတော်ငွေ ၅၀၀၀ ရူပီး(Rupee)ပေးမည်ဟု အမိန့်ထုတ်ပြန်ခဲ့ရာ ဗိုလ်ရွှဲကလည်း အရွဲ့တိုက်၍ ဖယ်ရာအား ဖမ်းပေးလျှင် ဆုတော်ငွေ ၅၀၀ရူပီးပေးမည်ဟု အပြန်အလှန် ကြေညာခဲ့ကြသည်။ ထိုကာလတွင် မင်းဘူးတောင်ပိုင်းဒေသကို ဗိုလ်ရွှဲကတာဝန်ယူခဲ့ပြီး မြောက်ပိုင်းဒေသကိုတော့ဗိုလ်ဥတ္တမက တာဝန်ယူခဲ့သည်။ ထိုတိုက်ပွဲတွင် မြင်းပေါ်၌ရှိသော အရေးပိုင်အား ဗိုလ်အင်ဖူးက သေနတ်နှင့်ပစ်၍ မြင်းပေါ်မှ ကျခါနီးတွင် ဗိုလ်နေမိးမှ တစ်ဟုန်ထိုးပြေးဝင်လျက် ဦးခေါင်းကို ဖြတ်ယူနိုင်ခဲ့သည်။

တစ်ဖန် ပိုင်အိုးနီးယား(Pioneer) သတင်းစာ၌ ဖော်ပြပါရှိချက်မှာ ၁၈၈၆ ခုနှစ် ဇွန်လ ၁၉ ရက်မှ ၂၃ရက် အတွင်း ငဖဲအနောက်ဘက် မုန်းမြစ်ကမ်း၌ ဖြစ်ပွားခဲ့သည့် ပြင်းထန်သောတိုက်ပွဲတွင် မေဂျာဂေါ်ဒန် (Major Gordon)တပ်မှ လူခြောက်ဆယ်ထက်မနည်း ကျဆုံးသည်ဟု ဖော်ပြခဲ့သည်။

၂၄-၁၁-၁၈၈၆ နေ့စွဲဖြင့် ထုတ်ဝေသည့် စတိတ်မင်းသတင်းစာ (The Stateman)၏ ဖော်ပြချက်တွင်-

'မင်းဘူးမှတပ်များသည် ဓားပြများနှင့်နှစ်ကြိမ် တိုက်ပွဲဖြစ်ပွားရာ ကပ္ပတိန်ဂျူးနှင့်တစ်ယောက် ပြင်းထန်စွာဒဏ်ရာ ရလေသည်'ဟု ဖော်ပြခဲ့သည်။

ဤကဲ့သို့ မျိုးချစ်စိတ်ပြင်းထန်စွာဖြင့် စုစည်းညီညာစွာ တိုက်ခိုက်ခဲ့ခြင်းကြောင့် ၁၈၈၇ခုနှစ်တွင် စလင်း နယ်မြေအား အင်္ဂလိပ်တို့မှ လက်လွှတ်ခဲ့ရလေသည်။

စလင်းနယ်မှ နယ်ချဲ့ဆန့်ကျင်သူများသည် နယ်ချဲ့နှင့် နှိုင်းယှဉ်ပါက လက်နက်ခဲယမ်း၊ ဆေးဝါး၊ ရိက္ခာနှင့် လူသူအင်အား ချို့တဲ့ခဲ့သော်လည်း သူ့ကျွန်မခံလိုသော စိတ်ဓာတ်နှင့် အသက်ပေး၍ တိုက်ခိုက်သွားခဲ့ကြရာ ဗိုလ်ရာကျော်နှင့် ဗိုလ်ပေဦးတို့မှာ စလင်းအနောက်ဘက် တမာချောင်ရွာတိုက်ပွဲတွင်လည်းကောင်း၊ ဗိုလ်ခရား၊ ဗိုလ်ရာဘော်၊ သံစာဗိုလ်နှင့် ဗိုလ်တေတို့မှာ ရွှေတန်ဆာဘုရားကုန်းတိုက်ပွဲတွင်လည်းကောင်း၊ ပုဏ္ဏားပျံဗိုလ်နှင့် ဗိုလ်ချမ်းတုတ်

နယ်ချဲ့တို့ကိုတွန်းလှန်ခဲ့ရာ စလင်းကိုးဆောင်တိုက်အုတ်ကျောင်း၏တောင်ဘက်မှ မြင်ကွင်း။

တို့သည် စလင်းမြို့ရိုး၏ မြောက်ဘက် တံခါးအနီးတွင်လည်းကောင်း၊ ရှင်လိင်ပျံဗိုလ်၊ ရွှေလှံဗိုလ်၊ ဗိုလ်ကျော်လှတို့မှာ စကုတိုက်ပွဲတွင် လည်းကောင်း၊ ဗိုလ်အဲကြီးမှာ လယ်ကိုင်းတိုက်ပွဲတွင် လည်းကောင်း၊ ဗိုလ်ခံသီး၊ ဗိုလ်မဲခေါင်၊ ဗိုလ်ဆေးနီ၊ ပန်းဆေးကန်ဆရာတော်တို့မှာ မြလေးသောင်တိုက်ပွဲတွင်လည်းကောင်း၊ ဗိုလ်စုတ်ဖွားမှာ မုန်းညာတိုက်ပွဲ၊ ဗိုလ်အင်ဖူးမှာ မန်းညာတိုက်ပွဲ၊ ဗိုလ်ရွှေပွင့်မှာ မင်းဘူးအောက်ကျောင်း ကြာကန်တိုက်ပွဲ၊ ဗိုလ်သာစည်မှာ ကျောင်းတော်ရာတိုက်ပွဲတို့၌ တိုင်းပြည်အတွက်အသီးသီး အသက်ပေးလှူသွားကြောင်း သိရပါ၏။

အားကိုးစရာ လက်ရုံးများပြုတ်ထွက်နေသော မင်းကြီးဦးဥတ္တမသည် ဧရာဝတီမြစ် အရှေ့ဘက်ကမ်းသို့ ကူး၍ မင်းကြီးရွှေလရောင်နှင့် ပူးပေါင်းရန် စီစဉ်ဆဲ ကာလဝယ် မင်းကြီးအား ကျောင်းတော်ရာဘုရားအနီး၌ ၁၈၈၉ ခုနှစ်တွင် ဖမ်းဆီးရမိသွားခဲ့သည်။ မင်းကြီးမှာ တုတ်ပီး၊ ဓားပီး၊ သေနတ်ပီးဆေးများ ထိုးထားသည်ဟု ယူဆ၍ ကြိုးပေးပြီး သတ်ဖြတ်ခဲ့ကြလေသည်။

မင်းကြီးဦးဥတ္တမအား ရုံးတင်စစ်ဆေး၍ ထုချေလျှောက်လဲခွင့် ပြုခဲ့သော်လည်း အသနားခံခြင်းမပြုဘဲ ကြိုးမိန့်ကိုသာ တောင်းခံခဲ့သည်။ သို့အတွက် ဝိတိုရိယဧကရီကို စစ်ဖက်ပြိုင်မှုနှင့် ကြိုးမိန့်ချခဲ့ကြသည်။ ဦးဥတ္တမသည် ကြိုးပေးခါနီး၌ စာရေးကိရိယာများ တောင်းခံပြီး ရာဇဝင်တွင်မည့် ရဲရဲတောက်လင်္ကာကို ရေးစပ်ပေးထားခဲ့သည်။ ထိုလင်္ကာလေးကို ဦးဥတ္တမ၏ မွေးရပ်မြေတွင် ယနေ့တိုင် ရွတ်ဖတ်သီဆိုနေကြဆဲဟု ကြားသိရပါသည်။

သူ့ကျွန်မခံလိုသော မြန်မာတို့၏ တော်လှန်မှုသည် ယေဘုယျအားဖြင့် ၁၈၈၆ခုနှစ်မှ ၁၉၀၀ပြည့်နှစ်အထိ အရှိန်အဟုန် ပြင်းထန်ခဲ့သည်။ သီပေါမင်းအားနန်းချ၍ အထက်မြန်မာ ပြည်ကို သိမ်းပိုက်ခဲ့စဉ်က စစ်သည်အင်အား ၉၄၆၇ဦးသာ အသုံးပြုခဲ့ရသော်လည်း မျိုးချစ်များ၏ တန်ပြန်တော်လှန်မှုကို နှိမ်နင်းရန်အတွက်မူကား ဗြိတိသျှသေနာပတိ ဆာဖရက်ဒရစ်ရောဘတ်နှင့်အတူ စစ်သား ၃၂၀၀၀နှင့် စစ်ရဲ ၈၅၀၀ကို ထပ်မံခေါ်ယူ၍ အင်အားဖြည့်ခဲ့ရ လေသည်။ မက္ခရာမင်းသား၏ သားတော် မင်းရဲရန်ရှိန်နှင့် စောရန်ပိုင်တို့၏ နယ်ချဲ့တော်လှန်ရေးဆိုလျှင် ၁၉၂၁ ခုနှစ်အထိ ဆက်လက်တည်တံ့ခဲ့လေသည်။ သူ့ကျွန်မခံလိုသော စလင်းနယ်သားများ၏ သွေးနှင့်ရေးခဲ့သော အထိမ်းအမှတ်အဖြစ် မင်းကြီးဦးဥတ္တမ ကိုင်ဆောင်ခဲ့သည့် သမိုင်းဝင်တိုက်ပွဲဝင်ဓားကြီးကို သူကောင်းဦးပန်မှ ရယူထိန်းသိမ်းထားခဲ့ရာ အများပြည်သူလေ့လာနိုင်ရန်နှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးအတွက် နိုင်ငံတော်သို့ ပေးအပ်လှူဒါန်းခဲ့ပါသည်။ ။

စာကိုး-

(၁) ဗြိတိသျှတို့အား အဆက်မပြတ် တိုက်ပွဲဝင်ခဲ့ ကြသော မြန်မာ တစ်မျိုးသားလုံး၏ သမိုင်းဝင်စစ်ပွဲများ (ဗိုလ်သံမဏိ)လုပ်သားပြည်သူ့နေ့စဉ်(၂၇-၁၁-၉၀)

(၂) ဆင်ဖြူကျွန်းနယ်တစ်ရိုးက လွတ်လပ်ရေး ကြိုးပမ်းမှု(မောင်ဉာဏ်ရှင်)ကြေးမုံသတင်းစာ(၁၈-၁၂-၉၄)

(၃) စလင်းမြို့နယ်မှတ်တမ်း

(၄) ကျွန်တော် အိုင်စီအက်စ်(ဦးချမ်းသာ၊ ၁၉၈၈၊ မေ)

(၅) နိုင်ငံသမိုင်းသုတေသန စာစောင်အတွဲ(၁) (နိုင်ငံသမိုင်း ဦးစီးဌာန)

(၆) A Tale of Two Cities by Saw Shwe Bo (Panorama Magazine Vol-1. No.3)

(၇) ခေတ်မြန်မာ တည်ဟန်(ဦးတင်မောင်ရင်၊ မဟာဝိဇ္ဇာ)

မိုဆူးလ်မြို့၌ လမ်းဘေးဗုံးတစ်လုံးပေါက်ကွဲ

အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး၊ အီရတ်ခြောက်ဦးနှင့် ယာဉ်မောင်းတစ်ဦးဒဏ်ရာရ

မိုဆူးလ် ဇန်နဝါရီ ၂၂

မိုဆူးလ်မြို့တွင် လမ်းဘေးထောင်ဗုံး ဗုဒ္ဓဟူးနေ့က ပေါက်ကွဲထိမှန်သဖြင့် အီရတ်ခြောက်ဦး၊ အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးနှင့် တူရကီယာဉ်မောင်းတစ်ဦးတို့ ဒဏ်ရာရသွားကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

သီးခြားဖြစ်ရပ်များတွင် ကယ်ကွတ်၌ အရာရှိတစ်ဦး၏ကားကို တိုက်ခိုက်သူများက သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိခဲ့သည်။ နာဂျက်ဖ်၌လည်း ဗုံးနှစ်လုံးကို စနက်တံ ဖြုတ်ပေးလိုက်ရသည်ဟု သိရသည်။

ဒဏ်ရာရ

ယနေ့ နံနက် ၈ နာရီ၌ မိုဆူးလ်မြို့အဝင် နာဂျက်ဖ်အရပ်၌ လမ်းပေါ်တွင် ထောင်ထားသော ဗုံးပေါက်ကွဲမှုကြောင့် အီရတ်ခြောက်ဦး၊ အမေရိကန်တပ်ဖွဲ့ဝင် အနည်းငယ်နှင့် တူရကီယာဉ်မောင်းတစ်ဦး ဒဏ်ရာရကြောင်း ရဲအရာရှိ ဖာသီအာမက် အဗ္ဗဒယ်ဂျက်ဘားက ပြောကြားသည်။

ဘဂ္ဂဒက်ရှိ အမေရိကန်စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပေါက်ကွဲမှု သတင်းကို အတည်ပြုပြောကြားသည်။ သတင်းအရ တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာ ရသည်ဟုဆိုသည်။ ထိုဒဏ်ရာရ တပ်ဖွဲ့ဝင်များသည် အမေရိကန်တပ်ဖွဲ့ဝင်များ ဖြစ်သည် ဆိုခြင်းကို ၎င်းက အတည်မပြုနိုင်ဘဲရှိသည်။

ပြင်းထန်

မိုဆူးလ် အထွေထွေဆေးရုံမှ ဆရာဝန် အက်ခ်ရမ်ဇူဘီဒီဒစ်က အီရတ်ခြောက်ဦးအနက် နှစ်ဦး၏ဒဏ်ရာအခြေအနေမှာ ဆိုးကြောင်း၊ တူရကီယာဉ်မောင်း၏ ဒဏ်ရာမှာ အလွန်ပြင်းထန်ကြောင်း ပြောဆိုသည်။ ထိုအတောအတွင်း အီရတ်တောင်ပိုင်း၌ ဗုံးနှစ်လုံးကို စနက်တံဖြုတ်ပေးခဲ့ရသည်ဟု ရဲကပြောဆိုသည်။ **(အင်တာနက်)**

ဗုံးပေါက်ကွဲ

ဇန်နဝါရီ ၂၁ ရက်က မိုဆူးလ်မြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားသည့် နေရာတွင် အမေရိကန်တပ်ဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေးနေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကျည်ကာအင်္ကျီမရှိခြင်းကြောင့် သေနတ်ထိမှန်သေဆုံးရခဲ့မှု

ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး၏ဇနီးက ကာကွယ်ရေးဝန်ကြီးနုတ်ထွက်ပေးရန် တောင်းဆို

လန်ဒန် ဇန်နဝါရီ ၂၁

အီရတ်နိုင်ငံတွင် သေဆုံးသွားခဲ့သည့် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး၏ ဇနီးဖြစ်သူ ဆာမာသာရောဘတ်က ဗြိတိသျှကာကွယ်ရေးဝန်ကြီး ဂျက်ဟွန်းရာထူးမှ နုတ်ထွက်ပေးရန် တောင်းဆိုလိုက်ကြောင်း သိရသည်။

ထိုအမျိုးသမီး၏ ခင်ပွန်းဖြစ်သူသည် ကျည်ကာအင်္ကျီ မဝတ်ဆင်ရခြင်းကြောင့် သေနတ်ထိမှန် သေဆုံးခဲ့ခြင်းနှင့် ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီး ဂျက်ဟွန်း၌ တာဝန်ရှိကြောင်း၊ မိမိအနေဖြင့် ဂျက်ဟွန်းနှင့်တွေ့ဆုံပြီး မေးလိုသည်မှာ ယခုလို ခင်ပွန်းဖြစ်သူ သေဆုံးခဲ့ရခြင်းသည် ကာကွယ်ရေးဝန်ကြီး၌ တာဝန်မရှိလျှင် မည်သူ၌ တာဝန်ရှိသနည်းဟု မေးမြန်းလိုကြောင်း ၎င်းအမျိုးသမီးက ပြောကြားလိုက်သည်။

ဂျက်ဟွန်းအနေဖြင့် အီရတ်မှာ ယခုရောက်ရှိနေသော ဗြိတိသျှတပ်ဖွဲ့ဝင်များ အရေးကိစ္စနှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြားဆောင်ရွက်ပေးရန် တာဝန်ရှိကြောင်း၊ စစ်ပြီးကာလနောက်ပိုင်း ဗြိတိသျှလွှတ်တော်ရေးရာအမတ်များအဖွဲ့က ထိုကိစ္စများနှင့်ပတ်သက်ပြီး ဂျက်ဟွန်းကို မေးမြန်းခဲ့စဉ်က ကာကွယ်ရေးဝန်ကြီးအနေဖြင့် ရှင်းလင်းအောင် မဖြေရှင်းနိုင်ခဲ့ကြောင်း၊ ယခုအခါ ရာထူးတာဝန်ကိုပါ ထိခိုက်လာစေပြီး အကျပ်ရိုက်စေလျက်ရှိကြောင်း သိရသည်။

(စီအင်န်အင်န်)

ဘဂ္ဂဒက်ရှိအမေရိကန်ဦးဆောင်သော အုပ်ချုပ်ရေးအဖွဲ့ရုံးဝင်း

ပြောက်ကျားတို့က ဒုံးကျည်ဖြင့်ပစ်ခတ်တိုက်ခိုက်ခံရ

ဘဂ္ဂဒက် ဇန်နဝါရီ ၂၂

ဘဂ္ဂဒက်ရှိ အမေရိကန်ဦးဆောင်သော အုပ်ချုပ်ရေးရုံးဝင်းကို ပြောက်ကျားတို့က ဒုံးကျည်ဟုယူဆရသောကျည်ဖူးတစ်ခုဖြင့် ပစ်ခတ်ခဲ့ရာ အတည်မပြုနိုင်သော သတင်းများအရ လူတစ်ဦးဒဏ်ရာရကြောင်း အမေရိကန်စစ်တပ်က ပြောကြားသည်။

ကျရောက်

အီရတ်ခုခံတိုက်ခိုက်ရေးသမားများ ပစ်ခတ်လိုက်သော ဒုံးကျည်သည် အီရတ်တွင် အရပ်ဘက်နှင့်စစ်ဘက်အုပ်ချုပ်ရေးအဖွဲ့ အခြေစိုက်ထားသော ဂရင်းဇုန်အတွင်းရှိ အယ်ရာရှစ်ဟိုတယ်အနီးသို့ ကျရောက်ခဲ့သည်ဟု စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

တိုက်ခိုက်

ပစ်ခတ်မှုကြောင့် ဂရင်းဇုန်အတွင်းရှိ အဆောက်အအုံများအကြီးအကျယ်မပျက်စီးကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ဘဂ္ဂဒက်မြို့၏ တိုက်ဂရစ်မြစ်မြစ်ကမ်းပါးများပေါ်ရှိ ပူးပေါင်းတပ်ဖွဲ့ဝင်များကို မကြာသေးမီလများအတွင်း၌ စိန်ပြောင်းများ၊ ဒုံးကျည်များဖြင့်ပြောက်ကျားများသည် ထပ်ကာတလဲ တိုက်ခိုက်ခဲ့ကြသည်။ အီရတ်နိုင်ငံ တစ်ဝန်းတွင် ပြောက်ကျားများက အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များကို နည်းလမ်းမျိုးစုံဖြင့် ဆက်လက် တိုက်ခိုက်နေလျက်ရှိရာ နေ့စဉ်နီးပါး ပစ်ခတ်မှုများဖြစ်ပွားလျက်ရှိသည်။ **အမ်အင်အေ၊ ရိုက်တာ**

စစ်ဆေး

ဇန်နဝါရီ ၂၀ ရက်က ဘဂ္ဂဒက်မြို့ဆင်ခြေဖုံးတွင် သံသယရှိသော အီရတ်နှစ်ဦးကို အမေရိကန်တပ်ဖွဲ့ဝင်များက စစ်ဆေးမေးမြန်းနေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

စစ်ဆေးမှုများပြုလုပ်ရန် လေကြောင်းခရီးစဉ်များ ဂျပန်ပယ်ဖျက်

တိုကျို ဇန်နဝါရီ ၂၁

ဂျပန်လေကြောင်း လေယာဉ် ၁၉ စင်းကို စစ်ဆေးမှုများပြုလုပ်ရန်အတွက် ၎င်း၏ ခရီးစဉ် ၁၅၀ ကို ယမန်နေ့က ပယ်ဖျက်ခဲ့သည်။ ဂျပန်လေကြောင်းလိုင်းတွင် အင်ဂျက်အက်ကြောင်းများကို ယခုနှစ်တွင် တွေ့ရှိရသည့်ပြဿနာနှင့် ရင်ဆိုင်ခဲ့ရသည်။ အမ်ဒီ ၈၁ နှင့်အမ်ဒီ ၈၇ လေယာဉ်များတွင် ဇန်နဝါရီ ၆ ရက်နှင့် ၇ရက်နေ့များ၌ အင်ဂျင်တုန်ခါမှုဖြစ်ပွားခြင်းကို လေယာဉ်ဝန်ထမ်းများက သတင်းပို့ခဲ့ကြောင်း ပြည်တွင်းလေကြောင်းဝန်ဆောင်မှုက ပြောကြားခဲ့သည်။

ထို့ကြောင့် ကျန်ရှိနေသေးသော အဆိုပါ အမျိုးအစား လေယာဉ် ၁၉ စင်းကို ချက်ချင်း စစ်ဆေးရန်၊ ခရီးစဉ်များ ပယ်ဖျက်ရန် ကုမ္ပဏီကို သယ်ယူပို့ ဆောင်ရေးဝန်ကြီးဌာနက အမိန့်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

(အင်အိပ်ချ်ကေ)

အင်္ဂါဂြိုဟ်၏ ဘူမိအခြေအနေဓာတ်ပစ္စည်းများ

စပရစ်က ကျောက်တုံးကိုတူးပြီးလေ့လာမည်

ဝါရှင်တန် ဇန်နဝါရီ ၂၂

နာဆာမှ အင်္ဂါဂြိုဟ်စူးစမ်းလေ့လာရေးယာဉ် စပရစ်သည် ဂြိုဟ်နီပေါ်တွင် လေ့လာမှုကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ ဘီးခြောက်ဘီးပါ စူးစမ်းလေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ်မျက်နှာပြင်၏ ဓာတ်ပုံသစ်များကို ပြန်လည်ပေးပို့ခဲ့ပြီး ယခုသီတင်းပတ်ကုန်တွင်းက နာရီဝက်အတွင်း ၁၀ ပေခန့် ရွေ့လျားသွားခဲ့သည်။

ယူဆကြ

စပရစ်သည် အနီးရှိ ဘောလုံးအရွယ်အစားရှိ ကျောက်တုံးကို စူးစမ်းလေ့လာလျက်ရှိရာ ယင်းကျောက်တုံးထဲတွင် မီးတောင်ဆိုင်ရာ ဓာတ်ပစ္စည်းများ ပါဝင်နိုင်သည်ဟု သိပ္ပံပညာရှင်များက ယူဆကြသည်။

မျှော်လင့်ထား

သို့ရာတွင် ရေရသောပတ်ဝန်းကျင်တွင် တွေ့ရှိနိုင်သည့် ထုံးကျောက်ကဲ့သို့ အင်္ဂါဂြိုဟ်တွင် ကာဘွန်နစ်ဓာတ်များ ရှိနိုင်သည့် သက်သေအချက်များ တွေ့ရှိနိုင်ရန် ၎င်းတို့က မျှော်လင့်ထားသည်။

ခွဲခြားမည်

စပရစ်သည် ယခုသီတင်းပတ်နှောင်းပိုင်းတွင် ကျောက်တုံးအတွင်း တူးကြည့်ပြီး အင်္ဂါဂြိုဟ်တွင် သက်ရှိများ တစ်ချိန်က ရှိနေနိုင်ခဲ့ခြင်းရှိ၊ မရှိ အဖြေထုတ်နိုင်သော ဘူမိဗေဒအခြေအနေဆိုင်ရာ ဓာတ်ပစ္စည်းများကို ခွဲခြားမည်ဖြစ်ကြောင်းသိရသည်။ **(စီစီတီဗွီ)**

ဘဂ္ဂဒက်ရှိအမေရိကန်အုပ်ချုပ်ရေးရုံးကိုပြောက်ကျားတို့ပစ်ခတ် အီရတ်ပြည်သူများကလည်း အမေရိကန်တို့ကို ဆန့်ကျင်ဆန္ဒပြ

ဆန္ဒပြ

ဇန်နဝါရီ ၂၀ ရက်က ဘဂ္ဂဒက်မြို့လယ်၌ ထောင်ပေါင်းများစွာသော ဆန္ဒပြ အီရတ်များထဲမှ တစ်ဦးက တိုင်ထိပ်ပေါ်သို့တက်၍ အီရတ်အလံကိုလွှင့်ကာ အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကင်းလှည့်

ဇန်နဝါရီ ၁၉ ရက်ညက တီကရစ်မြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များ ကင်းလှည့်ရှာဖွေမှုများ ပြုလုပ်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း
အီရတ်မြင်ကွင်းများ

ဒဏ်ရာရ

ဇန်နဝါရီ ၂၁ ရက် ညပိုင်းက ဘဂ္ဂဒက်မြို့လယ်ရှိ အမေရိကန်အုပ်ချုပ်ရေးရုံးဝင်းအတွင်း ဒုံးကျည်တစ်လုံး ကျရောက်ပေါက်ကွဲခဲ့ရာ ဒဏ်ရာရသူ တပ်ဖွဲ့ဝင်တစ်ဦးအား သယ်ဆောင်နေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



ခံစားမှုသီချင်း

"အမေရိကန်တွေ ဘဂ္ဂဒက်ကိုလာသိမ်းတယ်၊ အီရတ်ပြည်သူတွေလက်ထဲမှာတော့ လက်နက်နှင့်ခဲယမ်းတွေရှိနေတယ်"ဆိုသည့် သီချင်းတစ်ပုဒ်ကို ရေဒီယိုမှတစ်ဆင့် အီရတ်အဘိုးအိုတစ်ဦးက နားထောင်နေစဉ်။ (အဆိုပါသီချင်းမှာ အဆိုတော် ဆာဘတ် အယ်ဂျီနာဘိုင်းက သီဆိုထားခြင်းဖြစ်ပြီး ပြောက်ကျားများအတွက် ခံစားမှုသီချင်းဖြစ်ကြောင်း သိရသည်။)

(ဓာတ်ပုံ-အင်တာနက်)

ဇန်နဝါရီ ၁၉ ရက်က ဘဂ္ဂဒက်မြို့ အမေရိကန်အုပ်ချုပ်ရေးရုံးချုပ်ရှေ့၌ ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသွားသော အီရတ်တစ်ဦးကို အယ်ခါရာမက် ဆေးရုံပေါ်တွင် တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ပုံးစမှန်သောဒဏ်ရာဖြင့် သေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၁၉

ပြီးခဲ့သောသီတင်းပတ်အတွင်းက အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသည် ဆာမာရာမြို့၏ မြောက်ဘက်တွင် လမ်းဘေး၌ ထောင်ထားသော ဗုံးတစ်လုံးပေါက်ကွဲခဲ့သောကြောင့် ဒဏ်ရာရရှိသွားသည်။ ယခုအခါ၌ ထိုဒဏ်ရာရ တပ်ဖွဲ့ဝင်မှာ သေဆုံးသွားရပြီဖြစ်ကြောင်းကို စစ်ဘက်ဆိုင်ရာများက တနင်္လာနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါတိုက်ခိုက်မှုသည် ပြီးခဲ့သောသီတင်းပတ် သောကြာနေ့က အီရတ်နိုင်ငံ၏ အလယ်ပိုင်းမြို့တော်တွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ထိုမြို့သည် အမေရိကန်သိမ်းပိုက်ရေးတပ်များကို ခုခံမှုပြင်းထန်သော တြိဂံဒေသတွင်း၌ တည်ရှိသော မြို့ဖြစ်သည်။

သေဆုံး

ပြီးခဲ့သောနှစ် မတ်လ ၂၀ ရက်နေ့တွင် အီရတ်စစ်ပွဲ စတင်ဖြစ်ပွားသည်။ စစ်မြေတွင်သေဆုံးရသော အမေရိကန် တပ်ဖွဲ့ဝင်စုစုပေါင်းကို ရေတွက်ရာ၌ ယခု ဗုံးဒဏ်ရာဖြင့် သေဆုံးရသူကိုပါ ထည့်သွင်းရေတွက်လျှင် အသက်ဆုံးရှုံးကြရသော အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်းမှာ ၅၀၁ ဦးရှိကြောင်း သိရသည်။ **(အင်တာနက်)**

ဇန်နဝါရီ၂၁ ရက်က ဘဂ္ဂဒက်မြို့တွင် အမေရိကန်တို့၏ လုပ်ဆောင်ချက်များကို မကျေနပ်၍ ဆန္ဒပြနေသော အီရတ်ပြည်သူများကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဇန်နဝါရီ ၂၀ ရက်က အီရတ်နှင့် ကူဝိတ်နယ်စပ်အနီးတွင် စစ်ယာဉ်များနှင့် လုံခြုံရေး စောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အမေရိကန်ဦးဆောင်သည့်တပ်များက အုပ်ချုပ်ရေးလွှဲပေးမည့်ကိစ္စ ကုလသမဂ္ဂ ပြန်လာပြီးစောင့်ကြပ်ရန် အီရတ်ပြည်သူတို့လိုလား

ဘဂ္ဂဒက် ဇန်နဝါရီ ၂၁

ယခုနှစ်တွင် အမေရိကန်ဦးဆောင်သောတပ်များက အုပ်ချုပ်ရေး လွှဲပြောင်းပေးခြင်းကို ကုလသမဂ္ဂအနေဖြင့် အီရတ်သို့ပြန်လာပြီး စောင့်ကြပ်ပေးရန် သာမန် အီရတ်ပြည်သူများက လိုလားကြသည်။

အချုပ်အခြာအာဏာ ပြန်လွှဲအပ်ရေး အငြင်းပွားနေသော လုပ်ငန်းစဉ်တွင် ကုလသမဂ္ဂ ပါဝင်ပတ်သက်ရန် အတွင်းရေးမှူးချုပ် ကိုဖီအာနန်ကို အီရတ်အရာရှိများနှင့် အမေရိကန်တို့က တောင်းဆိုခဲ့ပြီး နောက်နေ့၌ ကမ္ဘာ့အဖွဲ့အစည်းသာလျှင် လွှဲပြောင်းရေးကိစ္စ မျှမျှတတဖြစ်အောင် လုပ်ပေးနိုင်ကြောင်း အီရတ်ပြည်သူအချို့က အင်္ဂါနေ့တွင် ပြောကြားခဲ့ကြသည်။

မေးခွန်းထုတ်

သို့ရာတွင် ဘဂ္ဂဒက်မြို့အခြားနေရာ၌ လူအနည်းငယ်က ကုလသမဂ္ဂသည် အီရတ်ကို စွန့်ပစ်သွားကြောင်းနှင့် မည်မျှထိ အစွမ်းထက်မည်ကို မေးခွန်းထုတ်ခဲ့ကြသည်။

ကူညီပေးခဲ့

ကုလသမဂ္ဂ၏အတွေ့အကြုံကို မိမိတို့လိုအပ်ကြောင်း၊ နိုင်ငံအများအပြားတွင် ရွေးကောက်ပွဲများကို ကုလသမဂ္ဂ အကူအညီပေးခဲ့ကြောင်း ပုံနှိပ်လုပ်ငန်း အလုပ်သမား မိုဟီအဗ္ဗဒူရာဆူးလ်က ပြောကြားသည်။

ရပ်သိမ်း

အတွင်းရေးမှူးချုပ် ကိုဖီအာနန်သည် ပြီးခဲ့သောနှစ် ဩဂုတ်၌ လူ ၂၂ ဦး သေဆုံးခဲ့ရသော အီရတ်ရှိ ကုလသမဂ္ဂရုံးချုပ် ကားဗုံးခွဲခံရပြီး နောက်ထပ် အတိုက်ခံခဲ့ရမှုကြောင့် ကုလသမဂ္ဂ နိုင်ငံတကာဆိုင်ရာ အမှုထမ်းများကို ကိုဖီအာနန်အဖို့ ရပ်သိမ်းအောင်ဖြစ်စေခဲ့သည်။

မျှော်လင့်

အီရတ်တို့က ကုလသမဂ္ဂအနေဖြင့် အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရန်အတွက် ပြန်လာစေလိုခဲ့ကြသည်။ အီရတ်အား ကျူးကျော်မှုကို အတည်ပြုရန် လုံခြုံရေးကောင်စီက ငြင်းဆိုခဲ့သည့်အတွက် ကုလသမဂ္ဂကို အမေရိကန်ပြည်ထောင်စုက ကဲ့ရဲ့ပြောဆိုခဲ့ပြီးနောက် ယခုအခါ အမေရိကန်ပြည်ထောင်စုသည် ကိုဖီအာနန်နှင့်အဖွဲ့ကို မျှော်လင့်နေသည်။ **အမ်အင်အေ၊ရိုက်တာ**

အီရတ်၌ ကန်တပ်ဖွဲ့ဝင် ၅၀၃ ဦးသေဆုံးခဲ့ပြီ

ဝါရှင်တန် ဇန်နဝါရီ ၂၂

အီရတ်၌ အမေရိကန်ဦးဆောင်ပြီး စစ်ပွဲ စတင်ဆင်နွှဲခဲ့ချိန်မှ ဇန်နဝါရီ ၂၁ ရက် ဗုဒ္ဓဟူးနေ့ရောက်ချိန်တွင် အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်မှာ ၅၀၃ ဦး ဖြစ်သည်။ ယင်းအနက် ၃၄၇ ဦး တိုက်ပွဲ၌ သေဆုံးပြီး ၁၅၆ ဦး တိုက်ပွဲ၌မဟုတ်ဘဲ သေဆုံးသည်။

မေ ၁ ရက်မှစပြီး သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၃၆၅ ဦးဖြစ်ပြီး ယင်းအနက် ၂၃၂ ဦး တိုက်ပွဲ၌ သေဆုံးပြီး ၁၃၃ ဦး တိုက်ပွဲ၌မဟုတ်ဘဲ သေဆုံးသည်။

စစ်ပွဲစသည်မှ တိုက်ပွဲ၌ ဒဏ်ရာရ အမေရိကန်တပ်ဖွဲ့ဝင် ၂၅၀၈ ဦးဖြစ်ပြီး ၃၉၆ ဦးမှာ တိုက်ပွဲ၌မဟုတ်ဘဲ ဒဏ်ရာရသည်။ (အင်တာနက်)

အီရန်၏ နျူကလီးယားစက်ရုံများ စစ်ဆေးခွင့် အိုင်အေအီးအေ စစ်ဆေးရေးမှူးများကို ပေးအပ်မည်

တီဟီရန် ဇန်နဝါရီ ၂၀

အီရန်နိုင်ငံရှိ နျူကလီးယားစက်ရုံများကို ရှင်းရှင်းလင်းလင်း ဝင်ရောက် စစ်ဆေးဆောင်ရွက်ခွင့်ကို မကြာမီမှာ အီရန်တာဝန်ရှိသူများက ပေးအပ်တော့မည် ဖြစ်သည်။

အီရန်နိုင်ငံရှိ မည်သည့်နျူကလီးယားစက်ရုံးကိုမဆို အိုင်အေအီးအေမှ စစ်ဆေးရေးမှူးများ ဝင်ရောက်စစ်ဆေးခွင့်ပြုပေးမည့် နောက်ဆက်တွဲ သဘောတူညီချက်ကို အီရန်နိုင်ငံက လက်မှတ်ရေးထိုးမည် ဖြစ်သည်။

လာမည့် ရက်အနည်းငယ်အတွင်း အဆိုပါ သဘောတူညီချက်ကို လက်မှတ်ရေးထိုးမည် ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ အီရန်နိုင်ငံသည် လက်နက်များ ထုတ်လုပ်ရန် ကြိုးစားနေကြောင်း အမေရိကန်တာဝန်ရှိသူများက သံသယရှိနေသော်လည်း ၎င်း၏ အဏုမြူအစီအစဉ်သည် လျှပ်စစ်စွမ်းအင်ထုတ်လုပ်ရန်အတွက်ဖြစ်ကြောင်း အီရန်အစိုးရက အခိုင်အမာ ပြောကြားလျက်ရှိသည်။ **(စီအင်န်အင်န်)**

အာဖဂန်၌ အမေရိကန်တို့ဗုံးကြဲမှု အရပ်သား ၁၁ ဦးသေဆုံးရ

ကဘူးလ် ဇန်နဝါရီ ၂၁

အာဖဂန်နစ္စတန်နိုင်ငံ၌ ပြီးခဲ့သော တနင်္ဂနွေနေ့က အမေရိကန်တို့၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် အရပ်သား ၁၁ ဦးသေဆုံးကြောင်း အာဖဂန်တာဝန်ရှိသူများက ပြောကြားလိုက်သည်။ တောင်ပိုင်း အာဖဂန်ဒေသ၌ ယခုကဲ့သို့ ဗုံးကြဲခဲ့ခြင်းဖြစ်ကာ ဒေသအတွင်း စီးနင်းရှာဖွေမှုများ ပြုလုပ်ခဲ့ပြီး လက်နက်ကိုင်ငါးဦးကို သတ်ဖြတ်ခဲ့ကြောင်း အမေရိကန်တို့က ပြောကြားခဲ့သည်။ ၎င်းတို့အနေဖြင့် အရပ်သား ထိခိုက်ဒဏ်ရာရရှိမှုသတင်း မသိရှိကြောင်း ပြောကြားသည်။ **(စီအင်န်အင်န်)**

အီရတ်ပြဿနာနှင့် ငွေဈေးကျဆင်းမှုကိစ္စ ဆွစ်ဇာလန် ကမ္ဘာ့စီးပွားရေးနှီးနှောပွဲတွင် ဆွေးနွေးကြမည်

ဒါဗော့စ် ဇန်နဝါရီ ၂၀

ကမ္ဘာ့နိုင်ငံများစွာမှ ဩဇာခံအရှိန်အဝါကြီးမားသူ ရာပေါင်းများစွာတို့သည် ဆွစ်ဇာလန်နိုင်ငံ ဒါဗော့စ်ရွာသို့ ပြီးခဲ့သော ဗုဒ္ဓဟူးနေ့က စုရုံးရောက်ရှိခဲ့ကြသည်။ ၎င်းတို့သည် အီရတ်နိုင်ငံပြဿနာ၊ အမေရိကန်ဒေါ်လာငွေ အားပျော့နေသည့် အခက်အခဲနှင့် အခြား ကမ္ဘာ့အခက်အခဲပြဿနာများနှင့်ပတ်သက်၍ ငါးရက်တိုင် နှီးနှောဆွေးနွေးကြမည် ဖြစ်သည်။

ထိုအစည်းအဝေးမှာ ၃၃ နှစ်မြောက် ကမ္ဘာ့စီးပွားရေး နှီးနှောဆွေးနွေးပွဲ (ဒဗလျူအီးအက်ဖ်)ဖြစ်သည်။ ယခုနှစ် အစည်းအဝေး ဦးတည်ချက်သည် လုံခြုံရေးနှင့် သာယာဝပြောရေးဆိုသည်မှာ ငြိမ်းချမ်းမှုရှိရေးပင်ဖြစ်သည်ဟူသော ဦးတည်ချက်ဖြစ်သည်။

စွန့်လွှတ်ခဲ့

အစည်းအဝေးသို့ လစ်ဗျားနိုင်ငံသည် နှစ်ဆယ်ကျော်ကာလအတွင်း ပထမဆုံးအကြိမ် တက်ရောက်လာသည်။ လစ်ဗျားနိုင်ငံက ပြီးခဲ့သောနှစ် ဒီဇင်ဘာလတွင် ယင်း၏အဖျက်စွမ်းအားကြီးမားသော လက်နက်အစီအစဉ်အားလုံးကို စွန့်လွှတ်ခဲ့သည်။ ထိုသို့ စွန့်လွှတ်သည်ကို အသိအမှတ်ပြုသောအားဖြင့် ယခု အစည်းအဝေးသို့ တက်ရောက်ခွင့်ရခြင်းဖြစ်ကြောင်း သတင်းများအရ သိရသည်။

လုံခြုံရေးတင်းကျပ်

အစည်းအဝေးကျင်းပရာ ရွာဝန်းကျင်တွင် နှင်းထုကြီးမှာ ၆၀ စင်တီမီတာအထိရှိပြီး အစည်းအဝေးပြင်ပတွင် လုံခြုံရေးများ တင်းကျပ်စွာချထားသည်။ အစည်းအဝေး၏ ပြင်ပတွင် ချမ်းအေးနေသော်လည်း အစည်းအဝေးအတွင်းတွင် ခေါင်းခြောက်ရမည့် ပြဿနာများကို ဆွေးနွေးကြရမည် ဖြစ်သည်။

(အင်တာနက်)

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။
- ☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန် ထွန်းကားရေး။
- ☆ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။
- ☆ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး။
- ☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

စက်မှုစွမ်းအား ၂၀ ခေတ်ကျော်လွှား

ပညာရည်ချွန်ဆု ချီးမြှင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၂

ပုသိမ်မြို့ ဝေဠုဝန်ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဂျပန်သာသနာပြုအဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနာဂဝံသ၏ ၂၀၀၄ ခုနှစ် (၁၂)ကြိမ်မြောက် ပညာရည်ချွန်ဆုရ ရဟန်းများနှင့် ဆုရကျောင်းသား ကျောင်းသူများအတွက် ဆုချီးမြှင့်ပွဲကို နှစ်စဉ်ကျင်းပမြဲဖြစ်သော ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့) မွန်းလွဲ ၁နာရီတွင် ပုသိမ်မြို့ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ကျင်းပမည်ဖြစ်ရာ ဖုန်း–၁၄၂–၂၁၈၃၇သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က–ပ)**

ကွန်ပျူတာနှင့်လယ်ယာသုံးစက်ကိရိယာများလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၂

ကိုရီးယားသမ္မတနိုင်ငံ World Canaan Farmers' Movement မှ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသို့ ကွန်ပျူတာများ၊ လယ်ယာသုံး စက်ကိရိယာများ၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၂၆၀၀၀ နှင့် အဆောက်အအုံတစ်လုံး၊ တန်ဖိုးငွေကျပ်သိန်း ၁၅၀ လှူဒါန်းသည့် အခမ်းအနား **(အပေါ်ပုံ)**ကို ပြင်ဦးလွင်မြို့နယ် ဒိုးကွင်ကျေးရွာရှိ Myanmar Canaan Farmers' သင်တန်းကျောင်း၌ ဇန်နဝါရီ ၂၁ ရက် နံနက် ၁၀ နာရီက ပြုလုပ်ရာ WCM Movement ဥက္ကဋ္ဌ Dr. Kim Bum II နှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မှ ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးမြင့်ရွှေ၊ ပြင်ဦးလွင်ခရိုင် စိုက်ပျိုးရေးကြီးကြပ်ညှိနှိုင်းမှု ကော်မတီဝင်များ၊ ကျောင်းအုပ်ကြီးနှင့် နည်းပြများ၊ စက်ရုံမှူးများ၊ ခြံတာဝန်ခံများ တက်ရောက်ကြသည်။

မြန်မာ–ခါနန် တောင်သူလယ်သမား သင်တန်းကျောင်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံမှ NGO အဖွဲ့အစည်းဖြစ်သည့် World Canaan Farmers' Movement အဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်ခဲ့ပြီး တောင်သူလယ်သမားများအား နည်းပညာ ဖွံ့ဖြိုးရေးအတွက် သင်တန်းများ ဖွင့်လှစ်သင်ကြားလျက်ရှိရာ ၂၀၀၃–၂၀၀၄ ခုနှစ်အတွင်း သင်တန်းလေးကြိမ်၊ သင်တန်းသား ၁၃၈ ဦးတို့အား သင်ကြားပို့ချပေးနိုင်ခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



တက္ကသိုလ်ဝင်တန်း(အခြေခံပညာအထက်တန်း)အဆင့်အတွက် ရူပဗေဒဌာန ရန်ကုန်တက္ကသိုလ်က ထုတ်ဝေဖြန့်ချိလိုက်သည့် ရူပဗေဒဂျာနယ်မျက်နှာဖုံး။

(က–ပ)

ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၂၂

ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၅ရက် နံနက် ၈နာရီတွင် ပန်းဘဲတန်းမြို့နယ် သိမ်တော်ကြီးဓမ္မာရုံတွင် ကျင်းပရန်စီစဉ်ထားသည်။

ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ အသင်းဝင်မိသားစုများ၊ အသက်(၇၅)နှစ်ပြည့်ပြီးနှင့် အထက်အပူဇော်ခံများနှင့် ၂၀၀၃ခုနှစ် အခြေခံပညာ အထက်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူများသည် ဦးဘစော (နာယက)ဖုန်း–၆၈၀၇၂၃၊ ဗိုလ်မှူးဘဝင်း(ငြိမ်း) ဥက္ကဋ္ဌ ဖုန်း–၅၆၅၄၂၁၊ ဦးသိန်းဟန်(ဒုတိယဥက္ကဋ္ဌ) ဖုန်း–၅၃၇၈၅၈နှင့် ဦးစိုးသိမ်း(ဒုတိယဥက္ကဋ္ဌ) ဖုန်း–၃၇၁၉၇၉ တို့သို့ ဇန်နဝါရီ၃၁ရက်နောက်ဆုံးထား၍ ဆက်သွယ်နိုင်သည်။ **(က–ပ)**

မြန်မာနိုင်ငံခရစ်ကက်အားကစားအဖွဲ့ချုပ်ဖြစ်မြောက်ရေးကော်မတီ အကယ်ဒမီဆုရ ရုပ်ရှင်အနုပညာရှင်များအား ဂုဏ်ပြုညစာတည်ခင်း

ရန်ကုန် ဇန်နဝါရီ ၂၂

မြန်မာနိုင်ငံခရစ်ကက်အားကစားအဖွဲ့ချုပ်ဖြစ်မြောက်ရေးကော်မတီက ၂၀၀၂ ခုနှစ် ရွှေရတုမြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု)ရ ရုပ်ရှင်အနုပညာရှင်များအား ဇန်နဝါရီ ၂၀ ရက် ည ၈နာရီက ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ Panorama ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲတွင် မြန်မာနိုင်ငံခရစ်ကက်အားကစားအဖွဲ့ချုပ်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌဦးညွန့်ဝင်း(ရုပ်ရှင်သရုပ်ဆောင်ထပ်ဆင့်အကယ်ဒမီ)က ခရစ်ကက်အားကစားနည်းအကြောင်းကိုရှင်းလင်းပြောကြားသည်။**(အပေါ်ပုံ)**

ရှင်းလင်းပြောကြား

ထို့နောက် မြန်မာနိုင်ငံခရစ်ကက်အားကစားအဖွဲ့ချုပ် ဖြစ်မြောက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌဦးကျော်နိုင်နှင့် အတွင်းရေးမှူးဦးကြီးမြင့်တို့က ခရစ်ကက်အားကစားအဖွဲ့ချုပ်ဖွဲ့စည်းရေးအတွက် အားကစားဝန်ကြီးဌာနနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်ထားသည့် အခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

တည်ခင်းဧည့်ခံ

ယင်းနောက် ၂၀၀၂ခုနှစ် ရွှေရတုမြန်မာ့ရုပ်ရှင်ထူးချွန်ဆုရ ရုပ်ရှင်အနုပညာရှင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(က–ပ)**

ပြည်ထောင်စုကျောင်း(၈)မိုင်၊ မရမ်းကုန်း(ရန်ကုန်) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၂

(ယခင်)ပြည်ထောင်စုအထက်တန်းကျောင်း ကျောင်းသားဟောင်းများ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ၁၀၆လမ်း အမှတ် ၂၄–ဒီ ဆရာကြီးဦးတိုးအောင်၏ နေအိမ်၌ ကျင်းပရန်စီစဉ်ထားသည်။ ဆရာဟောင်းများနှင့် ကျောင်းသားဟောင်းများ မပျက်မကွက် ကြွရောက်ကြရန်နှင့် အလှူငွေနှင့် ပစ္စည်းများလှူဒါန်းနိုင်ရေးအတွက် ဗိုလ်မှူးကြီးဗဟိန်း(ငြိမ်း) ဖုန်း–၅၅၈၆၇၅၊ ဗိုလ်မှူးမောင်သိန်း(ငြိမ်း)ဖုန်း–၅၇၂၀၁၅၊ ဒေါက်တာဦးအေးဖေ ဖုန်း–၆၄၂၁၅၅၊ ဦးအေးဖေ ဖုန်း–၂၈၁၃၄၇၊ ဦးထွန်းမြင့် ဖုန်း–၂၄၄၃၂၇၊ ဦးဘညွန့်ဦး ဖုန်း–၆၈၄၇၆၁၊ ဦးဝင်းကြည် ဖုန်း–၅၇၃၁၉၀၊ ၂၄၁၇၂၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**



နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်နှင့်ဓာတ်ပုံပြသ

ရန်ကုန် ဇန်နဝါရီ ၂၂

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင် (ကျောက်တံတား)က ကြီးမှူး၍ ယမန်နေ့ နံနက် ၁၁နာရီက ဒဂုံမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းအမှတ်(၃)ခန်းမဆောင်တွင် နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင် ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးစိန်တိုးနှင့်ကျောင်းအုပ်ဆရာမကြီး ဒေါ်မာသာဟိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် ခရိုင်ဦးစီးအရာရှိ ဦးစိန်တိုး**(အပေါ်ပုံ)**က မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ လူငယ်နှင့် အနာဂတ်တာဝန် နည်းလှည့်စာကြည့်တိုက်အကြောင်း ကိုဟောပြောပြီးနောက် ကျောင်းအုပ် ဆရာမကြီးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ နယ်လှည့်စာကြည့်တိုက်ကို ဇန်နဝါရီ၂၃ ရက်အထိ ဖွင့်လှစ်ပြသမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

သာကေတ အထက(၁) အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၂

သာကေတမြို့နယ် အထက(၁) ကျောင်းတွင် ၁၉၅၈ခုနှစ်မှ ၂၀၀၂ခုနှစ်အထိ တာဝန်ထမ်းဆောင်ပြီး သက်ပြည့်၊ အငြိမ်းစားယူသွားကြသော ကျေးဇူးရှင် ဆရာ ဆရာမများအား ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အထက(၁)မြဝတီခန်းမတွင် ကျင်းပမည်ဖြစ်သည်။ ကျောင်းသားကျောင်းသူဟောင်းများ အလှူငွေနှင့် ပစ္စည်းများလှူဒါန်းလိုပါက ဦးမောင်ဝင်း(ဦးစီးအရာရှိ) ဖုန်း–၂၁၂၉၆၆ (၃၀၇)၊ ၂၂၆၁၈၉၊ ဦးစိုးသိန်း ဖုန်း–၇၀၇၀၃၂၊ ၃၇၉၆၆၆၊ ဒေါ်အေးသန်း ဖုန်း–၅၄၁၄၇၉နှင့် ဦးထွန်းအောင်(ပညာရေး)ဖုန်း–၅၅၉၇၉၂ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၃၀၂)**

ဇန်နဝါရီ ၁၇ ရက်က ဗဟန်း အမက(၂၁) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲ ကျင်းပရာတတိယတန်း(က)မှပထမဆုရမစုမွန်အောင်အားကျောင်းအုပ်ဆရာမကြီးဒေါ်စန်းစန်းဝင်းက ဆုချီးမြှင့်စဉ်။

(က–ပ)

23-1 (7).p65 1 3/25/05, 9:57 PM

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်-၂၀၀၄ပြပွဲ စိတ်ဝင်စားစွာလေ့လာကြသူများဖြင့်စည်ကား

ရန်ကုန် ဇန်နဝါရီ ၂၂

တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်–၂၀၀၄ပြပွဲကို ယနေ့ ဒုတိယနေ့အဖြစ် ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ MICT Park ၌ ဆက်လက်ကျင်းပရာ Internetနှင့် ITပညာရပ်ကို စိတ်ဝင်စားကြသော လူငယ်များ၊ ကျောင်းသားကျောင်းသူများ၊ ဝန်ထမ်းများနှင့် ပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

FISCA Enterpriseမှ လုံခြုံရေးနှင့် ဆက်သွယ်ရေးဆိုင်ရာ အီလက်ထရွန်နစ်ပစ္စည်းများ ထုတ်လုပ်၊ ရောင်းချ၊ တပ်ဆင်ပေးလျက်ရှိပြီး ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းဈေးအပါအဝင် မြန်မာပြည်ရှိ ဈေးကြီးများ၊ မြို့များ၊ အဆင့်မြင့်အိမ်ရာများနှင့် စက်မှုဇုန်များတွင် တယ်လီဖုန်းအိတ်ချိန်းခွဲများနှင့် တယ်လီဖုန်းများ တပ်ဆင်ပေးလျက်ရှိသည်။ ထို့ပြင် ရန်ကုန်နှင့် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဗဟိုဘဏ်နှင့် ဘဏ်များ၊ ဟိုတယ်ကြီးများ၊ ရွှေဆိုင်များတွင် CCTV လုံခြုံရေး ရုပ်မြင်တီဗွီကင်မရာနှင့် အခြားလုံခြုံရေးစနစ်များကို တပ်ဆင်ဆောင်ရွက်ပေးလျက်ရှိသည်။ အထူးသဖြင့် နိုင်ငံတော်၏ GIS Software များအသုံးပြုစရာမလိုဘဲ GIS Functionများကို အချိန်နေရာမရွေး Network ပေါ်မှ Red Lineအသုံးပြုနိုင်သည့် Geomedia Webmap ဆိုင်ရာအကြောင်းအရာများ GIS နှင့် Remote Sensing ဆိုင်ရာ နည်းပညာရပ်အသစ်များ၊ ကောင်းကင်ဓာတ်ပုံနှင့် ဂြိုဟ်တုပုံရိပ်များ၊ အသုံးချ၍ မြေပုံများရေးဆွဲထုတ်လုပ်သော Software များ၊ လက်ရှိမြန်မာနိုင်ငံတွင် အသုံးချနေပြီဖြစ်သော Vessel Tracking and Monitoring System တစ်ခုဖြစ်သည့် OMNI-Marine Ship Tracking and Monitoring System အကြောင်းတို့ကိုပြသထားပြီး အလိုရှိသောဌာနဆိုင်ရာများ၊ အဖွဲ့ချစ်မြတ်နိုးသူများ အတွက် အမြဲတမ်းအမှတ်တရ သိမ်းဆည်းထားသင့်သော စီဒီတစ်ချပ်ဖြစ်ပြီး ရှေးဟောင်းအမှတ်တရနေရာများ၏ CD Rom များလည်း ဆက်လက်ထွက်ရှိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

Mastech Co.,Ltd.မှ Information Technologies အနေဖြင့် Hp Server များ၊ PC များ၊ Notebook လက်ကိုင်ကွန်ပျူတာများ၊ Multi -Media Projector များနှင့် Zyber Brand Computer များကိုလည်းကောင်း၊ General Business Solution များအနေနှင့် စာရင်းအင်းပညာအတွက် UBS Accounting Software လုပ်ငန်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာ Software အတွက် Cohusion HRMS Software၊ Hotel၊ Club နှင့် Resort များအတွက် IFCA Sorftware Management System များကို လည်းကောင်း၊ Security Technologies လုံခြုံရေးဆိုင်ရာနည်းပညာများအနေဖြင့် Elid Access Control System များ၊ စက်ရုံ၊ နေအိမ်၊ အဆောက်အအုံများအတွက် Linda Alarm Systemများ၊ အလိုအလျောက် စောင့်ကြည့်စစ်ဆေးထောက်လှမ်းမှုစနစ် Geovision Surve llance System များကို လည်းကောင်း တင်သွင်းတပ်ဆင်ရောင်းချပေးလျက်ရှိသည့်အပြင် Electronic Security အတွက်လည်း Thales Smart Card Security နှင့် Net work & Internet Security System များ၊ ကွန်ပျူတာများ အသုံးချစောင့်ကြည့် စစ်ဆေးနိုင်သော Smart Biz Pc Monitoring System များ တပ်ဆင်ဝန်ဆောင်မှုပေးလျက်ရှိသည်။

တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်–၂၀၀၄ ပြပွဲတွင် ပြသထားသော ပြခန်းများတွင် ပြည်သူများ စည်ကားစွာ လေ့လာကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

ပံ့ပိုးကူညီမှုဖြင့် PABXအိတ်ချိန်းနှင့် PCB ကတ်များကို ပြည်တွင်းတွင်စတင် ထုတ်လုပ်နေပြီဖြစ်ရာ နောင်တွင် ပြည်ပမှ တင်သွင်းရန်မလိုတော့ဘဲ ပြည်တွင်းတွင် လုံလောက်စွာရရှိနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ရောင်းချပေးလျက်ရှိ

Han Myanmar Electronics မှ Welcome MICT Week-2004 Sales Promotion ပြုလုပ်၍ Panasonic ရုပ်သံပစ္စည်းများဖြစ်သော Digital Video Camera ၊ Digital Still Camera၊ DVD Home Theatre Sound System၊ DVD Player၊ DVD System၊ VCD Mini System နှင့် Panasonic Flat TV များကို လက်ဆောင်ပစ္စည်းများနှင့်အတူ ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိသည်။

Myanmar Intergraphပြခန်းတွင် Webနည်းပညာကို အခြေခံ၍ အစည်းများဆက်သွယ်နိုင်ကြောင်းသိရသည်။

မကြာမီဖြန့်ချိမည်

Computer Marketing Co., Ltd. ကို MICT Park ရှိအဆောင် ၅(မြေညီထပ်)တွင် အမြဲတမ်း ဖွင့်လှစ်ထားပြီး ယင်းကုမ္ပဏီ၏ Myanmar Compu Mart မှနောက်ဆုံးပေါ် SLIM Computer System များနှင့်ဆက်စပ်ပစ္စည်းများကိုရောင်းချပေးလျက်ရှိသည့်အပြင် Cytron Computing နှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ရေးသားထုတ်လုပ်သော မကြာမီဖြန့်ချိတော့မည့် Bagan @ a Glance Multimedia CD Rom ကို မိတ်ဆက်ပြသထားသည်။ အဆိုပါ CD Rom တွင် ပုဂံရှေးဟောင်း စေတီပုထိုးအဆူ ၅၀ကျော်၏ နောက်ခံသမိုင်း၊ ဓာတ်ပုံများ၊ တည်နေရာမြေပုံများဖြင့် ဝေဝေဆာဆာဖော်ပြထားရာ ပုဂံကို

MICT Park ဝင်းအတွင်းတွင် စာအုပ်ဆိုင်ကြီးများမှ ပြပွဲလာ ပြည်သူများအား သုတ၊ ရသစာအုပ်မျိုးစုံကိုရောင်းချပေးလျက်ရှိသည်။

တတိယအကြိမ်မြောက် MICT Week-2004ကို ဇန်နဝါရီ ၂၇ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅ နာရီအတွင်း အများပြည်သူများအား အခမဲ့ ဖွင့်လှစ်ပြသလျက်ရှိရာ ပြပွဲလာ ပြည်သူများ သွားလာမှုလွယ်ကူစေရန် အင်းစိန်လမ်းနှင့် ပါရမီလမ်းဆုံ၌ လည်းကောင်း၊ ပြည်လမ်းနှင့်ပါရမီ လမ်းဆုံ၌ လည်းကောင်း လွန်းပြန်ယာဉ်များ အခမဲ့ပြေးဆွဲပေးလျက်ရှိသည်။

(သတင်းစဉ်)

တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်–၂၀၀၄ ဒုတိယနေ့တွင် Myanmar Language Implentation အလုပ်ရုံဆွေးနွေးပွဲ၌ e-National Task Force, IT Standardization Steering Committee ဥက္ကဋ္ဌ ဦးသိန်းဦးက ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

မြန်မာ့သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာရက်သတ္တပတ်ပြပွဲ နည်းပညာဆိုင်ရာဆွေးနွေးပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၂

တတိယအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်–၂၀၀၄ ဒုတိယနေ့တွင် ဆွေးနွေးပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများကို ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ လှိုင်တက္ကသိုလ်နယ်မြေ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ၌ ကျင်းပရာ ယနေ့နံနက် ၉ နာရီတွင် Conference Hall ၌ PKI Application အလုပ်ရုံ ဆွေးနွေးပွဲကိုကျင်းပပြီး Myanmar Electronic Trust (MET) မှ တာဝန်ခံမန်နေဂျာ ဦးထင်ဇော်က Secure e-Commerce အကြောင်းကို ရှင်းလင်းဆွေးနွေးရာတွင် Certification Authority ကို မရှိမဖြစ် လိုအပ်ကြောင်း၊ အထူးသဖြင့် မြန်မာနိုင်ငံတွင် e-Commerce အရှိန်အဟုန်ဆက်လက်တိုးတက်လာသည်နှင့်အမျှ လက်တွေ့ On Lineအသုံးချရာတွင် နှစ်ဖက်သော ဆက်သွယ်သူများအကြား ယုံကြည်စိတ်ချမှု (Trust)ကို သဘောပေါက်ကာ အသုံးချရန်လိုအပ်ကြောင်းနှင့် ကြားခံ Authorizeလုပ်ပေးရမည့် အဖွဲ့အစည်းတစ်ရပ် လိုအပ်ကြောင်း၊ MET အနေဖြင့် နိုင်ငံတကာအဆင့်မီ National Certification Authority တစ်ခုကို စတင်တည်ထောင်ကာ အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍကိုပါ ဝန်ဆောင်ပေးနိုင်သည့်လုပ်ငန်းများအား ရှင်းလင်းတင်ပြရာ ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက ပါဝင်ဆွေးနွေးကြသည်။

အလားတူ Role of Women in ICT Industryအလုပ်ရုံဆွေးနွေးပွဲကို နံနက် ၉နာရီတွင် အခန်းအမှတ် (၂၀၅)၌ ကျင်းပရာ Women & IT အကြောင်းကို မြန်မာနိုင်ငံကွန်ပျူတာအဖွဲ့ချုပ်မှ အမှုဆောင်အဖွဲ့ဝင်နှင့် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အကြံပေး ဒေါ်ဝါဝါထွန်းက လည်းကောင်း၊ Women's Informationအကြောင်းကို မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အမှုဆောင်အဖွဲ့ဝင်နှင့် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းအဖွဲ့ဝင် ဒေါ်ခင်အေးဝင်းက လည်းကောင်း၊ 3rd Myanmar ICT Week Exhibition အကြောင်းကို မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းအမှုဆောင်အဖွဲ့ဝင်နှင့် မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းအမှုဆောင် အဖွဲ့ဝင်ဒေါ်ချောခင်ခင်ကလည်းကောင်းရှင်းလင်း ဆွေးနွေးကြသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် Hardware Trend For Software Developers အကြောင်းဆွေးနွေးပွဲကို မွန်းလွဲ၁နာရီတွင် Conference Hall ၌ကျင်းပရာ Intel Thailandမှ Channel Account Manager Mr.Decha Rattanatharnက Intel၏ ပြောင်းလဲနေသော ITနည်းပညာအသစ်အဆန်းများအကြောင်းကို လည်းကောင်း၊ Microsoft Thailandမှ မန်နေဂျင်းဒါရိုက်တာ Mr. Andrew Mc Beanက Microsoft ၏ Products များအကြောင်းကိုလည်း ရှင်းလင်းဆွေးနွေးကြသည်။

ဆွေးနွေးပွဲ

အလားတူ Myanmar Language Implentationအလုပ်ရုံဆွေးနွေးပွဲကို မွန်းလွဲ ၁ နာရီတွင် အခန်းအမှတ် ၂၀၅၌ကျင်းပရာ e-National Task Force, IT Standardization Steering Committeeဥက္ကဋ္ဌ ဦးသိန်းဦး၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာကျော်သိန်း၊ မြန်မာစာအဖွဲ့မှ ဆရာကြီးဦးထွန်းတင်၊ ဦးမြင့်ကြည်နှင့် စိတ်ပါဝင်စားသူ စုစုပေါင်း ၄၀ ခန့် တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် e-National Task Force, IT Standardization Steering Committee မှ Myanmar Charter Standardization နှင့် ပတ်သက်သော Myanmar Charter Set ကိုISO 10646 ဖြင့် သတ်မှတ်ပြီးဖြစ်၍ ကွန်ပျူတာသုံး မြန်မာစာစနစ်အကောင်အထည်ဖော်ခြင်းကို ကဏ္ဍ (Phase)ငါးခုဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာစာဘာသာရပ်ဆိုင်ရာကိစ္စများကို မြန်မာစာအဖွဲ့အနေဖြင့် ပါဝင်ပူးပေါင်း ဆောင်ရွက်ပေးရန် မေတ္တာရပ်ခံပါကြောင်းဖြင့် ဥက္ကဋ္ဌ ဦးသိန်းဦးက ရှင်းလင်းပြီး စိတ်ပါဝင်စားသူပညာရှင်များက မိမိတို့လည်းကြိုးပမ်းနေကြောင်း Myanmar Language Forum ကို ပြုလုပ်၍ ကိုယ်ပိုင်ကြိုးပမ်းချက်များအား ဖိတ်ခေါ်လိုကြောင်းဖြင့် ဆွေးနွေးကြပြီး မြန်မာစာအဖွဲ့မှ တာဝန်ရှိသူများကလည်း ဘာသာရပ်ဆိုင်ရာ အချက်အလက်များကို ဆွေးနွေးကာ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

တက်ရောက်

အဆိုပါ ဆွေးနွေးပွဲများနှင့် အလုပ်ရုံ ဆွေးနွေးပွဲများသို့ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌ ဦးသိန်းဦးနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဥက္ကဋ္ဌ ဦးသောင်းတင်နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် မြန်မာနိုင်ငံကွန်ပျူတာဝါသနာရှင်အသင်းတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း ဥက္ကဋ္ဌ ဒေါ်ခင်မြင့်မြင့်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကုမ္ပဏီများနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုး တိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅) အဖွဲ့ ဥက္ကဋ္ဌ ဦးမထုနော်နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိ ဗိမာန်ခန်းမ၌ တွေ့ဆုံ နှုတ်ဆက်စဉ်။ (သတင်းစဉ်)

❒ နိုင်ငံတော်မှ

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ခင်မောင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် တပ်မတော်ထောက်လှမ်းရေးဌာနချုပ်ရုံးမှ အရာရှိကြီးများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲတွင် တိုင်းရင်းသားခေါင်းဆောင်များက မိမိတို့အဖွဲ့အနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်၏ နိုင်ငံတော်၏ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်ကို ကြိုဆိုထောက်ခံပါကြောင်းနှင့် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များ အောင်အောင်မြင်မြင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြကြသည်။

တင်ပြဆွေးနွေး

ဆက်လက်၍ တိုင်းရင်းသားခေါင်းဆောင်များက မူးယစ်ဆေးဝါးပပျောက်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လမ်းတံတားလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများကို နိုင်ငံတော်က ကူညီပံ့ပိုးပေးရေးတင်ပြဆွေးနွေးကြသည်။ **(သတင်းစဉ်)**

✡ မြန်မာနိုင်ငံမှ

ပြပွဲနှင့်အတူ Software လုပ်ငန်းတိုးတက်ရေးခေါင်းစဉ်ဖြင့် နှီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများကျင်းပပေးလျက်ရှိရာ ခေတ်မီဆန်းသစ်သော နည်းပညာ ကမ္ဘာသစ်နယ်ပယ်သစ်သို့ ရောက်ရှိသွားသည့်အလား ခံစားရသည်။

ဤပြပွဲကြီးသည် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများ၊ ပြည်သူများအကြား ပိုမိုပြန့်ပွားပြီး အသိပညာများ ပိုမိုတိုးတက်လာစေသောပြပွဲကြီးဖြစ်သည်။ ဤပြပွဲကြီးသည် မြန်မာနိုင်ငံ၏ နည်းပညာဖွံ့ဖြိုးတိုးတက်မှုကို မျက်ဝါးထင်ထင် သက်သေထင်ရှားပြသလိုက်သော ပြပွဲကြီးဖြစ်သည်။

နည်းပညာဖွံ့ဖြိုးရေး

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ပေါ်ရေး ကြိုးပမ်းရာတွင် နည်းပညာဖွံ့ဖြိုးရေးသည် အဓိကကျသောအခန်းက ပါဝင်သည်။ အထူးသဖြင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးရေးသည် ပို၍အရေးပါသည်။ ကမ္ဘာနှင့်အဝန်း တိုးတက်ပြောင်းလဲလာသော နည်းပညာများကို အမီလိုက်နိုင်ရေးနှင့် နောက်ကျမကျန်ရစ်စေရေး အချိန်နှင့်အမျှ လေ့လာသင်ယူကြိုးပမ်းနေရန်လိုသည်။ ယနေ့ခေတ်သစ် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးနယ်ပယ်များတွင် အင်တာနက်သည် မရှိမဖြစ်အရေးပါလာသည်။ သာမန်လုပ်ကိုင်ဆောင်ရွက်နေရုံဖြင့် မလုံလောက်နိုင်။ နည်းပညာနယ်ပယ်၏ ကျယ်ဝန်းနက်ရှိုင်းထိရောက်မှုကို လက်တွေ့အသုံးချနိုင်ပါမှ ခေတ်မီနိုင်ငံတော်ကို တည်ဆောက်နိုင်မည်။

အင်တာနက်သုံးစွဲသူ

ယခုအခါ မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရ၏အားပေးကူညီမှု၊ Bagan Teleport၏ထောက်ပံ့မှုများကြောင့် အင်တာနက်သုံးစွဲလာသူ တစ်နေ့တခြားများပြားလာသည်။

များပြားလာသော အင်တာနက်သုံးစွဲမှုနှင့်အညီ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးမှာလည်း လိုအပ်လာသည်။ ယင်းလိုအပ်ချက်ကို နိုင်ငံတော်နှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များက ဖြည့်ဆည်းပေးလျက်ရှိရာ Advanced Technologies & Solutions က ဖွင့်လှစ်ထားသော Myanmar World Wide Web Institute (M3WI) သင်တန်းလည်းတစ်ခုအပါအဝင်ဖြစ်သည်။

အထူးပြုကျောင်း

Advanced Technologies & Solutions မှ အမှုဆောင်အရာရှိချုပ် ဒေါ်မေဇင်အေးသည် ပြည်ပတွင် ခြောက်နှစ်ကျော်မျှ ကွန်ပျူတာနည်းပညာရပ်များကို ဆည်းပူးလေ့လာခဲ့ပြီး မိမိတိုင်းပြည်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်ကူညီရန်ရည်ရွယ်ကာ အင်တာနက်နှင့် ဝက်ဘ်နည်းပညာအထူးပြုသင်တန်းကျောင်း (Myanmar Wold Wide Web Institute) ကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

"လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာပြီး Web Development**မှ ဝင်ငွေများ ရရှိကာ တိုင်းပြည်အကျိုးပြုနိုင်မှာ ဖြစ်ပါတယ်။"**
ဒေါ်မေဇင်အေး (အမှုဆောင်အရာရှိချုပ်၊ Advanced Technologies Solutions)
ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

M3WI တွင် ဒေါ်မေဇင်အေး အပါအဝင် သင်တန်းမှူးဖြစ်သော Ms. Emmy Saitoနှင့်အတူ နိုင်ငံတကာအတွေ့အကြုံရှိဆရာဆရာမများက 3WI (ဂျီနီဗာ) သင်ရိုးညွှန်းတမ်းများကို အခြေခံမှစ၍ မည်သူမဆိုလေ့လာသင်ယူနိုင်ရန် စီစဉ်သင်ကြားပေးလျက်ရှိသည်။

သင်တန်းနှင့်ပတ်သက်၍ သိလိုသည်များကိုတွေ့ဆုံမေးမြန်းရာ ဒေါ်မေဇင်အေးက "ကျွန်မတို့အနေနဲ့ လူ့စွမ်းအား အရင်းမြစ်တွေကို နည်းပညာပိုင်းမှာ ဖွံ့ဖြိုးတိုးတက်စေချင်ပါတယ်။ ဒီနေရာမှာ သုံးစွဲမှုအပိုင်းနဲ့ ကိုယ်တိုင် တီထွင်ဖန်တီးမှုအပိုင်းဆိုပြီး နှစ်ပိုင်းရှိပါတယ်။ ဒါကြောင့် တီထွင်ဖန်တီးမှုအပိုင်းမှာ နည်းပညာရပ်များ ကို ပံ့ပိုးပေးသွားဖို့ ကျွန်မတို့ရည်ရွယ်ပါတယ်။ ဒါကြောင့် နည်းပညာပိုင်းမှာ ရှေ့တန်းရောက်နေတဲ့ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့မှာရှိတဲ့ World °Wide Web Institute (3WI)နှင့်ပူးပေါင်းပြီး ဒီသင်တန်းကိုဖွင့်လှစ်တာပါ။ 3WI ကကျောင်းခွဲတွေကို ဂျာမနီ၊ ဆွစ်ဇာလန်၊ အင်္ဂလန်၊ တရုတ်၊ ကနေဒါ၊ အမေရိကန်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှား၊သြစတြေးလျစတဲ့ နိုင်ငံတွေမှာဖွင့်လှစ်ထားပြီး ယခုမှမြန်မာနိုင်ငံမှာ စတင်ဖွင့်လှစ်လိုက်တာဖြစ်ပါတယ်။

လုပ်ငန်းခွင်ဝင်နိုင်

အင်တာနက်နဲ့ ဝက်ဘ်ဆိုတာ ခွဲခြားလို့မရနိုင်တဲ့အရာတွေပါ။ ဒါကြောင့် ဒီနည်းပညာကို အခြေခံမှစပြီး လုပ်ငန်းခွင်ဝင်နိုင်တဲ့အထိ အဆင့်ဆင့် သင်ကြားပေးသွားမှာ ဖြစ်ပါတယ်။

ယခင်က ဒီလိုစုစည်းသင်ကြားပေးတဲ့ သင်တန်းမျိုးမရှိလို့ သင်ယူချင်သူက မိမိဘာသာစာအုပ်စာတမ်းဖတ်ပြီး လေ့လာသင်ယူရတဲ့အတွက် ကြိုးစားသလောက် ခရီးမရောက်ခဲ့ပါဘူး။ အခုတော့ စနစ်တကျသင်ကြားပေးတဲ့ သင်တန်း မျိုးတွေရှိနေပြီဖြစ်လို့ အခြေခံကစပြီးအဆင့်မြင့်အထိ သင်ယူနိုင်ကြပြီဖြစ်ပါတယ်။

အင်တာနက်ကို အခြေခံပြီးမှ လေ့လာလိုသူများအတွက် Internet Primer သင်တန်းကစပြီး ဒီနေ့ကမ္ဘာမှာ အခေတ်အစားဆုံးဖြစ်တဲ့ Certified Web Master သင်တန်းအထိလေ့လာသင်ယူနိုင်ပါပြီ။ အင်တာနက်နဲ့ဆက်နွှယ်နေတဲ့ သင်တန်းတစ်ခုကတော့ Certified Java master သင်တန်းပဲဖြစ်ပါတယ်။ ဒီသင်တန်းမှာလည်း အဆင့်သုံးဆင့် ခွဲခြားထားပါတယ်။

Java Programmer,Java Developer နဲ့ Java Master ဆိုပြီး အဆင့်ဆင့်တက်ရောက်နိုင်ပါတယ်။ ယနေ့ အသုံးပြုနေကြတဲ့ ဆဲလ်ဖုန်း၊ ပေဂျာ (Pager)၊ ဗီဒီယိုဂိမ်း၊ ecommerce Programme ဝက်ဘ်ဆိုက်၊ မော်တော်ကား၊ တယ်လီဗီးရှင်းထုတ်လွှင့်မှု နည်းပညာတွေနဲ့ ဂြိုဟ်တုဆက်သွယ်ရေး နည်းစနစ်တွေမှာ Java နည်းပညာ ကျယ်ပြန့်စွာ အသုံးပြုနေပါပြီ။ ဒါကြောင့် ဒီနည်းပညာရပ်ကို Master Level သင်ကြားနိုင်တဲ့သင်တန်းမျိုး စီစဉ်ဖွင့်လှစ် ထားခြင်းဖြစ်ပါတယ်။

နိုင်ငံတကာအသိအမှတ်ပြု Certificate ကို ပြည်တွင်းမှာပဲအချိန်ကုန်၊ ငွေကုန်ကြေးကျသက်သာစွာနဲ့ စာတွေ့ရောလက်တွေ့ပါ သင်ယူနိုင်ပြီး အသက်မွေးဝမ်းကျောင်းလုပ်ငန်းခွင်ဝင်နိုင်တဲ့အထိ သင်ကြားပေးပါတယ်။

ဒီသင်တန်းကို ရန်ကုန် MICT Park အတွင်းမှာသာမက မြန်မာနိုင်ငံအရပ်ရပ်မှာပါ တိုးချဲ့ဖွင့်လှစ်သွားဖို့ ရည်ရွယ်ထားပါတယ်။ ဒါမှလူ့စွမ်းအားအရင်းအမြစ်များတိုးပွားလာပြီး Web Development များမှ Software Earning ဝင်ငွေများများရရှိကာ တိုင်းပြည်ကို အကျိုးပြုနိုင်မှာဖြစ်ပါတယ်" ဟူ၍ မြန်မာ့အလင်းသို့ ရှင်းပြခဲ့ပေသည်။ ။ **(မြန်မာ့အလင်း)**

စီးပွားကူးသန်း ရှေ့သို့လှမ်း

မြန်မာ့ရုပ်မြင်သံကြား

၂၃-၁-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၅။	လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈:၀၀	၆။	ကြေးမုံရိပ်သွင်တေးနုယဉ်
၈:၁၀	၇။	အတီးပြိုင်ပွဲ
၈:၂၀	၈။	လဂွမ်းပြင်ရေလှောင်တမံ
၈:၃၀	၉။	International News
၈:၄၅	၁၀။	English for Everyday Use

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Demonstration Exercises for Correct Pronunciation
၁၆:၄၀	၄။	တေးဂီတအစီအစဉ်
၁၆:၅၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒအထူးပြုများ) [သင်္ချာ]
၁၇:၀၅	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၂၀	၇။	ကျောက်ကြီးပေါက်တံတား
၁၇:၃၀	၈။	တေးဂီတအစီအစဉ်
၁၇:၄၅	၉။	နည်းစနစ်မှန်မှန်အားကစား အခြေခံ
၁၇:၅၅	၁၀။	နှောင်းခေတ်တေးပဒေသာ
၁၈:၀၅	၁၁။	ယွန်းထည်ထွက်ရာ ကျောက္ကာရွာ
၁၈:၁၅	၁၂။	Discovery.
၁၈:၃၀	၁၃။	ညနေခင်းသတင်း
၁၉:၀၀	၁၄။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၅။	Milo Success in Soccer
၁၉:၁၀	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးမြေဆုံးစေတော့ကွယ်"** (အပိုင်း-၈)
၁၈:၄၀	၁၇။	(၅၉)နှစ်မြောက် တပ်မတော်နေ့ ကဗျာပြိုင်ပွဲအကြောင်း သိကောင်းစရာ (အပိုင်း-၁)
၂၀:၀၀	၁၈။	ပြည်တွင်းသတင်း
	၁၉။	နိုင်ငံတကာသတင်းများ
	၂၀။	မိုးလေဝသအခြေအနေ
	၂၁။	မြန်မာဗီဒီယိုဇာတ်လမ်း **"ဂန္ထဝင်ရင်ခွင်"** (အပိုင်း-၁) (ဒွေး၊ သားညီ၊ စိုးမြတ်သူဇာ) (ဒါရိုက်တာ-မောင်ပြည့်ဝ ပန်းဝေသီ)

မြန်မာနိုင်ငံပြန်တမ်း

ရန်ကုန် ဇန်နဝါရီ ၂၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ဗန်းမော်ဒီဂရီကောလိပ်ကျောင်းအုပ်ကြီးအဖြစ် ယင်းဒီဂရီကောလိပ် ဒုတိယကျောင်းအုပ်ကြီး ဦးခင်မောင်တင်အား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဦးဝင်းအောင် ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသော မစ္စတာဘန်ကီမွန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

သစ်တောဦးစီးဌာနပြည်နယ်နှင့်တိုင်းလုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဇန်နဝါရီ ၂၂

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန ပြည်နယ်နှင့်တိုင်းလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ဘုရင့်နောင်လမ်းမကြို့ကုန်း သစ်တော ဦးစီးဌာနရုံးချုပ်ဝင်း တော်ဝင်ခန်းမ၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန၊ သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ သစ်တောတက္ကသိုလ်ပါမောက္ခချုပ် အကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများတက်ရောက်ကြသည်။

ဆွေးနွေးမှာကြား

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက သစ်တောမူဝါဒနှင့်အညီ လုပ်ဆောင်ကြရန်နှင့် ကျွန်းအထူးစိုက်ခင်း အခြားသစ်တောစိုက်ခင်းမျိုးစုံ တည်ထောင်ခြင်း များအောင်မြင်ရေး၊ စနစ်တကျ စာရင်းဇယားပြုစုထိန်းသိမ်းစောင့်ရှောက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအထောက်အကူပြုအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများ ထူထောင်ရေး၊ ရွှေ့ပြောင်းတောင်ယာနှင့် တရားမဝင်သစ်ထုတ်လုပ်မှုများ လျော့နည်းပပျောက်ရေး၊ သစ်တောသုတေသနလုပ်ငန်း တိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီ ၂၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



Future Publishing House **အမှတ် ၅၂(က) မြေညီထပ် ၁၂ လမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၄၄၃၁ က ထုတ်ဝေဖြန့်ချိသော လူထုစိန်ဝင်း၏ အလင်းတန်းဆောင်ပါးများ စာအုပ်မျက်နှာဖုံး။ (က-ပ)**

တရားစခန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၂

အနာဂါမ် ဆရာသက်ကြီး ဝိပဿနာ အဖွဲ့ချုပ် နာယကနှင့် ကမ္မဋ္ဌာနာစရိယ ဆရာကြီးဦးသန်း (မဟာသဒ္ဓမ္မဇောတိကဓဇ) ဦးစီး၍ လက်ထောက် ကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင်ဇေယျာနန္ဒ (ပုဂံ)၊ ဆရာ ဦးသန်းထွန်း(ကျိုက်လတ်)၊ ဆရာမ ဒေါ်နုနုရည် (တာမွေ)တို့က ကယားပြည်နယ် ရွှေလက်ဝါးတောင် ဘုရားရင်ပြင်တော်ရှိ ဓမ္မဗိမာန်တွင် ဇန်နဝါရီ ၂၆ရက် ညနေမှ ဖေဖော်ဝါရီ ၅ ရက်အထိ ၁၀ရက်တရားစခန်းဖွင့်လှစ်မည်ဟုသိရသည်။

(ကာ-ပ)

သားငါးဖွံ့ဖြိုး ပြည်အကျိုး

သတင်းအချက်အလက် နည်းပညာသမိုင်းကြောင်း လေ့လာသုံးသပ်ချက်

(ယမန်နေ့ကအဆက်)

နိုင်ငံတကာဆက်သွယ်ရေး

နည်းပညာ ကူးပြောင်းရောက်ရှိရေးနှင့် လုပ်ငန်းအမြင်ချင်းဖလှယ်နိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ရန် ရည်မှန်း၍ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်သည် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ကြိုးပမ်းလုပ်ဆောင်ခဲ့ပါသည်။

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်သည် CICC (Center of International Cooperation for Computerization) Japan နှင့်ပူးပေါင်း၍ ဂျပန်နိုင်ငံသို့ ပညာတော်သင်များစေလွှတ်ခြင်း၊Information Techno logy တိုးတက်ဖွံ့ဖြိုးမှုကို ဂျပန်နိုင်ငံသို့သွားရောက်လေ့လာခြင်း၊ ကွန်ပျူတာများ ပံ့ပိုးခြင်း၊ International Technology ဆိုင်ရာ International Conference များ ကျင်းပခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်သည် Asian Oceanian Computer Industry Organization (ASOCIO)၏ Associate Member အဖြစ် နှစ်ပတ်လည်နှီးနှောဖလှယ်ပွဲများတွင် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များ စေလွှတ်ခြင်းဖြင့် အာရှတိုက် တိုင်းပြည်များရှိ ကွန်ပျူတာလုပ်ငန်းရှင်များအတွင်း ပူးပေါင်းဆောင်ရွက်မှု ကောင်းမွန်တိုးတက်လာစေရန် ဆောင်ရွက်လျက်ရှိပြီး ASOCIO Office Meetingကိုလည်း မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် ကျင်းပခဲ့ပါသည်။

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်သည် အိန္ဒိယနိုင်ငံမှ Confederation of India Industry (CII)၊ မလေးရှားနိုင်ငံ ကွန်ပျူတာပညာရပ်ဆိုင်ရာ ဖလှယ်ခြင်းနှင့်ကွန်ပျူတာလုပ်ငန်းများအကြား ဆက်သွယ်ပေးခြင်းတို့ကိုပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်သည် Association for Oversea Technical Scholarship (AOTS) Japan နှင့်ပူးပေါင်း၍ Information Technology ဖွံ့ဖြိုးတိုးတက်မှုအတွက် ဂျပန်နိုင်ငံသို့ ပညာတော်သင်များ စေလွှတ်ခြင်း၊ e-Learning Center တွင် သင်တန်းများပို့ချခြင်း၊ Japan နိုင်ငံသို့ On-Job Training (OJT) ပို့လွှတ်ခြင်း၊ ဂျပန်နိုင်ငံသို့သွားရောက် လေ့လာခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်သည် Japan Information Technology Engineer Certification Examination Center နှင့်ပူးပေါင်း၍ JITEC စာမေးပွဲများကို ဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်သည် Myanmar Economic & Management Institute (MEMI)နှင့် IT ပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်၍ နိုင်ငံခြားမှပညာရှင်များဖြင့် သင်တန်းများ ပို့ချခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

IT ပညာရေးနှင့် HRD

မြန်မာနိုင်ငံတွင် ကွန်ပျူတာပညာသင်ကြားမှုကို ၁၉၇၁ ခုနှစ် တက္ကသိုလ်များ သင်္ချာတွက်စက်ဌာန၊ Universities Computer Center (UCC)တွင် ICL 1902 S Mainframe ကို တပ်ဆင်ကာစတင်ခဲ့ပါသည်။ တက္ကသိုလ် မဟာကျမ်းပြုလုပ်ငန်းများ၊ အစိုးရရုံးအဖွဲ့လုပ်ငန်းများတွင် အသုံးချနိုင်ရန် ရည်ရွယ်ခဲ့ပါသည်။ ၁၉၇၃ ခုနှစ်တွင် M.Sc. (Computer Science) နှင့် ဘွဲ့လွန်ဒီပလိုမာဖြစ်သော D.A.C (Diploma in Automatic Computing) ယခု D.C.Sc (Diploma in Computer Science)ကို စတင်သင်ကြားပေးခဲ့ပါသည်။

၁၉၈၄ခုနှစ်ပိုင်းတွင် အလတ်စားဖြစ်သော PDP 11/70 Digital မီနီကွန်ပျူတာကို UCC ၌ တပ်ဆင်အသုံးပြုခဲ့ပြီး ၁၉၈၅ ခုနှစ် နောက်ပိုင်းတွင် PC(Personal Computer) အငယ်စားများကို တပ်ဆင်အသုံးပြုလာခဲ့ပါသည်။ ၁၉၈၆ခုနှစ်တွင် ဘွဲ့လွန်ဒီပလိုမာ သင်တန်းများဖြစ်သော B.Sc (CS) ကွန်ပျူတာနည်းပညာသင်တန်းများကို စတင်ခဲ့ပြီး UCC ကိုလည်း ၁၉၈၈ ခုနှစ်မတ်လ ၂၉ ရက်နေ့တွင် ကွန်ပျူတာတက္ကသိုလ်အဆင့်သို့ တိုးမြှင့်ဖွဲ့စည်းပေးခဲ့ပါသည်။

နှစ်စဉ် M.Sc (CS) မဟာသိပ္ပံသင်တန်းသို့ ၁၅ ဦး၊ D.A.C ဘွဲ့လွန်ဒီပလိုမာသင်တန်းသို့ ၂၀ ဦးစီကိုသာ ဝင်ခွင့်ပြုခဲ့ပါသည်။ ၁၉၇၃ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ M.Sc (CS)ဘွဲ့ရသူ ၁၆၃ဦးရှိခဲ့ပြီး၊ နောက်ပိုင်း တိုးချဲ့ဖွင့်လှစ်ခဲ့သော မဟာတန်းများဖြစ်သည့် M.I.Sc (Information Science), M.C.Sc (Computer Science), M.C.Tech (Computer Technology) တို့ကို ဖွင့်လှစ်ခဲ့ပါသည်။ ၁၉၇၃ခုနှစ်မှ ၁၉၉၁ခုနှစ်အထိ D.A.C. ဒီပလိုမာရသူ ၃၂၉ဦးရှိခဲ့ပြီး ပြောင်းလဲ ခေါ်ဝေါ်ခဲ့သည့် D.C.Sc ဒီပလိုမာ သင်တန်းကို ၁၉၉၃ ခုနှစ်မှစ၍ ဖွင့်လှစ်ခဲ့ပါသည်။

ပြင်ပပုဂ္ဂလိက ကုမ္ပဏီများအနေဖြင့် လုပ်ငန်းခွင်ဝင်ရောက်မှု အထောက်အကူ အဖြစ် အချိန်တိုသင်တန်းများကိုသာ ဆောင်ရွက်ပေးနိုင်ပြီး အဆင့်မြင့် ကွန်ပျူတာပညာရပ်များအတွက် ကွန်ပျူတာတက္ကသိုလ်ကသာ Focal Point အဖြစ် ရပ်တည်နေနိုင်ဆဲ ဖြစ်ပါသည်။ ၁၉၉၇ခုနှစ် ဇန်နဝါရီလ ၁ရက်နေ့မှစ၍ ကွန်ပျူတာတက္ကသိုလ်ကိုပညာရေးဝန်ကြီးဌာန လက်အောက်မှ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန လက်အောက်သို့ ပြောင်းရွှေ့ရောက်ရှိခဲ့ရာ ကွန်ပျူတာပညာသင်ကြားခွင့်ကို ပို၍ကျယ်ပြန့်စွာ ဆောင်ရွက်ရန် လမ်းညွှန်ခဲ့ပါသည်။

နှစ်စဉ် ကွန်ပျူတာတက္ကသိုလ်ဝင်ခွင့်ဦးရေမှာ ၉၀ခန့်သာရှိခဲ့ရာ ၁၉၉၇-၉၈မှစ၍ တစ်နှစ်လျှင်၂၀၀ခန့် လက်ခံနေပြီဖြစ်ပါသည်။ ထို့အပြင် အထက်မြန်မာနိုင်ငံမှလူငယ်များ သင်ကြားခွင့်ရရှိစေရန်အတွက် မန္တလေး ကွန်ပျူတာတက္ကသိုလ်ကို ၁၉၉၇ခုနှစ် စက်တင်ဘာလ ၁၈ရက်နေ့တွင် အသစ်ဖွင့်လှစ်ခဲ့ပြီး ပထမနှစ်ကျောင်းသားများအား လက်ခံ သင်ကြားပေးနေပြီဖြစ်ရာ နောင်ပညာသင်နှစ်များတွင် မန္တလေးကွန်ပျူတာတက္ကသိုလ်၌လည်း ၂၀၀ဦးစီ ဝင်ခွင့်ပေးရန် လျာထားပြီးဖြစ်ပါသည်။

ကွန်ပျူတာတက္ကသိုလ်များအနေဖြင့်လည်း ဘွဲ့ကြိုဒီပလိုမာသင်တန်းများ ဖြစ်သော ဘွဲ့ကြိုကွန်ပျူတာ စက်ပြုပြင်ထိန်းသိမ်းရေး ဒီပလိုမာ Dip. CM. (Diploma in Computer Maintenance)နှင့် ဘွဲ့ကြိုကွန်ပျူတာ အသုံးချဒီပလိုမာ Dip.CS.(Diploma in Computer Studies) တို့ကို ဖွင့်လှစ်သင်ကြားလျက် ရှိပါသည်။

မြန်မာနိုင်ငံတွင် ကွန်ပျူတာပညာရေးနှင့်ပတ်သက်၍ ကွန်ပျူတာတက္ကသိုလ်နှစ်ခု၊ကွန်ပျူတာကောလိပ် ၂၄ခုတို့မှာ ပုံမှန်ပညာရေးအစီအစဉ်များနှင့် သင်ကြားပေးနေသည်။ ဘွဲ့သင်တန်း သုံးနှစ်၊မဟာဘွဲ့သင်တန်းနှင့်ပါရဂူသင်တန်းများ ဖွင့်လှစ်ထားသည်။ ရန်ကုန်မှအပ နယ်အသီးသီးတွင် အစိုးရကွန်ပျူတာအောင်လက်မှတ် (GCCE)သင်တန်းများလည်း ဖွင့်လှစ်ထားသည်။ အခြေခံပညာအထက်တန်းအောင်မြင်သူများအနက် ကွန်ပျူတာတက္ကသိုလ်သို့ တိုက်ရိုက်ဝင်ခွင့်မရသောသူများကို သတ်မှတ်ချက်အလိုက် တက်ရောက်သင်ကြားခွင့်ပြုထားသည်။

ရန်ကုန်တက္ကသိုလ်တွင် ဖွင့်လှစ်ထားသော ပါရဂူဘွဲ့သင်တန်းများတွင် နိုင်ငံတကာမှ ပါမောက္ခများက အဝေးမှသင်ကြားပို့ချခြင်းကို ဂြိုဟ်တုဆက်သွယ်ရေးစနစ်ဖြင့် သင်ကြားပေးပြီး မရှင်းသည်များကို ပြန်မေးနိုင်သည်။ ဆွေးနွေးနိုင်သည်။ ပါရဂူဘွဲ့သင်တန်းသား ၄၅ဦး သင်ကြားနေသည်။

အောင်
(မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း)

ပညာရေးဝန်ကြီးဌာနကလည်း အိုင်တီပညာရေးအတွက် ဘွဲ့လွန် ကွန်ပျူတာ သင်တန်း M.Sc များကိုပါ ရန်ကုန်တက္ကသိုလ်တွင် ၂၀၀၂ခုနှစ်ထဲမှာပင် ဖွင့်ခဲ့သည်။ စောစောပိုင်းကတည်းက လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနဖြင့် ရိုးရိုး B.Sc Computer ဘွဲ့သင်တန်းများကို ဖွင့်လှစ်ခဲ့ပြီး ၂၀၀၂ခုနှစ်တွင် သတင်းစာမှာပင် ပထမနှစ်သင်တန်းများခေါ်ယူခဲ့သည်ကို တွေ့ရသည်။

အီလက်ထရောနစ် ပညာရေး

မြန်မာနိုင်ငံတွင် e-Educationစနစ်ကို ထူထောင်ခြင်းဖြင့် ပညာရေးစနစ် တစ်ခေတ်ဆန်းသစ်ခဲ့ပြီဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများ၊ ပညာရှာမှီးလိုသူများ နေရာဒေသမရွေး၊ အချိန်မရွေး ပညာရှာမှီးနိုင်ရန် ရည်ရွယ်ချက်ဖြင့် တက္ကသိုလ်များ၊ကောလိပ်များ၌သာမက အခြေခံကျောင်းများတွင်ပါ e-Education Learning Centerများ၊ Multimedia Class Roomများကို ထူထောင်ဖွင့်လှစ်လျက်ရှိပါသည်။ ယင်းတို့တွင် ခေတ်မီအီလက်ထရောနစ်ပစ္စည်းများ၊ Computer များ တပ်ဆင်ကာ IT နည်းပညာများ အသုံးပြုလျက် သင်ကြားရေးလုပ်ငန်းများကို ၂၀၀၀ပြည့်နှစ် နိုဝင်ဘာလ တတိယပတ်မှစ၍ စတင်နိုင်ခဲ့ပါသည်။

ပထမအဆင့်တွင် ပြည်နယ်နှင့်တိုင်းအသီးသီးရှိ တက္ကသိုလ်၊ဒီဂရီကောလိပ်၊ ကောလိပ်နှင့် အခြေခံကျောင်း စုစုပေါင်း၂၀၃ကျောင်းဖြင့် စတင်ခဲ့ပြီး ယခုအခါ နိုင်ငံအနှံ့တွင် Learning Center ပေါင်း ၄၅၀ကျော် ထူထောင်ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါသည်။ ထုတ်လွှင့်မှုများကိုလည်း ၂၀၀၀ပြည့်နှစ် ဒီဇင်ဘာလ ၁၁ရက်နေ့မှစ၍ စတင်နိုင်ခဲ့ပါသည်။

Learning Center များသို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှတစ်ဆင့် သင်ခန်းစာများကို ထုတ်လွှင့်ပေးရာတွင် Text, Graphic,Audio,Video, Presentation,Web Page စသည့်ပုံစံများဖြင့် Data Broadcasting System အရ ထုတ်လွှင့်ပေးပါသည်။ Learning Centerအသီးသီးမှ ထုတ်လွှင့်ပေးသည့် သင်ခန်းစာများကို ထုတ်လွှင့်ပေးသည့်အချိန်တွင် တိုက်ရိုက်ဖမ်းယူလေ့လာကြည့်ရှုနိုင်သကဲ့သို့ ယခင်ထုတ်လွှင့်ခဲ့ပြီးသည့် သင်ခန်းစာများကိုလည်း Learning Centerများတွင် သိမ်းဆည်းထားသည့် Computer Severများမှလည်းကောင်း၊ CDခွေတ်ပြားများ သို့မဟုတ် Video Tapeများဖြင့် ကူးယူထားသည်များကိုလည်း ပြန်လည်လေ့လာကြည့်ရှုနိုင်ပါသည်။

သင်ခန်းစာပို့ချနေသည်ကို တိုက်ရိုက်ထုတ်လွှင့်ပေးနိုင်သည့်အချိန်တွင် လေ့လာသင်ယူနေသည့် ကျောင်းသားကျောင်းသူများက မရှင်းလင်းလျှင် တယ်လီဖုန်းလိုင်းကို အသုံးပြု၍ ဆက်သွယ်မေးမြန်းနိုင်ပြီး သင်ကြားနေသည့် ဆရာများက ချက်ချင်းရှင်းလင်းဖြေဆိုပေးမည့် Interactive Learning အစီအစဉ်လည်း ပါဝင်ပါသည်။

ယင်းသို့ ICT နည်းပညာများအသုံးပြုသည့် e-Education စနစ်ကို ထူထောင်ခြင်းဖြင့် သင်ကြားမှု၊သင်ယူမှုတို့ကို ပိုမိုထိရောက်စေသည့်အပြင် နေရာမရွေး သင်ကြားမှုပြုနိုင်သည့်အတွက် ပညာရေးအဆင့်အတန်းလည်း ပိုမိုမြင့်မားလာနိုင်မည် ဖြစ်ပါသည်။

Mandalay ICT Park

အထက်မြန်မာနိုင်ငံနှင့် အောက်မြန်မာနိုင်ငံ၌ ICT ကဏ္ဍ တစ်ပြိုင်နက် တိုးတက်ရန် ရည်ရွယ်ပြီး မန္တလေးမြို့တွင် မြန်မာနိုင်ငံ၏ ဒုတိယ ICT Park ကိုဖွင့်လှစ်နိုင်ရန် ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ကြိုးပမ်းခဲ့ရာ ခြောက်လအတွင်း ပြင်ဆင်ဆောင်ရွက်မှုများ ပြုလုပ်ခဲ့ပြီး ၂၀၀၃ခုနှစ် ဩဂုတ်လ ၁၆ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့ပါသည်။

Mandalay ICT Park မှာ ရတနာပုံဈေး တတိယထပ်တွင် တည်ရှိပြီး အခန်းပေါင်း ၄၂ခန်း ပါရှိကာ Software Production သာမက Hardware Sales နှင့် Trainingပါအစုံအလင်ဆောင်ရွက်လျက်ရှိပြီး Electronic Market Place ကဲ့သို့ ဖြစ်ထွန်းလျက်ရှိပါသည်။

Mandalay ICT Park ဖွင့်လှစ်ပြီးနောက် မန္တလေးမြို့အား ဗဟိုပြုလျက် အထက်မြန်မာနိုင်ငံတွင် ICTကို ပိုမိုရင်းနှီး ကျွမ်းဝင်လာကြပြီး စိတ်ဝင်စားမှုရှိလာကာ ICTနှင့် ဆက်စပ်သောလုပ်ငန်းအားလုံး တိုးတက်ဖြစ်ထွန်းလျက်ရှိပါသည်။

Cyber Cafe

နိုင်ငံတကာတွင် ပေါ်ထွန်းလျက်ရှိသော ICT ဖွံ့ဖြိုးတိုးတက်မှုတို့ကို အမီလိုက်နိုင်ရန်အတွက် ပြည်သူတစ်ရပ်လုံးဆီသို့ ICTနည်းပညာနှင့်အခြားသော Referenceများ အကန့်အသတ်မရှိ ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့ရောက်ရှိစေရန် ရည်ရွယ်လျက် ၂၀၀၃ခုနှစ် နှစ်လယ်ပိုင်းမှစ၍ Cyber Cafeဖွင့်ခွင့် လိုင်စင်များကို ခွင့်ပြုမိန့်အရ MICTDC မှ ချထားပေးခဲ့ပါသည်။

Cyber Cafe ဆိုသည်မှာ အများပြည်သူသုံး အင်တာနက်စနစ်ဖြစ်ပြီး ပြည်သူလူထုအနေဖြင့် အင်တာနက်အသုံးပြုခွင့်ကို လွယ်ကူလျင်မြန်ဈေးနှုန်းချိုသာစွာ ရရှိနိုင်သော စနစ်ပင်ဖြစ်ပါသည်။လူတစ်ဦးအနေဖြင့် ကွန်ပျူတာ၊ Internet Connection လျှပ်စစ်မီးခွင့်ပြုမိန့် အစရှိသည်တို့ မလိုဘဲ ငွေ၅၀၀၊ ၁၀၀၀ကျပ်ရှိရုံနှင့် အင်တာနက်ကို အသုံးပြုနိုင်မည်ဖြစ်ပေသည်။

ယခုအခါ ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီး နှစ်မြို့တွင် အင်တာနက်ကဖေးဖွင့်ခွင့်လိုင်စင် ၂၀ကျော်ကို ချထားပေးပြီး နောက်တွင်လည်း တိုးချဲ့ ချထားပေးရန်နှင့်တကွ မြန်မာနိုင်ငံအနှံ့ အခြားသောမြို့ကြီးများ၌ပါ ဖွင့်ခွင့် ပြုသွားရန် စီစဉ်လျက်ရှိပါသည်။

Cyber Cafe များရှိ အင်တာနက်သည် ကန့်သတ်ထားမှုမရှိသော အင်တာနက်စနစ် ဖြစ်ပြီး အသုံးပြုသူများမှာ မှတ်ပုံတင်၍ အသုံးပြုရန်သာ ဖြစ်ပါသည်။

ICT Week

နှစ်စဉ် MICT Park ၏ဖွင့်ပွဲနှစ်ပတ်လည်နေ့တွင် မြန်မာ ICT Week အဖြစ် သတ်မှတ်ပြီး ကျင်းပခဲ့သည်မှာ ယခုအချိန်တွင် (၃)ကြိမ်မြောက်ဖြစ်ပါသည်။

အဓိက ရည်ရွယ်ချက်များမှာ တစ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏ ICT ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုများကို ပြသရန်အတွက်လည်းကောင်း နိုင်ငံတကာတွင် ဖြစ်ပေါ်တိုးတက်လျက်ရှိသော ICT နည်းပညာနှင့် ပစ္စည်းများကို လေ့လာသိရှိနိုင်စေရန်အတွက်လည်းကောင်း၊ မြန်မာနိုင်ငံအတွင်းမှ တီထွင်ဖန်တီးမှုများ၊ ဝန်ဆောင်မှုများကို ပြသရန်အတွက်လည်းကောင်း၊ သီးသန့်သတ်မှတ်ထားသော နယ်ပယ်တစ်ခုအတွက် ICT Solutionများကို ပြသရန်အတွက်လည်းကောင်း၊ မြန်မာ Softwareကုမ္ပဏီများ၏ Productများကို ဖော်ထုတ်ပြသရန်အတွက် ရည်ရွယ်ပြီး ပြပွဲများ၊ Seminarများနှင့် ဆွေးနွေးပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပါသည်။

တစ်ကြိမ်ထက်တစ်ကြိမ် ပါဝင်ပြသသည့် ကုမ္ပဏီများ များပြားလာသည့်အပြင် Productများ၊Service များမှာလည်း တိုးတက်လာသည်ကို တွေ့ရပါသည်။ပစ္စည်းရောင်းချမှု မရှိသလောက်နည်းပါးပြီး Technology နှင့် တိုးတက်ဖြစ်ထွန်းမှုကို ဦးစားပေးပြသလာကြသည်ကို တွေ့ရှိရပါသည်။ ယခု ၂၀၀၄ ခုနှစ်အတွက်လည်း ဇန်နဝါရီလ ၂၁ရက်နေ့မှစ၍ ရက်သတ္တပတ် တစ်ပတ်တိုင်တိုင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

ICT ပြပွဲများ

မြန်မာနိုင်ငံ၏ ITကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံအတွင်းသို့ ကွန်ပျူတာနည်းပညာများ၊ ကူးပြောင်းရောက်ရှိရေး၊ ကျောင်းသူ ကျောင်းသားများအပါအဝင် ပြည်သူများအကြား ကွန်ပျူတာနှင့် သက်ဆိုင်သော ဗဟုသုတနှင့်နည်းပညာများ ပျံ့နှံ့ရောက်ရှိရေး၊ ကွန်ပျူတာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး စသည့်ရည်ရွယ်ချက်များဖြင့် ကွန်ပျူတာပြပွဲများကို စဉ်ဆက်မပြတ်ပြုလုပ်ခဲ့ရာ ပြည်တွင်းပြည်ပမှ ကွန်ပျူတာလုပ်ငန်းများပါဝင်ခဲ့ပြီး ပြည်သူ သောင်းပေါင်းများစွာ လေ့လာကြည့်ရှုခဲ့ကြသည်။

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းနှင့် မြန်မာနိုင်ငံကွန်ပျူတာ လုပ်ငန်းရှင်အသင်းတို့မှ ဦးဆောင်စီစဉ်သည့် အပြည်ပြည်ဆိုင်ရာ ကွန်ပျူတာပြပွဲ International IT Exhibitionကို ၁၉၉၉ခုနှစ် စက်တင်ဘာလ၊၂၀၀၀ပြည့်နှစ် အောက်တိုဘာလ၊ ၂၀၀၁ခုနှစ် အောက်တိုဘာလ၊ ၂၀၀၂ခုနှစ် အောက်တိုဘာလ၊ ၂၀၀၃ခုနှစ် အောက်တိုဘာလတို့တွင် တပ်မတော်ခန်းမ၌ ငါးနှစ်ဆက်တိုက် ကျင်းပပြုလုပ်ခဲ့ပါသည်။

ထို့အပြင် နေ့ကြီး၊ ရက်ကြီးနှင့် အထိမ်းအမှတ်ရက်များတွင် ပြုလုပ်သည့် ကွန်ပျူတာပြပွဲများကိုလည်း မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ ပံ့ပိုးကူညီဆောင်ရွက်ခဲ့ပါသည်။

ယခုနှစ်တွင် ကုမ္ပဏီများအနေဖြင့် လိုအပ်သောဆိုင်ခန်းအရေအတွက် မရရှိသကဲ့သို့ ကုမ္ပဏီအသစ်များ၊ ဆိုင်ခန်းသစ်များလည်း တိုးတက်လာသည်ကို တွေ့ရသည်။ ပြပွဲလာပရိသတ် အလွှာစုံသည်လည်း တစ်နှစ်ထက်တစ်နှစ် ဗဟုသုတအမြင်များ ကျယ်ပြန့်လာပြီး သတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာပိုင်းကို ယခင်ကထက် ပိုမိုစိတ်ဝင်စားမှု များလာခဲ့ကြောင်း တွေ့ရှိရပါသည်။

ကုမ္ပဏီများအနေဖြင့်လည်း ယခင်ပွဲများကဲ့သို့ ဈေးရောင်းပွဲသက်သက်မဟုတ်တော့ဘဲ ဆော့ဖ်ဝဲ၊ ဟာ့ဒ်ဝဲ၊ အိုင်တီထုတ်ကုန်သစ်များ၊ ဝန်ဆောင်မှုများအကြောင်းကိုလည်းကောင်း၊ သတင်းနည်းပညာဆိုင်ရာများကိုလည်းကောင်း ဦးစားပေး ပြသလာကြသည်ကို တွေ့ရှိရပါသည်။ ထို့အပြင် ယခုကဲ့သို့ ရက်အတွင်းတွင်လည်း မိမိတို့ကုမ္ပဏီများ၏ ပစ္စည်းများ၊ သင်တန်းကြေးများ၊ အင်တာနက်ဝန်ဆောင်မှုများ၊ Projectဝန်ဆောင်မှုများအတွက် အထူးဈေးနှုန်းများဖြင့် အပြိုင်အဆိုင်ကမ်းလှမ်းခြင်းဖြင့် ပြည်သူလူထုအကြား ပိုမိုထိရောက်ကျယ်ပြန့်စွာရောက်ရှိအောင် ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရပါသည်။

(ဆက်လက်ဖော်ပြပါမည်)

▼ စပါးနှင့်ဟင်းသီးဟင်းရွက်မှ

DNAသည် အလွန်သေးငယ်သော အမျှင်ကလေးများဖြစ်ပြီး အပင်သက်ရှိများ၏ ဆဲလ်အတွင်းရှိ Nucleus ထဲတွင် ရှိသည်။ သက်ရှိများ၏ ရုပ်ပိုင်းဆိုင်ရာဖြစ်ပေါ်မှုနှင့် ဇီဝကမ္မဆိုင်ရာ ကိစ္စအဝဝကို ထိန်းချုပ်ပေးသော ဗီဇအများစုသည် ၎င်း Nucleus ထဲရှိ DNA အမျှင်ကလေးများပေါ်တွင် တည်ရှိကြသည်။ သက်ရှိဖြစ်သည့် အပင်၏အစိတ်အပိုင်းများမှ DNAကိုထုတ်ယူပြီး ယင်းတွင်ရှိသောဗီဇများကို နည်းအမျိုးမျိုးဖြင့် ခွဲခြားလေ့လာခြင်းဖြင့် သီးနှံမျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေးကို အချိန်တိုကာလအတွင်း ရာနှုန်းပြည့်တိကျမှန်ကန်စွာ ဆောင်ရွက်ပြီးစီးနိုင်မည် ဖြစ်သည်။

ကောင်းမွန်သောဗီဇ

သီးနှံမျိုးကောင်းမျိုးသန့်ထုတ်လုပ်ရာတွင် လက္ခဏာကောင်းအချို့ပါဝင်သော သီးနှံနှစ်မျိုးကိုစပ်ပြီး ယင်းမိဘများမှ ကောင်းမွန်သော ဗီဇများပါဝင်သည့် သီးနှံမျိုးရသည်အထိ အဆင့်ဆင့်ဆက်လက်စိုက်ပျိုးပြီး ရွေးချယ်ယူရသည်။ ယင်းသို့ကောင်းမွန်သော ဗီဇများသာပါဝင်သည့် သီးနှံမျိုးရရှိရေးအတွက် ရွေးချယ်ရာတွင် အပင်၏ရုပ်လက္ခဏာများနှင့် မျိုးရိုးဗီဇဆိုင်ရာ သင်္ချာပညာရပ်တို့ကို အသုံးပြုပြီး ရွေးချယ်ရသည်။

၎င်းအပြင် သီးနှံပင်မှ DNAကိုထုတ်ယူနိုင်ပါက အောက်ဖော်ပြပါလုပ်ငန်းများကိုလည်း တစ်ပါတည်းဆောင်ရွက်ရကြောင်း မှတ်သားသိရှိရပါသည်။

(၁) ပြည်ပမှတင်သွင်းလာသည့် သီးနှံမျိုးစေ့များတွင် မလိုလားသော ဗီဇအင်ဂျင်နီယာနည်းဖြင့် ထုတ်လုပ်ထားသော သီးနှံနှင့် မျိုးစေ့များ ရောနှော ပါဝင်လာမှု ရှိမရှိ စိစစ်ခြင်း၊
(၂) ပြည်ပမှ ဈေးကြီးပေး၍ တင်သွင်းလာသည့် မျိုးဗီဇအင်ဂျင်နီယာနည်းဖြင့် ထုတ်လုပ်ထားသော သီးနှံများတွင် မျိုးရောများပါဝင်လာခြင်း မရှိစေရန်စိစစ်ခြင်း၊
(၃) မိမိနိုင်ငံမှထုတ်လုပ်သည့် သီးနှံများကို DNAနည်းပညာဖြင့် မှတ်ပုံတင်ခြင်း၊
(၄) မျိုးဆက်သစ်လူငယ်များအား DNAနည်းပညာနှင့် မျိုးဗီဇအင်ဂျင်နီယာနည်းပညာများ ဆက်လက် လေ့လာနိုင်ရေးအတွက် လမ်းဖွင့်ပေးကာ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးခြင်းတို့ ဖြစ်သည်။

ပညာသင်စေလွှတ်

ယင်း DNA လုပ်ငန်းများ လုပ်ဆောင်နိုင်ရေးအတွက် ၁၉၉၆ ခုနှစ်မှ ၂၀၀၂ ခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံရှိ အပြည်ပြည်ဆိုင်ရာ ဆန်စပါး သုတေသနဌာနသို့ Ph. D ဘွဲ့ယူရန် ဝန်ထမ်းတစ်ဦးနှင့် ဂျပန်နိုင်ငံရှိ စူကူးဘား တက္ကသိုလ်တွင် DNA နည်းပညာ ကာလတိုသင်တန်းတက်ရောက်ရန် မဟာသိပ္ပံဘွဲ့ရသူ ဝန်ထမ်းနှစ်ဦးကို စေလွှတ်ပညာသင်ကြားစေခဲ့သည်။

DNA နည်းပညာအပါအဝင် ဇီဝနည်းပညာလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ၂၀၀၁ ခုနှစ် နိုဝင်ဘာလတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်ဟင်းသီးဟင်းရွက်နှင့် ကြက်မွေးမြူရေးအထူးဇုန် (၃)၌ အပင်ဇီဝနည်းပညာဓာတ်ခွဲခန်းကို တည်ထောင်ဖွင့်လှစ်ခဲ့သည်ဟုသိရသည်။ ယခုအခါ ယင်းဓာတ်ခွဲခန်းများတွင် Ph.D ဘွဲ့ရတစ်ဦး၊ မဟာသိပ္ပံဘွဲ့ရ ငါးဦးနှင့် စိုက်ပျိုးရေးဘွဲ့ရ ငါးဦးတို့ က DNAနည်းပညာများဖြင့် မျိုးကောင်းမျိုးသန့် ဟင်းသီးဟင်းရွက်နှင့် စပါးများရရှိရေး ကြိုးပမ်းလုပ်ကိုင်လျက်ရှိသည်။

ယခုအခါ မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်းလက်အောက်ရှိ အပင်ဇီဝနည်းပညာ ဓာတ်ခွဲခန်းတွင် သီးနှံပင်မှ ထုတ်ယူလေ့လာနိုင်သည့် DNAနည်းပညာအဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။

မျိုးကောင်းမျိုးသန့်ရရှိအောင် ရှာဖွေပြီးသည်များကို တစ်သျှူးနည်း အသုံးချ၍ အပင်မျိုးများ အမြောက်အမြားပွားယူသည်ကို ဤသို့ တွေ့ရသည်။
ဓာတ်ပုံ-သန်းနိုင်(မြန်မာ့အလင်း)

DNAနည်းပညာကို အသုံးပြု၍ စပါးမျိုးသစ်ထုတ်လုပ်ရေးလုပ်ငန်းကို ဆောင်ရွက်ရာ၌ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုလေးနိုင်ငံပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ၂၀၀၄ ခုနှစ် ဇန်နဝါရီလအတွင်း ဆောင်ရွက်မည့် မော်လီကျူလာ နည်းပညာ DNA သို့ ပညာအသုံးပြုပြီး စပါးမျိုးသစ်ထုတ်လုပ်ရေး အလုပ်ခွင်ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံမှ ပညာရှင်နှစ်ဦးစေလွှတ်ခဲ့သည်။

ထုတ်လုပ်နိုင်တော့မည်

သို့ဖြစ်၍ ယခုအခါတွင် DNAနည်းပညာကို လက်တွေ့အသုံးချနိုင်ရေးအတွက် ဖိလစ်ပိုင်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာနနှင့် ဂျပန်နိုင်ငံတို့မှ နည်းပညာများ အထိုက်အလျောက်ရရှိထားပြီးဖြစ်ရာ ၂၀၀၄ခုနှစ် ဇန်နဝါရီလမှ စတင်၍ထိုင်းပညာရှင်များနှင့်ပူးပေါင်းပြီး DNAနည်းပညာကို အသုံးပြုကာ မြန်မာနိုင်ငံအတွက် အကျိုးပြုနိုင်မည့် မျိုးကောင်းမျိုးသန့်ဆန်စပါးနှင့် အခြားသီးနှံများလည်း ထုတ်လုပ်နိုင်တော့မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသတည်း။ ॥

(မြန်မာ့အလင်း)

စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲ မော်လမြိုင်မြို့ပညာရေးကောလိပ်တွင်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၂

၁၃၆၅ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် ဆုပေးပွဲအခမ်းအနားကို မော်လမြိုင်မြို့ မော်လမြိုင်ပညာရေးကောလိပ် ပညာညီလာခန်းမတွင် ဇန်နဝါရီ ၁၈ ရက် နံနက် ၁၁နာရီကကျင်းပသည်။ အခမ်းအနားသို့ စာရေးဆရာ ဒေါက်တာလှဘော၊ မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ဇော်မိုး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာပုဂ္ဂိုလ်များ၊ မြို့နယ်သဘင်၊ ဂီတအစည်းအရုံး ဥက္ကဋ္ဌ၊အတွင်းရေးမှူးများ၊ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ၊ စာပေမြတ်နိုးသူများ၊ ကျောင်းသူကျောင်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိ မော်လမြိုင်မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးခင်ထွန်း(ကျော်ဟိန်းအောင်)က အမှာစကားပြောကြားပြီး မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ဇော်မိုးက အမှာစကားပြောကြားသည်။ ထို့နောက် စာဆိုတော်နေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင်ဆုရရှိသော ကျောင်းသူကျောင်းသားများအား တာဝန်ရှိသူတို့က ဆုချီးမြှင့်ပေးအပ်သည်။

ယင်းနောက် စာရေးဆရာ ကာတွန်းမြေဇာ၊စာရေးဆရာမမိချမ်းဝေ၊ စာရေးဆရာဒေါက်တာသက်လွင်တို့က စာပေရေးရာများ ဟောပြောကြသည်။

ဟောပြော

အလားတူ ယင်းနေ့ည ၇ နာရီတွင် မော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသော စာပေဟောပြောပွဲ ပြုလုပ်ရာ အထက်ပါစာရေးဆရာများက စာပေရေးရာများကို ဟောပြောခဲ့ကြကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့

မြန်မာ့ရိုးရာ မုန့်ဈေးပွဲတော်

နေ့ရက် - (၂၅ - ၁ - ၂၀၀၄ ၂၆ - ၁ - ၂၀၀၄)

အချိန် - နံနက် (၇း၃၀ မှ ၁၀း၀၀)နာရီ

နေရာ - ပြည်သူ့ဥယျာဉ်

ဖုန်း - ၆၆၇၀၂၃၊၃၇၀၅၀၈

မြန်မာ့ရိုးရာမုန့်ဈေးပွဲတော်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့၏ မြန်မာ့ရိုးရာမုန့်ဈေးပွဲတော်ကို ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ ဇန်နဝါရီ ၂၅ ရက်နှင့် ၂၆ရက်များတွင် နေ့စဉ် နံနက် ၇နာရီခွဲမှ၁၀ နာရီအထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါမုန့်ဈေးပွဲတော်တွင် ရန်ကုန်တိုင်းအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များက မြန်မာ့မုန့်မျိုးစုံကို ရောင်းချမည်ဖြစ်ပြီး မြန်မာတေးဂီတများဖြင့် ဖျော်ဖြေမည်ဖြစ်သည်။ မုန့်ဈေးပွဲတော်တွင် ပါဝင်ဆင်နွှဲလိုသူများအနေဖြင့် ဖုန်း- ၆၆၇၀၂၃၊၃၇၀၅၀၈တို့သို့ ဆက်သွယ်နိုင်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဇန်နဝါရီ ၁၀ရက်က နန်းဖာလုံ- ကူးတို့ ကျောက်ချော လမ်းသစ်အား စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီး ဝင်းဇော်တို့က လမ်းသစ်မုခ်ဦးရှေ့တွင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြား

၂၃-၁-၂၀၀၄
(သောကြာနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၁၅ ၄။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၂၀ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၃၀ ၆။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၄၀ ၇။ မျိုးချစ်တပ်မတော်
၄:၅၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ဒုတိယနှစ်(ဥပဒေပညာ) (ခ)တတိယနှစ် (ဒဿနိကဗေဒ)
၅:၃၀ ၁၀။ ပညာခေတ်
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ညီအစ်မလေးဖော်"** (အပိုင်း-၁၉)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လှိုင်ပုနှင့်သောင်းချမ်"** (အပိုင်း-၂၃)
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

တာမွေမြို့နယ် အလက(၁) ကျောင်း၌ ၂၀၀၂-၂၀၀၃ခုနှစ် မိဘ ဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၇ ရက် ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမြင့်သိန်းကအဋ္ဌမတန်း မြို့နယ်ဘက်စုံထူးချွန်ဆုရ ကျောင်းသူ မပွင့်ဖြူသက်အား ဆုချီးမြှင့်စဉ်။

(၁၁၅)

အင်္ဂလိပ်သဒ္ဒါ၊စကားပြော သင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၂

ကျောင်းသား ကျောင်းသူများ၊ လေ့လာလိုသူများနှင့် ကုမ္ပဏီဝန်ထမ်းများ၊ နိုင်ငံခြားတက္ကသိုလ်၊ ကောလိပ်ဝင်ခွင့်များG.C.E, S.A.T, TOEFL ပြည်တွင်းဝင်ခွင့်များ၊ P.S.C၊သူနာပြု၊ တက္ကသိုလ်နည်းပြ၊ သရုပ်ပြနှင့် အခြားဝင်ခွင့်များ၊ အင်္ဂလိပ်စာ၊ သဒ္ဒါစကား ကျွမ်းကျင်စွာ ပြောဆိုရေးသားဖြေဆိုနိုင်ရန် ဝါရင့်ဆရာကြီး ဆရာမြင့်သူသက် ဦးစီး၍ စနစ်တကျသင်ကြားပေးမည့် အင်္ဂလိပ်သဒ္ဒါ၊ စကားပြောသင်တန်းများဖွင့်လှစ်မည်ဖြစ်သည်။ ရေး၊ ဖတ်၊ ပြော၊ နားလည်မှုဟူသော Skill အလွယ်ကူဆုံးနည်းဖြင့် ကျွမ်းကျင်စေရမည်။ Phonetic (အသံထွက်) သီးသန့်တန်းခွဲ ရှိသည်။ စိတ်ပါဝင်စားသူများ ဆရာမြင့်သူသက် အမှတ် ၁၄ စာပေလောက-၃(အပေါ်ဆုံးထပ်) လှည်းတန်းဈေးအနီး ဖုန်း-၅၀၁၂၂၅ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

23-1 (11).p65 1 3/25/05, 9:57 PM

အထက(၃)ကြည့်မြင်တိုင် ဆဋ္ဌမအကြိမ် မြတ်ဆရာပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၂၂

အထက(၃) ကြည့်မြင်တိုင်တွင် ဆဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မတ် ၂ ရက် (အင်္ဂါနေ့)နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်၍ အကြိုညှိနှိုင်းအစည်းအဝေးကို အထက(၃) ကျောင်းဝင်း ကျောင်းအုပ်ဆရာမကြီး ရုံးခန်း၌ ဇန်နဝါရီ ၂၅ ရက် မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန်နှင့် အလှူငွေများကို ဆရာမ ဒေါ်ခင်လေးမာ ဖုန်း- ၇၀၇၃၄၇၊ ဆရာမဒေါ်ဝေဝေမြိုင် ဖုန်း-၆၄၃၅၃၉၊ ဆရာမ ဒေါ်နော်စီးလာ ဖုန်း-၂၂၀၃၈၀၊ ဦးသိန်း ဝင်း ဖုန်း-၅၉၀၈၃၆၊ ဦးစိုးဝင်း(ဆန်နီ) ဖုန်း-၀၉-၉၉-၄၆၇၁၊ ဒေါက်တာအောင်သူ ဖုန်း-၇၂၈၂၁၁၊ ဦးချာလီမောင် (မင်္ဂလာဈေး) ဖုန်း-၅၂၅၂၆၅၊ ၇၀၃၈၂၂၊ ဦးခင်မောင်လှ ဖုန်း-၀၉-၈၀-၂၃၅၇၉၊ ဗိုလ်ကြီးခင်မောင်သန်း (ငြိမ်း) ဖုန်း-၀၉-၈၀-၂၄၀၆၃၊ ၇၀၀၃၁၆၊ ဦးကျော်မင်း (KM Language Centre) ဖုန်း-၂၂၁၁၆၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဇန်နဝါရီ ၂၁ရက်က ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာ ဦးစီးဌာန (ရန်ကုန်မြို့တော်) မြို့နယ်အဆင့် ဘက်စုံထူးချွန်ဆုပေးပွဲကို လှိုင်မြို့နယ်တွင်ကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်ကြူကြူရွှေက ဆဋ္ဌမတန်း ဘာသာစုံ ပထမ၊ ဘက်စုံ ပထမဆုရရှိသော အထက(၂) လှိုင်မှ မခိုင်ဇာသွယ်အား ဆုချီးမြှင့်စဉ်။ (က-ပ)

ဓမ္မဒူတ တရားပွဲများ

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်တိုင်း သာကေတမြို့နယ် ဧရာဝဏ်လမ်း ၁၀/မြောက်ရပ်ကွက်ရှိ သာသနနုဂ္ဂဟ ဓမ္မာရုံကြီးတွင် ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၃ ရက်ထိ လေးရက်တိုင်တိုင် ညစဉ် ၇နာရီခွဲမှ စတင်၍ ဓမ္မဒူတ တရားပွဲများ ကျင်းပမည်ဖြစ်သည်။

အဆိုပါ တရားပွဲများ၌ ဓမ္မဒူတ ဆရာတော်များ ဖြစ်ကြသည့်အရှင်သီလာစာရ(မုတ္တမ)က ဇန်နဝါရီ ၃၁ ရက်၊အရှင်ပညာဝရ (တောင်စွန်း)က ဖေဖော်ဝါရီ ၁ ရက်၊အရှင်ကောသလ္လ (မုဒုံ)က ဖေဖော်ဝါရီ ၂ ရက်၊အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ အရှင်ဆေကိန္ဒ(မော်ဘီ)က ဖေဖော်ဝါရီ ၃ ရက်တွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြား ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ဇန်နဝါရီ ၂၀ ရက်က သာကေတမြို့နယ် အမက(၉)မိဘဆရာအသင်း နှစ်ပတ်လည်ဆုချီးမြှင့်ပွဲ အခမ်းအနားကိုကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးစိုးလွင်က ကျောင်းစုအဆင့် မြန်မာစာနှင့် လူမှုရေးဘာသာ ထူးချွန်ဆုရကျောင်းသူ မအေးမြတ်သူဇာအား ဆုချီးမြှင့်စဉ်။

(က-ပ)

ဖျာပုံမင်းကျောင်း ဦးဝိလာသ မိုးကုတ်တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၂၂

ဧရာဝတီတိုင်း ဟင်္သာတမြို့ ကြက်သွန်ခင်းရွာ မိုးကုတ်ရိပ်သာ တရားစခန်းပွဲကို ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၆ ရက် (တပို့တွဲလဆန်း ၁၀ ရက်မှ လဆုတ် ၁ ရက်)ထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကို ဖျာပုံမြို့ မင်းကျောင်းမှ သာသနာပြု ဓမ္မကထိက ဦးဝိလာသ (ဓမ္မာစရိယ) အရှင်မြတ်က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

အမှတ် ၁၄၈-ဘီ၁/၂ အောဝမ်းခြံလမ်း ရှစ်မိုင် ရန်ကုန်မြို့နေ ဦးအေးဖေ၏ ကွယ်လွန်ခြင်း (၁၁)နှစ်မြောက်အတွက် ဇနီး ဒေါ်တင်အေး မိသားစုက ဖြူဟ္မာဝိဟာရပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သဃ်န်းကျွန်းမြို့နယ် နာရေးကူညီမှုအသင်း (ရန်ကုန်) ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ (ရုပ်ရှင်သရုပ်ဆောင်) အား ငွေကျပ် တစ်သိန်း တစ်သောင်း ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၂

အသက်(၆၀)ကျော် ရပ်ဝေးရပ်နီးမှ မြတ်ဆရာများအား ယခင်တပ်မတော်ကလေးများကျောင်း (၁၉၄၉ မှ ၁၉၆၉ ထိ)နှင့် ယခု အထက(၁) နှင့် အထက(၅)မင်္ဂလာဒုံ (၁၉၆၉ မှ ၂၀၀၄ ထိ) ကျောင်းသား ကျောင်းသူဟောင်း တပည့်များ၏ အာစရိယပူဇော်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အထက (၁) မင်္ဂလာဒုံ၌ ကျင်းပမည်ဖြစ်ရာ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

အာစရိယပူဇော်ကန်တော့ပွဲအတွက် အကြိုညှိနှိုင်းဆွေးနွေးပွဲများကို ဇန်နဝါရီ ၂၅ ရက်၊ ဖေဖော်ဝါရီ ၁ ရက်(တနင်္ဂနွေနေ့)တိုင်း မွန်းလွဲ ၂ နာရီတွင် အထက(၁)မင်္ဂလာဒုံ၌ ကျင်းပမည်ဖြစ်သည်။ အကယ်၍ ဖိတ်စာမရသော ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများမှ တက်ရောက်နိုင်မည့်စာရင်းကို အထက(၁)နှင့် အထက(၅)ကျောင်းသို့ စာရင်းပို့ကြရန်နှင့် ဦးခင်မောင်ရင် ဖုန်း-၅၆၀၅၂၄၊ ဦးအံကူ ဖုန်း-၆၄၂၀၂၉၊ ဦးခင်မောင်ဝင်း ဖုန်း-၅၈၀၆၆၂၊ ဦးစိုးမြင့် ဖုန်း- ၆၃၅၈၆၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

သာရေးနာရေး တရားတော်များထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၂

အရှင်ဇဝန(ပဲခူး)ရေးသားသည့် သာရေးနာရေးတရားတော်စာအုပ်ကို ဒုတိယအကြိမ်အဖြစ် ဇမ္ဗူဒီပစာပေ အမှတ် ၉၇ ရွှေတိဂုံဘုရားအရှေ့မုခ်ကဖြန့်ချိလျက်ရှိပြီး ဖုန်း-၃၇၈၆၂၃သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။ **(ဝဲပုံ)** (က-ပ)

ပေါက်ပေါက်မြောက်မြောက်ဇာတ်ကားရုံသုံးရုံအပြိုင်ဝင် ပြသဆဲ မြန်မာဇာတ်ကားများ ဆက်လက်ပြသ

ရန်ကုန် ဇန်နဝါရီ ၂၂

ယခု သောကြာပတ်တွင် လူစွမ်းကောင်း ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ခင်မောင်ဦး-စိုးသိမ်းထွဋ်ရိုက်ကူးပြီး ရာဇာနေဝင်း(နှစ်ကိုယ်ခွဲ)၊ ဇာဂနာ၊ စိုးမြတ်နန္ဒာ၊ ဆုပန်ထွာတို့ပါဝင်သရုပ်ဆောင်ထားသော ‘ပေါက်ပေါက်မြောက်မြောက်’ဇာတ်ကား သမ္မတ၊ သွင်၊ မင်္ဂလာအဆင့်မြင့်ရုံများတွင် ဝင်လာသည်။

‘ပေါက်ပေါက်မြောက်မြောက်’ဇာတ်ကားတွင် ရာဇာနေဝင်းက စရိုက်နှစ်မျိုးကို ပီပြင်စွာ သရုပ်ဆောင်ထားသည်။ ဆင်းရဲသား ကိုပေါက်အဖြစ် ရိုးရိုးသားသားနှင့် အရွှတ်အနောက်များဖြင့် ပီပီပြင်ပြင် သရုပ်ဆောင်ထားသကဲ့သို့ သူဌေးသား မင်းဝေအဖြစ် လောင်းကစား၊ မူးယစ်သောက်စားခန်းများကို ရာဇာနေဝင်းက ပီပီပြင်ပြင် သရုပ်ဆောင်ထားသည်။ ဒါရိုက်တာ ခင်မောင်ဦး-စိုးသိမ်းထွဋ်ရိုက်ကူးပြီး ဒွေး၊ အိန္ဒြာကျော်ဇင်တို့ ပါဝင်သရုပ်ဆောင်ထားသော **‘အိပ်မက်နတ်သမီး’** ဇာတ်ကား ရှေ့ဆောင်ရုံတွင် ဝင်လာသည်။ ဒါရိုက်တာ ပန်းချီစိုးမိုးရိုက်ကူးပြီး အကယ်ဒမီ ရန်အောင်၊ အကယ်ဒမီ လွင်မိုး၊ အကယ်ဒမီ မေသန်းနု၊ အကယ်ဒမီ ထက်ထက်မိုးဦးနှင့် ခင်ဇာခြည်ကျော်တို့ ပါဝင်သရုပ်ဆောင်ထားသော **‘ငါသူတစ်ပါး ယောကျ်ားမိန်းမ’** ဇာတ်ကား နေပြည်တော်ရုံတွင် တစ်ကျော့ပြန်ဝင်လာသည်။

ရွှေဂုန်ရုံတွင် ဒါရိုက်တာ မိုးပွားရိုက်ကူးပြီး ရန်အောင်၊ ရာဇာနေဝင်း၊ ခိုင်သင်းကြည်တို့ ပါဝင်သရုပ်ဆောင်ထားသော **‘မှတ်ထား’**ဒီဗွီဒီဇာတ်ကား ဆက်လက်ပြသနေသည်။

မြို့မရုံတွင် Sanjay Dutt, Sohail Khan, Sameera Reddy တို့ပါဝင် သရုပ်ဆောင်ထားသော **‘Maine Dil Tujhko Diya’** ဇာတ်ကား ရုံဝင်လာသည်။

(မြန်မာ့အလင်း)

ရုပ်ရှင်သတင်းထောက်

‘အိပ်မက်နတ်သမီး’မှ ဒွေးနှင့် အိန္ဒြာကျော်ဇင်တို့၏ ဇာတ်ဝင်ခန်း တစ်ခန်း။

‘ပေါက်ပေါက်မြောက်မြောက်’မှ ရာဇာနေဝင်းနှင့် ဆုပန်ထွာတို့၏ ဇာတ်ဝင်ခန်းတစ်ခန်း။

‘မျက်နှာများတဲ့ ကောင်းကင်’မှ ရန်အောင်နှင့် အိန္ဒြာကျော်ဇင်တို့၏ ဇာတ်ဝင်ခန်းတစ်ခန်း။

မျှော်လင့်ခြင်း ကမ်းပါး

မေဘယ်လ် ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေးမှ ဒါရိုက်တာ လူမင်းခေါင် ရိုက်ကူးပြီး စိုင်းစိုင်းခမ်းလှိုင်၊ ထွန်းအိန္ဒြာဗိုတို့ပါဝင်သရုပ်ဆောင်ထားသော ‘မျှော်လင့်ခြင်းကမ်းပါး’ မြန်မာဗီဒီယိုဇာတ်ကား မကြာမီရုံဝင်လာမည်ဖြစ်သည်။

"ပြပွဲလာသူများအား ကွန်ပျူတာနှင့် အင်တာနက်ဆိုင်ရာနည်းပညာနှင့် အသုံးအဆောင်ပစ္စည်းများကိုလက်တွေ့သိရှိနိုင်ရန် ဖြစ်ပါတယ်" (DCD ပြခန်းမန်နေဂျာ ဒေါ်စန္ဒာမြင့်) (ဓာတ်ပုံ–သိန်းဝင်းလေး) (မြန်မာ့အလင်း)

■ *ကျော်ဖုံးမှ*

အင်တာနက်နှင့် ဝက်ဘ်ဆိုက် ဆိုင်ရာများကို ပြသထားပါကြောင်း၊ အင်တာနက်နှင့်ပတ်သက်ပြီး တတ်ကျွမ်းကျင်သူများအတွက်လည်း ဝန်ဆောင်မှု ပေးပါကြောင်း၊ အိုင်တီနည်းပညာရပ်သုံးပစ္စည်းများ လက်တွေ့သုံးစွဲနိုင်အောင် အကြံဉာဏ်များလည်းပေးပါကြောင်း၊ လူငယ်များအတွက် အိုင်တီနည်းပညာရပ်နှင့် အသက်မွေးဝမ်းကျောင်း ပြုနိုင်ရန် အတွက် လည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်၏ပံ့ပိုးကူညီမှုကြောင့် ယခုကဲ့သို့ အိုင်တီနည်းပညာရပ်များ တိုးတက်ပြီး ဖွံ့ဖြိုးလာမှုကို များစွာကျေနပ်အားရပါကြောင်း" ပြောကြားသည်။

ပြသထား

ဆက်လက်၍ FIDONET ကွန်ပျူတာ ပြခန်းမှ ပြခန်းတာဝန်ခံ ဦးဇော်လေးအောင်အား ပြခန်းနှင့်ပတ်သက်၍ မေးမြန်းရာ "မိမိတို့ပြခန်းတွင် အိုင်တီနည်းပညာရပ်နှင့် ဆက်စပ်သောပစ္စည်းများ ပြသထားပါကြောင်း၊ ကမ္ဘာ့အဆင့်မီအရည်အသွေးကောင်းမွန်သောပစ္စည်းများကို ပြပွဲလာ ပြည်သူများ လက်တွေ့သိရှိသုံးစွဲနိုင်ရန် ပြသထားပါကြောင်း၊ အထူးသဖြင့် မော်နီတာများ၊ ပရိုဂျက်စတာများကို ပြသထားပါကြောင်း၊ အိုင်တီနည်းပညာနှင့်ပတ်သက်သည့် ဆက်စပ်ပစ္စည်းများဖြစ်သည့် View Sonic Monitor များ ပြသထားပါကြောင်း၊ ယခုကဲ့သို့ ပြခန်းပြသရခြင်းမှာလည်း နိုင်ငံတော်က အားပေးလျက်ရှိသော အိုင်တီနည်းပညာဖွံ့ဖြိုးမှုတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး ပြည်သူများကို အိုင်တီနည်းပညာများ ကျယ်ပြန့်စွာ သိရှိစေရန် ဖြစ်ပါကြောင်း"ပြောကြားသည်။

ဆက်လက်၍ VCT ပြခန်းမှ ပြခန်းတာဝန်ခံ ဦးမောင်မောင်ညွန့်အား မေးမြန်းရာ "မိမိတို့ပြခန်းတွင် အိုင်တီနည်းပညာသုံးပစ္စည်းများဖြစ်သည့် နောက်ဆုံးပေါ် ကွန်ပျူတာများနှင့် ချိတ်ဆက်အသုံးပြုနိုင်သည့် ပစ္စည်းများနှင့် အင်တာနက်ဆိုင်ရာ ပစ္စည်းများကို ပြသထားပါကြောင်း၊ ယခုပစ္စည်းများမှာ လာရောက်လေ့လာကြည့်ရှုသူများအတွက် အသစ်အဆန်းပစ္စည်းများသာဖြစ်ပါကြောင်း၊ နေရာကျဉ်းကျဉ်းတွင် ဝန်ဆောင်မှု များစွာပေးသည့်ပစ္စည်းများဖြစ်ပါကြောင်း၊ ပြည်သူများအနေဖြင့် အဆက်မပြတ်တိုးတက်လျက်ရှိသော အိုင်တီနည်းပညာရပ်သုံးပစ္စည်းများကို သိရှိနိုင်စေရန် ရည်ရွယ်ပါကြောင်း ပြောကြားသည်။

တစ်ဖန် Soft Guide ကွန်ပျူတာ ပြခန်းမှ ပြခန်းတာဝန်ခံ ဦးခန့်က မိမိတို့ပြခန်းဖွင့်လှစ်ရခြင်းမှာ ပြပွဲသို့ လာရောက်လေ့လာကြည့်ရှုသူများအား အိုင်တီနည်းပညာအသုံးပြုထားသော Language Lab ကို သုံးစွဲနိုင်မှုကြောင့် ပညာရေး ဆိုင်ရာများတွင် များစွာ အထောက်အကူပေးနိုင်ကြောင်းနှင့် ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်ဖြစ်ပါကြောင်း၊ ထို့ပြင် ကွန်ပျူတာစီဒီများနှင့် Language Lab နှင့် ပတ်သက်သော ပစ္စည်းများကိုလည်း ပြသထားပါကြောင်း၊ Language Lab များကို အသုံးပြုခြင်းဖြင့် ပညာသင်ကြားရေးတွင် ထိရောက်မြန်ဆန်အောင်မြင်စေရန် ဖြစ်ပါကြောင်း"ပြောကြားသွားသည်။

ထို့နောက် POTENCY ပြခန်းမှ ပြခန်းတာဝန်ခံ ဦးစိုးမိုးအောင်က ပြခန်းနှင့်ပတ်သက်၍ ပြောကြားရာတွင် "လာရောက်ကြည့်ရှုသူ ပြည်သူများအနေဖြင့် ယနေ့ကမ္ဘာပေါ်တွင် လျင်မြန်စွာ တိုးတက်နေသော အိုင်တီနည်းပညာရပ်နှင့် သက်ဆိုင်သောပစ္စည်းများဖြစ်သည့် PC ကွန်ပျူတာ၊ လက်ဆွဲကွန်ပျူတာနှင့် ကွန်ပျူတာ

FIDONET ကွန်ပျူတာပြခန်းတွင် လာရောက်လေ့လာကြည့်ရှုနေသူများကို တွေ့ရစဉ်။ (ဓာတ်ပုံ–သိန်းဝင်းလေး၊ မြန်မာ့အလင်း)

ဆက်စပ်ပစ္စည်းများကို ပြသထားပါကြောင်း၊ လေ့လာသူများအတွက်လည်း မိမိတို့ရေးဆွဲထားသော ဆော့ဖ်ဝဲများလည်း ပြသထားပါကြောင်း၊ ကုမ္ပဏီသုံး၊ ရုံးသုံးပစ္စည်းများကို အိုင်တီနည်းပညာသုံး၍ အဆင့်အတန်းမြင့်စွာ ဆောင်ရွက်နိုင်မှုများကို သိရှိစေရန်ဖြစ်ပါကြောင်း"ပြောကြားသည်။

ဆက်လက်၍ MODINS ပြခန်းမှ ပြခန်းတာဝန်ခံ ဦးမျိုးသီဟက ပြောကြားရာတွင် "လူငယ်များ အိုင်တီနည်းပညာ အသုံးပြုနိုင်အောင် ဖြန့်ဖြူးပေးချင်သည့် ဆန္ဒများဖြင့် ပြခန်းပြသခြင်းဖြစ်ပါကြောင်း၊ ပြခန်းတွင် အိုင်ဒီကဒ်၊ အိုင်ဒီကဒ်နှင့် တွဲဖက်အသုံးပြု၍ရသည့် ဆော့ဖ်ဝဲများ၊ အင်တာနက်ဆိုင်ရာပစ္စည်းများကို ပြသထားပါကြောင်း"ပြောကြားသည်။

DCD ပြခန်းမှ ပြခန်း တာဝန်ခံ ဒေါ်စန္ဒာမြင့်ကလည်း "ကွန်ပျူတာနည်းပညာနှင့် အိုင်တီနည်းပညာရပ်များကို ယနေ့လူငယ်များသိရှိနိုင်စေရန်အတွက်ပြခန်းပြသခြင်းဖြစ်ပါကြောင်း၊ ပြခန်းတွင် ကွန်ပျူတာ အပိုပစ္စည်းများနှင့် နောက်ဆုံးပေါ်ကွန်ပျူတာများကို ပြသထားကြောင်း၊ အိုင်တီနည်းပညာ အဆင့်မြင့်သုံးကွန်ပျူတာများကိုလည်း ပြသထားကြောင်း" ပြောကြားသည်။

ထို့နောက် ပြပွဲသို့ လာရောက်ကြည့်ရှုလေ့လာသူတစ်ဦးဖြစ်သည့် အထက(၃)ကြည့်မြင်တိုင်မှ အလယ်တန်းပြဆရာမဒေါ်နွယ်နွယ်အေးအား ပြပွဲသို့ လာရောက်ကြည့်ရှုမှုအပေါ် မေးမြန်းရာ "ပြပွဲသည် မျိုးဆက်သစ်လူငယ်များအတွက် အိုင်တီနည်းပညာနှင့်ပတ်သက်သည့် ဗဟုသုတများစွာရရှိစေပါကြောင်း၊ နည်းပညာသစ်များအဆက်မပြတ်တိုးတက်နေသည့်ယနေ့ကမ္ဘာကြီးတွင် မိမိတို့ရင်ပေါင်တန်းလိုက်နိုင်ရန် လိုအပ်ကြောင်း"ကို ပြောကြားသွားသည်။

ဆက်လက်၍ ပြပွဲသို့လာရောက်

"မျိုးဆက်သစ်လူငယ်များအတွက် အိုင်တီနည်းပညာနှင့်ပတ်သက်၍ များစွာဗဟုသုတရရှိစေပါတယ်" (အထက–၃ ကြည့်မြင်တိုင် အလယ်တန်းပြဆရာမ ဒေါ်နွယ်နွယ်အေး။) (ဓာတ်ပုံ–သိန်းဝင်းလေး) (မြန်မာ့အလင်း)

ကြည့်ရှုလေ့လာသူ မောင်နေလင်းထွန်း ဆေးတက္ကသိုလ်နောက်ဆုံးနှစ်ကျောင်းသားအား မေးမြန်းရာ "ပြပွဲသို့လာရောက်ကြည့်ရှုရခြင်းဖြင့် အိုင်တီနည်းပညာရပ်သုံးပစ္စည်းများ၊ အင်တာနက်နှင့်အီးမေးဆိုင်ရာကိုလည်းကောင်း၊ အိုင်တီဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများကိုတွေ့မြင်ရ၍ ဗဟုသုတတိုးပွားပါကြောင်း"ပြောကြားသွားသည်။

တတိယအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပြပွဲ–၂၀၀၄သည် လာရောက်ကြည့်ရှုလေ့လာသူများအား အိုင်တီနည်းပညာနှင့် အိုင်တီဆိုင်ရာ ပစ္စည်းများကို အံ့သြစွာတွေ့ရှိမြင်တွေ့ပြီး ချက်ချင်းအိုင်တီပညာရပ်အပေါ် လေ့လာလိုက်စားမှုဖြစ်ပေါ်စေရန် စွမ်းဆောင်ပေးသလိုဖြစ်ပါကြောင်းရေးသားဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

နှုတ်ဆက်

ဇန်နဝါရီ ၂၂ ရက်က နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင် အိန္ဒိယသမ္မတ နိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာဗီရင်ဂျေရှားနှင့်အဖွဲ့ ပြန်လည်ထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်စဉ်။(သတင်းစဉ်)

✻ *အင်းဝခေတ်လက်ရာမှ*

ရှေးဟောင်းသုတေသန ဦးစီးဌာနခွဲ (မန္တလေး)မှ ညွှန်ကြားရေးမှူး (စီမံ) ဦးလှကြီးမောင်မောင်၊ ဦးစီးအရာရှိဦးကျော်ရိုန်၊ သုတေသနလက်ထောက် ဦးလှရွှေတို့သည် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်မှစ၍ လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့သည်။ ယခု ဇန်နဝါရီ ၇ ရက်မှ ၁၁ ရက်လုပ်ငန်းကာလအတွင်း စေတီတော် ပထမပစ္စယာနှင့် အရံစေတီတော်အနီးရှိ မြေများ၊ အုတ်ကျိုးများကို ဖယ်ရှားရှင်းလင်းရာမှ အင်းဝခေတ်လက်ရာ ရှေးဟောင်းဆင်းတုတော် ၂၂ ဆူ တွေ့ရှိရသည်။ ယင်း ၂၂ ဆူတို့မှ လက်ရာကောင်းမွန်ပြီး မီးလျှံပုံရောင်လျှံတော်ပါရှိသည့် ကြေးဆင်းတုတော်တစ်ဆူနှင့် ပဉ္စလောဟာဆင်းတုတော်တစ်ဆူတို့မှာ လက်ရာထူးခြားကောင်းမွန်သပ္ပာယ်လှသည်။

အဆိုပါစေတီတော်မှာ အင်းဝဘုရင်မင်းကြီးစွာစော်ကဲလက်ထက် (မြန်မာသက္ကရာဇ် ၇၂၉–၇၆၂) ကာလဖြစ်၍ ဘုရင်မင်းကြီးစွာစော်ကဲ၏ကောင်းမှုဖြစ်ကြောင်းနှင့် မြန်မာသက္ကရာဇ် (၇၃၆)ခုနှစ်တွင် မဟာသုဓမ္မသာမိအရှင်သူမြတ်၏ကြီးကြပ်မှုဖြင့် တည်ထားခဲ့ခြင်းဖြစ်ကြောင်း မှန်နန်းမဟာရာဇဝင်တော်ကြီးနှင့် ဇင်းမယ်ရာဇဝင်တို့တွင်ဖော်ပြထားသည်။

ပြိုကျပျက်စီးလျက်ရှိသော ပင်းယအောင်စည်းခံစေတီတော်ကြီး တူးဖော်ခြင်း၊ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ရှေးဟောင်းသုတေသနဦးစီးဌာနခွဲ (မန္တလေး)၏ကြီးကြပ်မှုဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၅၉)နှစ်မြောက်တပ်မတော်နေ့

စာပေနှင့်ဓာတ်ပုံပြိုင်ပွဲစာမူများ သတ်မှတ်ရက်အမီပေးပို့

ရန်ကုန် ဇန်နဝါရီ ၂၂

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီက ဝတ္ထုရှည်၊ ဝတ္ထုတိုနှင့် ဆောင်းပါးပြိုင်ပွဲများ ကျင်းပပေးမည်ဖြစ်ကြောင်း ကြေညာထားပြီးဖြစ်သည်။ ပြိုင်ပွဲဝင် စာမူများ နောက်ဆုံးပေးပို့ရမည့်ရက်မှာ ဇန်နဝါရီ ၃၁ ရက်ဖြစ်၍ အချိန်မီပေးပို့ကြရန် နှိုးဆော်ထားသည်။ စာပေပြိုင်ပွဲနှင့်ပတ်သက်သည့် စည်းကမ်းချက်များမှာ ယခင်ထုတ်ပြန်ထားသည့်အတိုင်းဖြစ်ပြီး ပြိုင်ပွဲဝင်စာမူများကို အတွင်းရေးမှူး၊ တပ်မတော်နေ့ စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြည်လမ်းရန်ကုန်မြို့သို့ အချိန်မီပေးပို့ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံကြက်ခြေနီအသင်းအကျိုးဆောင်အတွင်းရေးမှူး ပြည်နယ်ကြက်ခြေနီအသင်းဝင်များနှင့်တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၂၂

မြန်မာနိုင်ငံကြက်ခြေနီအသင်းအကျိုးဆောင်အတွင်းရေးမှူးဒေါက်တာထွန်းစိန်သည် အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသိန်းမောင်မြင့်လိုက်ပါလျက် ဇန်နဝါရီ ၁၃ ရက်မှ ၁၇ ရက်အထိ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိမောင်တောမြို့နယ်ကြက်ခြေနီအသင်း အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းဝင် တပ်ဖွဲ့ဝင်များနှင့်လည်းကောင်း၊ ဘူးသီးတောင်မြို့နယ် ကြက်ခြေနီအသင်း အမှုဆောင်များ၊ အသင်းဝင် တပ်ဖွဲ့ဝင်များနှင့်လည်းကောင်း တွေ့ဆုံ၍ မြို့နယ်ကြက်ခြေနီအသင်းနှင့် သူနာပြုတပ်ဖွဲ့များ ကျစ်လျစ်သိပ်သည်းစွာ ဖွဲ့စည်းရေး၊ ရှေးဦးပြုစုခြင်းဖြင့် ကြက်ခြေနီလှုပ်ရှားမှုလုပ်ငန်းများကို ကျေးရွာများအထိ တိုးချဲ့ဆောင်ရွက်သွားရေး၊ လူထုအတွင်း တစ်ကိုယ်ရေသန့်ရေး၊ကျန်းမာရေး၊ အသိပညာပြန့်ပွားရေးတို့ကို ပူးပေါင်းဆောင်ရွက်ရန်မှာကြားသည်။

ထို့နောက် အကျိုးဆောင်အတွင်းရေးမှူးနှင့်အဖွဲ့သည် မြန်မာနိုင်ငံကြက်ခြေနီအသင်း စီမံချက်မှ လုပ်ကိုင်ဆောင်ရွက်ပေးနေသည့် အသက်မွေးဝမ်းကျောင်း သင်တန်းဆင်းများကို တွေ့ဆုံခဲ့ကြောင်းသိရသည်။**(က–ပ)**

အင်္ဂလိပ်စကားပြော သင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၂

လက်တွေ့သဒ္ဒါနည်းကျကျ ရေး၊ ဖတ်၊ပြောကျွမ်းကျင်စေရန် ဆရာမကြီး ဒေါ်တင်လှိုင် B.A (Eng:) ဦးစီး၍ စနစ်တကျ သင်ကြားပေးမည့် Interview တစ်ပတ်၊ နိုင်ငံခြားသွား တစ်လ၊ အခြေခံ အဆင့်မြင့် တစ်လ၊ Seamen Course. Tourism, Hotel, Company, Student Visa Grammer, Phonetic အင်္ဂလိပ်စကားပြောသင်တန်းများကို တန်းခွဲသစ်များအဖြစ် ရုံးဝန်ထမ်းများအတွက် စနေ၊ တနင်္ဂနွေ အထူးတန်းခွဲကို ဖွင့်လှစ်မည်ဖြစ်ရာ စိတ်ပါဝင်စားသူများ လှည်းတန်း မီးပွိုင့်အနီးရှိ ဒေါ်တင်လှိုင် စုပါအေဝမ်း အင်္ဂလိပ်စကားပြောသင်တန်း ဖုန်း–၅၁၁၂၃၁ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ဇန်နဝါရီ ၂၀ရက်က မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက်ရှိ နိုင်ငံသားအရည်အချင်းပြည့်မီသူ ၂၅၈ ဦးတို့အား လက်ထောက်မြို့နယ်ဦးစီးဌာနမှူး ဦးသောင်းထွဋ်ဦးက နိုင်ငံသား စိစစ်ရေးကတ်ပြားများပေးအပ်စဉ်။ (က–ပ)



နှစ်သိမ့်ဆွေးနွေးပညာပေး စာအုပ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၂

မောင်မောင်ထွန်းအောင်(ကျန်းမာရေး)စီစဉ်၍ ဒေါက်တာဦးထွန်းဝေ (ဝေဘူလ)ရေးသားသော နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း စာအုပ်ကို ဝေဘူလစာပေတိုက် ၁၅၄ လွတ်လပ်ရေးလမ်းနှင့် သံသုမာလမ်းဆုံ (ဃ)ရပ်ကွက် (သုဝဏ္ဏ)သင်္ဃန်းကျွန်းမြို့နယ်က ဖြန့်ချိလိုက်သည်။ **(ဝဲပုံ) (က–ပ)**

မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ နိုင်ငံတကာပြိုင်ပွဲအဖြစ်ရန်ကုန်မြို့၌ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၂

အပြည်ပြည်ဆိုင်ရာ ဂေါက်သီးရိုက် အားကစားနည်းပညာ တိုးတက်လေ့လာသိရှိနိုင်ရေးနှင့် မြန်မာ့ဂေါက်သီးရိုက်အကျော်အမော်များစဉ်ဆက်မပြတ်မွေးထုတ်နိုင်ရေးတို့ကို ရည်ရွယ်လျက် Myanmar Professional Golfer Association (MPGA)နှင့် Asian Tour တို့ ပူးပေါင်း၍ Rothmans of Pall Mall Myanmar Pte.,Ltd.ကအဓိက ပံ့ပိုးမည့် ၂၀၀၄ခုနှစ် Myanmar Open ဂေါက်သီးရိုက်ပြိုင်ပွဲကို နိုင်ငံတကာပြိုင်ပွဲအဖြစ် [Will Be Held On A Grand Scale Asian International Event At The Yangon Golf Club Here From (12) February To (15)February]ဖေဖော်ဝါရီ ၁၂ရက်မှ ၁၅ရက်အထိ ရန်ကုန်မြို့ ဒညင်းကုန်းရန်ကုန်ဂေါက်ကလပ်၌စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

Myanmar Open ဂေါက်သီးရိုက်ပြိုင်ပွဲသို့ သြစတြေးလျ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တရုတ်(တိုင်ပေ)၊ ကနေဒါ၊ Ecuador၊ အင်္ဂလန်၊ ဟောင်ကောင်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဂျပန်၊ ကိုရီးယား သမ္မတနိုင်ငံ၊ ကင်ညာ၊ မလေးရှား၊ မက္ကဆီကို၊ နယူးဇီလန်၊ ဖိလစ်ပိုင်၊ စကော့တလန်၊ စင်ကာပူ၊ တောင်အာဖရိက၊ သီရိလင်္ကာ၊ ဆွီဒင်၊ ထိုင်း၊ အမေရိကန်ပြည်ထောင်စုနှင့်မြန်မာ တို့မှ အမျိုးသားဂေါက်သီးအကျော်အမော်များပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ယခုပြိုင်ပွဲတွင် ပြီးခဲ့သည့် ပြိုင်ပွဲများ၌ ဗိုလ်စွဲခဲ့ကြသည့် ချန်ပီယံများဖြစ်ကြသော ယမန်နှစ်က Lin Keng-Chi(တရုတ်တိုင်ပေ)၊ ၂၀၀၂ ခုနှစ်က Thon Chai Jaidee(ထိုင်း)၊ ၂၀၀၁ခုနှစ်က AnthonyKang(အမေရိကန်ပြည်ထောင်စု)၊ ၁၉၉၉ ခုနှစ်က Wang Ter Chang(တရုတ်တိုင်ပေ)၊ ၁၉၉၈ ခုနှစ်က Taimur Hussain (ပါကစ္စတန်)၊ မြန်မာနိုင်ငံတွင်နှစ်ကြိမ်ဆက်တိုက် ဗိုလ်စွဲခဲ့သော (၁၉၉၆-၉၇) Boonchu Rungkit (ထိုင်း)၊ ဂျပန်နိုင်ငံဂေါက်သီး ရိုက်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော ဇော်မိုး၊ ၁၉၉၉ ခုနှစ် Order of Merit Winner ကြည်လှဟန်၊ Myanmar P.G.A ချန်ပီယံများ ဖြစ်ကြသော အောင်ဝင်း၊ စိုးကျော်နိုင်၊ ဇော်ပိုင်ဦးနှင့် ဇော်ဇော်လတ်တို့ အပါအဝင် ဂေါက်သီးရိုက် အစွမ်းအစရှိသော Myanmar P.G.A ဂေါက်သီးရိုက်အားကစားသမားများနှင့်အရှေ့တောင်အာရှနှင့် ဥရောပနိုင်ငံများမှ နာမည်ကျော် ဂေါက်သီးရိုက် အားကစားသမားများ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပမည့် ၂၀၀၄ ခုနှစ် Myanmar Open ဂေါက်သီးရိုက်ပြိုင်ပွဲသို့ ဂေါက်သီးရိုက် အားကစားဝါသနာရှင်များ အားပါးတရ ကြည့်ရှုအားပေးနိုင်ရေးအတွက် ရန်ကုန်မြို့ ဒညင်းကုန်း ရန်ကုန် ဂေါက်ကလပ်တွင် ဝင်ကြေးမရှိ အခမဲ့ ဝင်ရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြောင်းမြမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၂

မြောင်းမြမြို့နယ် အသင်း(ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၂၅ရက်(တနင်္ဂနွေနေ့)နံနက် ၈နာရီတွင် ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ် ဗဟန်းမြို့နယ်ကြားတောရလမ်းရှိ ဇရာဝတီတိုင်းဓမ္မာရုံကြီးတွင် ကျင်းပမည်ဖြစ်ရာ အသင်းသားအသင်းသူများနှင့်မြို့နယ်သူမြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နိုးဆော်ထားသည်။

အစည်းအဝေးတွင် အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင်များနှင့် အသင်းဝင်များ၏မိဘ သက်ကြီးပူဇော်ပွဲနှင့် ၂၀၀၂-၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးသုံးဘာသာနှင့်အထက် အောင်မြင်ရရှိသူ မြောင်းမြမြို့နယ်မှကျောင်းသားကျောင်းသူများကိုလည်းကောင်း၊ ပညာသင် ထောက်ပံ့ဆုများကိုလည်းကောင်းပူဇော်၊ ဂုဏ်ပြု၊ ထောက်ပံ့ ချီးမြှင့်မည်ဖြစ်ရာ ကာယကံရှင်များ ကိုယ်တိုင်ကိုယ်ကျတက်ရောက်၍ပူဇော်၊ဂုဏ်ပြု၊ထောက်ပံ့သည်ကိုလက်ခံရယူကြရမည်ဖြစ်သည်။

အသေးစိတ်သိရှိလိုသူ အသင်းသားအသင်းသူများသည် ဥက္ကဋ္ဌဦးကျော်ဝင်းဖုန်း-၅၅၈၅၄၃၊ ဒုဥက္ကဋ္ဌများဖြစ်ကြသော ဦးမျိုးကြည် ဖုန်း-၅၇၈၆၃၈၊ ဦးသန့်ဇင် ဖုန်း-၀၉-၉၉-၂၂၁၉၇၊ ဦးခင်မောင်အေး ဖုန်း-၆၆၆၃၁၀၊ အတွင်းရေးမှူး ဦးလှဖေ ဖုန်း-၇၀၅၈၇၈နှင့်တွဲဖက်အတွင်းရေးမှူး ဦးဇော်ထွန်းဖုန်း-၇၀၉၁၁၄တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က-ပ)**

လှိုင်သာယာမြို့နယ်၊ အမှတ် (၅) အခြေခံပညာမူလတန်းလွန်ကျောင်း မိဘဆရာ အသင်းနှစ်ပတ်လည် ညီလာခံနှင့် ဆုနှင်းသဘင်အခမ်းအနားကို ဇန်နဝါရီ ၂၀ရက်က ကျင်းပရာ သူငယ်တန်းတွင် ထူးချွန်ဆုရ မောင်ဝင်းပိုင်ထက်အား ကျောင်းအုပ်ဆရာကြီး ဦးရွှေဝင်း က ဆုချီးမြှင့်စဉ်။ (က-ပ)

အင်္ဂလိပ်စာသင်တန်းများဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၂

လက်တွေ့ပြောဆိုနိုင်မည့် နည်းစနစ်များဖြင့် ဆရာအာဘာ ဘီအေ(အင်္ဂလိပ်စာ)၊ ဒီပလိုမာ (အင်္ဂလိပ်စာသင်ကြားရေးဘွဲ့)နှင့်အင်္ဂလိပ်စာဘွဲ့ရဆရာများကပို့ချပေးမည့် Spoken English , IntermediateLevel General English Proficiency သင်တန်းများကို ဇန်နဝါရီ ၂၆ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။

ကျောင်းသားဟောင်းများအတွက် တစ်နှစ်ပတ်လုံး ဖွင့်လှစ်သင်ကြားပေးနေသည့် Member Club အဖွဲ့ဝင်အဖြစ် လေ့ကျင့်ခွင့် စာအုပ်များ အခမဲ့ငှားရမ်းခွင့်များ ရရှိမည်ဖြစ်ရာ Success Language Academ အမှတ် ၄၅၇(တတိယထပ်) ကုန်သည်လမ်း (ဘိုကလေးဈေးလမ်းထောင့်)၊ ဂမုန်းပွင့်ကုန်တိုက်ရှေ့ ဖုန်း-၂၉၅၇၂၄ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဒီဂျစ်တယ် ဂရပ်ဖစ်ဒီဇိုင်နာ ပညာရှင်အဆင့် သင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၂

M-Plus Creative Media Group က Digital Graphic Designer Professional Course အပတ်စဉ် (၈) ကို ဖေဖော်ဝါရီ ပထမပတ်တွင် ထပ်မံဖွင့်လှစ်သွားမည် ဖြစ်သည်။ သင်တန်းတွင် သင်ကြားပေးမည့် ဘာသာရပ်များမှာ Corel Draw-10, Photoshop -7,Digital Image Pro (Microsoft), Illustrator -10 စသည့် Softwareများကို လေ့ကျင့်ခန်းများနှင့် စာတွေ့ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်သည်။ အပတ်စဉ်(၈) တွင် အထူးအစီအစဉ်ဖြင့် နာမည်ကျော် Designer များ၊ ဓာတ်ပုံပညာရှင်များ၏ ဟောပြောပို့ချမှုများ ပါဝင်မည်ဖြစ်သည်။ သင်တန်း တက်ရောက်လိုသူများသည် M-Plus Creative Media Group အမှတ်/၁၉၄၊၃၃လမ်း(အထက်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်း ဖုန်း-၇၀၄၉၄၇၊ ၀၉၈၀-၃၄၅၁၅၊ E.mail-MRM @ mail 4u,com.mm ၊ MRT @ mail 4u.com.mm တို့သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ထမနဲပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၂

ပဲခူးတိုင်း ပဲခူးမြို့ ကျိုးတောင်ကျောင်း ဦးစီးနာယက ဆရာတော်ဦးဇာဂရ အမှူးထား၍ ထမနဲပြိုင်ပွဲကို တပို့တွဲလပြည့်နေ့(ဖေဖော်ဝါရီ ၅ရက်)တွင် ဒယ်ပေါင်း၁၀၈ဒယ်ကို အနယ်နယ်အရပ်ရပ်မှ ယှဉ်ပြိုင်ကြရန် ဖိတ်ခေါ်ထားသည်။

ယင်းပြိုင်ပွဲတွင် ပင့်သံဃာ၁၀၈ ပါးတို့အား သင်္ကန်း ၁၀၈စုံနှင့် လှူဖွယ်ပစ္စည်းများကို လောင်းလှူကြပြီး ကြွရောက်လာကြသော ဧည့်ပရိသတ်များအား ဧည့်ခံကျွေးမွေး၍ ပြိုင်ပွဲတွင် ပထမဆုမှ ပဥ္စမဆုအထိ ဥက္ကဋ္ဌ ဦးစိန်သာဗလ(ကမ္ဘာ့ဗုဒ္ဓသာသနာပြု)က ချီးမြှင့်ပြီး အတွင်းရေးမှူး မောင်လွမ်းနွယ်နှင့်အဖွဲ့ဝင် စာရေးဆရာ ကိုးဦးတို့က အစအဆုံး တာဝန်ယူပြီး ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲဝင်၍ လှူဒါန်းလိုပါက ဖုန်း-၀၁-၂၅၃၅၁၉၊ ဦးစိန်သာဗလ ဖုန်း-၀၁-၅၇၇၇၄၅တို့သို့ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အားမာန်သစ်စာပေ အမှတ် ၅၁၊ မန္တလေးလမ်း ကန်တော်ကလေး ရန်ကုန်မြို့မှ ထုတ်ဝေဖြန့်ချိလိုက်သည့် ချစ်နိုင် (စိတ်ပညာ) ၏ အမွေကြေးစည်သံ စာအုပ်မျက်နှာဖုံး။ (က-ပ)

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ် မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလအတွက်
နောက်ဆုံးပတ် (တနင်္ဂနွေနေ့)
၂၅-၁-၂၀၀၄ ရက်နေ့
၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်
၈-၂-၂၀၀၄ ရက်နေ့
နှင့် ၂၉-၂-၂၀၀၄ ရက်နေ့

တိမ်အသင့်အတင့်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

(၃၅)နှစ်မြောက် မင်္ဂလာဆုတောင်း

ဖအီးမန်းသက်စိုး၊ မေအီး နော်တင်လှတို့၏ ၂၃-၁-၂၀၀၄ ရက်တွင် ကျရောက်သော (၃၅)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် မင်္ဂလာနှစ်(၁၀၀)တိုင် သားသမီးမြေးများနှင့်အတူ လောကီ လောကုတ္တရာ အကျိုးနှစ်ဖြာကို ကျန်းမာပျော်ရွှင်စွာ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

သမီး - နမ့်သီတာစိုး
သား - စသန်းထိုက်စိုး၊ နန့်မိုးမိုး၊
မြေး - စဇေယျာထိုက်စိုး

အများသိစေရန် သတိပေးတားမြစ်ခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဒေါ်စန္ဒာတင် (၁၂/မဂတ (နိုင်) ၀၁၂၈၁၄၊ အမှတ် ၂၈၊ ၁၂၇လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် နေသူ၏ ညွှန်ကြားချက်အရ သတိပေးတားမြစ်အပ်သည်မှာ-

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ် ၊အနော်ရထာလမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့် အမှတ် ၁၂၄၊ အကျယ်အဝန်း (ပေ ၃၀ X ၁၀ပေ)ရှိ အင်း၀ အပ်ချုပ်ဆိုင်နှင့် ဆိုင်ပေါ်ရှိ ရောင်းထည်များ၊ အလုပြစီရိုများ၊ စက်ပစ္စည်းများ၊လျှပ်စစ်ပစ္စည်းများနှင့် တယ်လီဖုန်းအမှတ် ၂၄၈၁၅၆၊၂၅၁၂၀၉တို့သည် ဟာဂျီဦးမောင်တင် (ခ) ဟာဂျီဦးအေးမူနာဖ် ပိုင်ဆိုင်ခဲ့ပြီး ၁၂-၄-၂၀၀၂ နေ့တွင် ၎င်းကွယ်လွန်သောအခါ ဇနီးဖြစ်သူဒေါ်လှမေ (၁၂/မဂတ (နိုင်) ၀၁၆၀၆၂)၊ သားဖြစ်သူ ဦးတင်မောင်လှ (၁၂/သဃက (နိုင်)၁၂၄၁၃၅)၊ သမီးကြီးဖြစ်သူ ဒေါ်တင်သူဇာ (၁၂/မဂတ(နိုင်) ၀၅၆၅၀၁)၊သမီးငယ်ဖြစ်သူ ဒေါ်စန္ဒာတင် (၁၂/မဂတ (နိုင်) ၀၁၂၈၁၄) တို့သည် အစ္စလာမ်တရားတော်နှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ကြပြီး အမွေပုံကို အပြီးအပိုင် ခွဲဝေခြင်း မရှိဘဲ ဖြစ်ထွန်းသော အကျိုးစီးပွားကိုသာ ခွဲဝေခံစားနေကြပါသည်။ သို့ ဖြစ်ရာ အမွေဆိုင်တစ်ဦးဖြစ်သူ ဒေါ်စန္ဒာတင် ခွင့်ပြုသဘောတူညီချက်မရှိဘဲ မည်သူမဆို ဆိုင်ခန်း၏ မူလအိမ်ငှား ဦးမောင်တင်၏ အမည်ကို တစ်ဦးဦး၏ အမည်သို့ ပြောင်းလွှဲခြင်း၊ ဆိုင်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း အပါအဝင် လွှဲပြောင်းမှု တစ်ရပ်ရပ်ပြုလုပ်ခြင်း၊ မည်သူမဆို ဆိုင်ခန်းအတွင်း ကျူးကျော်ဝင်ရောက် နေထိုင်ခြင်း၊ ဆိုင်ခန်းကို ခွဲစိတ်ခြင်း၊ ပိုင်းခြားခြင်း၊ ကာရံခြင်း အစရှိသည်တို့ မပြုလုပ်ကြပါရန် သတိပေးတားမြစ်လိုက်ပါသည်။ မလိုက်နာပါက ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးညိမ်းမြင့်
တရားရုံးချုပ်ရှေ့နေ(စဉ်-၂၄၃၀)
အမှတ်-၅၆၁၊ ပထမထပ်၊ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါသည်

ဗဟန်းမြို့နယ်၊ ကမ္ဘောဇလမ်း၊ အမှတ်(၆၇)နေ ဒေါ်ရင်နု+၅ ၁၂/ဗဟန (နိုင်) ၀၅၅၀၂၅ကဗဟန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၃၆-K၊ မြေကွက်အမှတ် ၁၁၁-L/၅-၂ မြေအမည်ပေါက် ဦးဘမျိုး အမည်ရှိ မြေပိုင်မြေအား မြေပုံကူးခွင့်ပြုပါရန် လျှောက်ထားလာရာ ၃၀ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **ဌာနမှူး**
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန။

သားအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်ကြည်ကြည်ဝင်း ၁၂/သကတ (နိုင်)၀၁၀၇၅၉ ၏သားဖြစ်သူ မောင်ဝင်းကိုကိုဝင်း ၁၂/သလန (နိုင်) ၀၁၁၇၅၅ သည် မိခင်ဖြစ်သူအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝကို လုံး၀ တာဝန်မယူပါ။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
ဒေါ်ကြည်ကြည်ဝင်း



အက်ဖ်အေဖလား စတုတ္ထအဆင့်နှင့် ပရီမီယာရှစ်အသင်းများ

လာမည့် ဇန်နဝါရီလ ၂၄ရက်နှင့်၂၅ ရက်မှာတော့ ပရီမီယာရှစ်ပွဲများ နားထား၏။ ပရီမီယာရှစ်ပွဲများအစား အက်ဖ်အေပွဲများ ကစားဖို့ရှိနေသည်။ အက်ဖ်အေဖလားမှာ စတုတ္ထအဆင့်သို့ရောက်နေပြီဖြစ်ရာ စုစုပေါင်း၃၂သင်းသာ ကျန်တော့သည်။ ထိုအထဲ၌ ပရီမီယာရှစ်အသင်းများလည်းပါသည်။ ပထမတန်း၊ ဒုတိယတန်းသာမက စတုတ္ထတန်းအဆင့်က အသင်းများပင် ပါနေသေးသည်။ အက်ဖ်အေဖလား စတုတ္ထအဆင့်၌ပင် ပွဲကောင်းများပါနေသည်။ အထူးသဖြင့် ပရီမီယာရှစ်မှ အသင်းကြီးများ စောစောစီးစီး ထိပ်တိုက်ဆုံတွေ့နေကြသည်။ အာဆင်နယ်-မစ်ဒယ်ဘရော့၊မန်စီးတီး-တော့တင်ဟမ်၊လီဗာပူး-နယူးကာဆယ် အဲဗာတန်-ဖူလ်ဟမ်တို့ပွဲများမှာ ပရီမီယာရှစ် အသင်းများအချင်းချင်း ရင်ဆိုင်ကြရမည်ဖြစ်၍ နောက်တစ်ဆင့်ရောက်ရေး ခက်ခက်ခဲခဲကစားကြရမည့်ပုံ ရှိသည်။ မန်ယူ၊ ချယ်လ်ဆီးတို့လိုအသင်းများအတွက် စတုတ္ထအဆင့်ပွဲများ၌ ပွဲချောင်သည်ဟု ဆိုနိုင်လောက်သည်။မန်ယူက နော့သမ်တန်၊ချယ်လ်ဆီးက စကားဘရော့ အသင်းများနှင့် ကစားရမည်ဖြစ်ရာ နောက်တစ်ဆင့်တက်ရောက်နိုင်ခွင့်အတွက် အလားအလာကောင်းများ ပိုင်ဆိုင်ထားကြသည်ဟုပင် ဆိုနိုင်သည်။ အက်ဖ်အေဖလား စတုတ္ထအဆင့်ကို ပရီမီယာရှစ်မှ အသင်းပေါင်း ၁၃သင်း တက်ရောက်ယှဉ်ပြိုင်ခွင့်ရထားကြသည်။ ထိုအထဲမှ လေးသင်းမှာမူ စတုတ္ထအဆင့်နှင့်ပင် ကျေနပ်လိုက်ရမည်မှာ ကျိန်းသေနေပြီဖြစ်သည်။ ပရီမီယာရှစ်အသင်းများနှင့် အက်ဖ်အေဖလား စတုတ္ထအဆင့်ပွဲများကို ကြိုတင်ခံစားကြည့်လိုက်မိပါသည်။

အာဆင်နယ်-မစ်ဒယ်ဘရော့

ဆုံပဲဆုံနိုင်လွန်းသည်။ လိဂ်ဖလားဆီမီးပွဲအဖြစ်အာဆင်နယ်နှင့် မစ်ဒယ်ဘရော့တို့ဇန်နဝါရီ၂၀ရက်က ကစားပြီး မစ်ဒယ်ဘရော့က ၁-၀ဖြင့် အနိုင်ရသည်။ ယခုအက်ဖ်အေပွဲ ထပ်နွှဲရဦးမည်။ အာဆင်နယ်တို့မှာ အစဉ်အလာရှိသည်။ မစ်ဒယ်ဘရော့ကို ကျော်ဖြတ်နိုင်သည်နှင့် အက်ဖ်အေဖလား ဆွတ်ခူးလေ့ရှိသည်ဆို၏။ ယခုတစ်ကြိမ်တွင်လည်း အာဆင်နယ်အစဉ်အလာကောင်းကို ထိန်းနိုင်ဖို့ ကြိုးစားပေလိမ့်မည်။ ပရီမီယာရှစ်၌မူ ဤနှစ်သင်း နှစ်ကြိမ် ကစားခဲ့ဖူးပြီဖြစ်သည်။ ပထမအကျော့ မစ်ဒယ်ဘရော့ကွင်း ၀-၄၊ ဒုတိယအကျော့ အာဆင်နယ်ကွင်း ၄-၁ နှစ်ကျော့စလုံး အာဆင်နယ်အနိုင်ကစားထားသည်။ နှစ်ပွဲစလုံးဂိုးပြတ်များချည်းဖြစ်သည်။ ယခုကစားရမည်က အာဆင်နယ်ကွင်း၌ ဖြစ်နေသည်။ တွေ့တိုင်းလည်း အာဆင်နယ် ဂိုးပြတ်နိုင်ထားသည်။ သည်တော့ အာဆင်နယ်ကို အထင်ကြီး စရာဖြစ်နေသည်။ သို့သော် ယခုကစားရမည်က အက်ဖ်အေပွဲဖြစ်သည်။ ဝင်းဂါးအနေဖြင့် တစ်ပတ်အတွင်း နှစ်ကြိမ်ဆုံသည့် အသင်းအတွက် အပြောင်းအလဲများ လုပ်ထားနိုင်သည်။ မစ်ဒယ်ဘရော့ကလည်း အာဆင်နယ်နှင့် ဆုံတိုင်းရှုံးအသင်း ဖြစ်လိုမည်မဟုတ်။ ထို့အတွက်ကြောင့် အာဆင်နယ်ကို အင်အားပြည့်ရင်ဆိုင်လိမ့်မည်။ သို့သော် မစ်ဒယ်ဘရော့၏ ခြေစွမ်းကအခုတလော ပြန်ယိုင်နေသည်။ အထူးသဖြင့်မာကျောပါသည် ဆိုသောခံစစ်က ခပ်ပျက်ပျက် ဖြစ်နေသည်။ တိုက်စစ်ကလည်း မထက်မြက်ရာ တိုက်စစ်ပျက်၊ ခံစစ်ပျက်အခြေအနေနှင့် အာဆင်နယ်ကိုဟိုက်ဘူရီ၌ မည်သို့ ခံကစားဦးမည်သာ စောင့်ကြည့်ရလိမ့်မည်။ အာဆင်နယ်က လူငယ်လေးများ အစွမ်းပြကြဖို့သာလိုပါလိမ့်မည်။ ဟိုက်ဘူရီ၌ မစ်ဒယ်ဘရော့အတွက် အမျှော်လင့်နိုင်ဆုံးမှာ သရေဟူသော အဖြေထက် ပိုမည်မထင်ပေ။

လီဗာပူး-နယူးကာဆယ်

နှစ်သင်းစလုံး ချန်ပီယံဖြစ်နိုင်ခွင့်မှာ ယခုပြိုင်ပွဲ၌သာ ရှိတော့သည်။ ထို့ကြောင့် အနိုင်ရရေးအတွက် နှစ်သင်းစလုံး အင်အားပြည့်ပွဲထုတ်ကြလိမ့်မည်။ နှစ်သင်းစလုံး လူစုံသလောက်ဖြစ်နေ၍လည်း ခြေညီပြီးကြည့်ကောင်းနိုင်သည်။ ပရီမီယာရှစ်၌ ထိုနှစ်သင်းနယူးကာဆယ်ကွင်း၌ ဆုံထားစဉ်ကမူ ၁-၁ သရေကျထားသည်။ ယခုကစားရမည်က လီဗာပူးကွင်း၌ဖြစ်နေသည်။ နယူးကာဆယ်ကို အဝေးကွင်းခြေမမှန်ဟုသတ်မှတ်ထား၍ ရသော်လည်း လီဗာပူးမှာလည်း ခြေမငြိမ်သေးသည့်အသင်းဟုဆိုနိုင်သည်။ ခံစစ်ကကျနေသလို အိုဝင်ကစားနေသည့် တိုက်စစ်ကလည်း ထင်သလိုမတိုးတက်သေး။ ထို့ကြောင့်လီဗာပူး၏ ခြေစွမ်းကိုလည်း ယုံစားထား၍မရ။ တိုက်စစ်ချင်းယှဉ်လိုက်လျှင် နယူးကာဆယ်ကတောင် ဂိုးသွင်းနိုင်မည့်သူ ပိုများနေသယောင်ရှိနေသည်။ ခြေကလည်းမကွာလှရာ တစ်ချက်မှားသည့်အသင်းခံရမည့်ပွဲမျိုးဖြစ်သည်။ သရေကျနိုင်ခြေများနေသော်လည်း အနိုင်ဆိုလျှင် နယူးကာဆယ်ကို ပိုအကြိုက်တွေ့နေမိသည်။

ဟင်းသန့်

မန်စီးတီး-တော့တင်ဟမ်

မန်စီးတီးခြေမှာလည်း ထူးမခြားနားပင်ရှိသေးသည်။ ဒေးဗစ်ဂျိမ်း ရောက်လာ၍ ဂိုးပေါက်လုံခြုံမှု ပိုအားကောင်းလာနိုင်သော်လည်း ခံစစ်ပိုင်းယိုယွင်းမှုက မန်စီးတီးကို အပိုင်တွက်၍မရသလို ဖြစ်နေသည်။ တိုက်စစ်နှင့်ကွင်းလယ် အားကောင်းသည်။ ရှေ့မှာလည်း ဂိုးသွင်းနိုင်သူများရှိနေသည်။ သို့သော် လက်ရှိခံစစ်နှင့်တော့ ယခုတလော ခြေတက်လာနေကြသည့် တော့တင်ဟမ် တိုက်စစ်မှူးများကို ထိန်းနိုင်ရန်မလွယ်လှ။ ရော်ဘီကိန်း ဂိုးသွင်းနိုင်သည်။ ပေါ့စတီဂါကလည်း တော့တင်ဟမ်အတွက် ဂိုးစသွင်းနိုင်၍ ယုံကြည်မှု ပိုမိုအားကောင်းနေသည်။ ကွင်းလယ်၌လည်း ဆိုင်မွန်ဒေးဗီး ပြန်ကစားနိုင်၍ အားကောင်းလာနေသည့်အပြင် ရှက်ဖီးကရောက်လာသည့် ဘရောင်းကိုလည်း အားကိုး၍ရနေသည်။ ထိုနှစ်သင်းယခုရာသီ၌ နှစ်ကြိမ်ဆုံထားဖူးပြီးဖြစ်သည်။ ပရီမီယာရှစ်အဖြစ် မန်စီးတီးကွင်း၌ ဆုံခဲ့စဉ်က ၀-၀ သရေကျသည်။ လိဂ်ဖလားစတုတ္ထအဆင့် တော့တင်ဟမ်ကွင်း၌ ကစားခဲ့စဉ်က တော့တင်ဟမ် နိုင်သည်။ ၃-၁။ ထိုပွဲ၌ တော့တင်ဟမ်အတွက် အင်ဒါတန်၊ ပေါ့စတီဂါ၊ ကနူးတေးတို့တစ်ဂိုးစီသွင်းခဲ့သည်။ မန်စီးတီးအတွက် ဖောင်လာက တစ်ဂိုး ပြန်ချေသည်။ယခုမန်စီးတီးကွင်း၌ အက်ဖ်အေပွဲအဖြစ် ပြန်ဆုံကြပြန်ပြီဖြစ်သည်။ လိဂ်ဖလားပွဲတွင် တော့တင်ဟမ်၏ မောင်းထုတ်ခြင်းခံခဲ့ရသည့် မန်စီးတီး တော့တင်ဟမ်ကို အကြွေးပြန်ဆပ်နိုင်မည်လား။ လက်ရှိခြေစွမ်းများအရဆိုလျှင်မူ မန်စီးတီးအကြွေးထပ်တင်ဦးမည့်ပုံ ပေါ်နေသည်။

အဲဗာတန်-ဖူလ်ဟမ်

ဤနှစ်သင်း၏အနေအထားမှာ အိမ်ကွင်း၊အဝေးကွင်းဆိုသည်က စကားပြောလေ့ရှိသည်။ အိမ်ရှင်အသင်း အနိုင်ရလေ့ရှိသည်။ ယခုနှစ်ပရီမီယာရှစ်၌လည်း အဲဗာတန်အိမ်ကွင်း၌ ၃-၁ဖြင့်နိုင်သည်။ဖူလ်ဟမ်ကွင်းတွင် ဖူလ်ဟမ်က ပြန်နိုင်သည်။ ၂-၁။ ယခုကစားရမည်က အဲဗာတန်ကွင်း၌ဖြစ်နေရာ အဲဗာတန် အခွင့်အရေးပိုကောင်းနိုင်သည်ဟု ထင်စရာကောင်းနေသည်။ ဖူလ်ဟမ်အသင်းမှာလည်းခုတလော ဆာဟာကိစ္စကြောင့် အသင်းကိုနည်းနည်း ထိခိုက်သွားနိုင်သည်။ ဆာဟာမရှိပါက တိုက်စစ်၌ ဟေးလက်စ်နှင့် လက်ဝင်းစကီးတို့ကိုသာ အားကိုးရမည့်ပုံပေါ်နေသည်။ သို့ရာတွင် အဝေးကွင်း၌ ဖူလ်ဟမ်ကစားပုံကလည်းသိပ်အားမကောင်းလှ။ အစဉ်အလာအရလည်း ဤ နှစ်သင်းဆုံတိုင်း အိမ်ရှင်တို့ အသာစီးရလေ့ရှိတတ်သည်ဖြစ်ရာ ယခုပွဲကိုလည်း အဲဗာတန် အနိုင်ဟုပင် ခန့်မှန်းထားရမလိုဖြစ်သည်။

နော့သမ်တန်-မန်ယူ

မန်ယူ၏ ပြိုင်ဘက်မှာ တတိယတန်းအဆင့်မှာတောင် အခြေသိပ်လှသည့် အသင်းမဟုတ်။တစ်နည်းဆိုရလျှင် မန်ယူနှင့် တန်းမတူသည့် ပြိုင်ဘက်မျိုး ဖြစ်နေသည်။ထို့ကြောင့် ယခုပွဲ၌ ဖာဂူဆင်တစ်ယောက်သူ့အသင်းကို အရန်လူများဖြင့် ပွဲထုတ်မည်မှာသေချာသလောက်ဖြစ်နေသည်။ နော့သမ်တန် ကတော့ အိမ်ရှင်ဆိုသည့် အရှိန်လေးနှင့်သာရှိသည်။မန်ယူကိုစိတ်ဓာတ်ဖြင့်သာ ခံကစားနိုင်လိမ့်မည်။ တန်းမတူသော အသင်းနှစ်သင်းဆုံသည့်အခါ စိတ်ဓာတ်တစ်ခုတည်းဖြင့် ရင်ဆိုင်ရုံဖြင့်အနိုင်ရနိုင်လိမ့်မည်မဟုတ်။ သည်တော့ ယခုပွဲ၌ မန်ယူ ဂိုးနည်းနည်းလား၊များများလားသာ စောင့်ကြည့်ရပေလိမ့်မည်။

စကားဘရော့-ချယ်လ်ဆီး

ချယ်လ်ဆီး၏ ပြိုင်ဘက်အဆင့်မှာ မန်ယူထက်ပင်နိမ့်သေးသည်။ စကားဘရော့မှာ Non-League ဟုခေါ်သည့် စတုတ္ထတန်းအဆင့်က အပျော်တမ်းသာသာအသင်း ဖြစ်သည်။ ချယ်လ်ဆီးနှင့်ဆိုလျှင် အဘက်ဘက်၌ မိုးနှင့်မြေလိုကွာလွန်းနေသည်။ သူတို့လည်း စိတ်ဓာတ်ဖြင့်ရင်ဆိုင်လိမ့်မည်။ သို့ရာတွင် ချယ်လ်ဆီး၏ စိတ်ဓာတ်မှာ မန်ယူနှင့်မတူသည်ကိုတော့ သတိပြုရလိမ့်မည်။ ခြသေ့်ပြာတို့မှာ သားကောင်ကိုလိုက်ပြီး ဝီရိယစိုက်ထုတ်မှု ပြောင်းလဲတတ်သည်။ ထို့ကြောင့် သားကောင်ငယ်လေး စကားဘရော့ကို ချယ်လ်ဆီးမည်သို့တုံ့ပြန်မည်မှာ စိတ်ဝင်စားစရာကောင်းနေသည်။ ချယ်လ်ဆီးကွင်းလယ်လူကျိုးကိုးလ်ကတော့ သူ့အသင်းကို သတိပေးထားသည်။ အသင်းငယ်လေးများကို အကြိတ်အနယ် ကစားခဲ့ရသည့် ရီးယဲလ်မက်ဒရစ်၊ လီဗာပူးတို့၏ အဖြစ်ကို ဥပမာပေးထားသည်။ ချယ်လ်ဆီးမှာတတိယအဆင့်၌ ဝက်ဖို့ဒ်နှင့် တုန်းကလည်း ကြုံထားဖူးပြီဖြစ်ရာ ယခုပွဲကိုအနိုင်ရအောင်တော့ ကစားသွားပေလိမ့်မည်။

အခြားပွဲစဉ်များ

ဝုလ်ဖ်	–	ဝက်စ်ဟမ်း
ဘာမင်ဂမ်	–	ဝင်ဘယ်လ်ဒန်
ဆွမ်ဆီး	–	ပရက်စတန်
ကိုဗင်ထရီ	–	ကိုချက်စတာ
အစ်ပ်ဆွစ်ချ်	–	ဆန်းဒါးလန်း
ပို့စ်မောက်	–	စကန်းသော့ပ်
နော့တင်ဟမ်ဖောရက်စ်	–	ရှက်ဖီးယူနိုက်တက်
ဘန်လီ	–	ဂီလင်ဂမ်
တဲလ်ဖို့ဒ်	–	မီလ်ဝေါ
လူတန်	–	ထရန်မီယာ

ကွန်ပျူတာဒီပလိုမာသင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဇန်နဝါရီ ၂၂

IT (Information Technology) ပညာရပ်ဆိုင်ရာများနှင့် စပ်လျဉ်း၍ Informatics Computer Centre များတွင် University of Cambridge (Local Examinations Syndicate)နှင့် NCC (UK)အောင်လက်မှတ်နှစ်ခု ပေးအပ်သောအဆင့်မြင့် နိုင်ငံတကာဒီပလိုမာသင်တန်းများကို နိုင်ငံပေါင်း ၅၀တွင် Centreပေါင်း ၆၃၀ဖြင့် တစ်ပြေးညီ ဖွင့်လှစ်ပေးလျက်ရှိရာ Informatics (Bahan) နှင့် Informatics (Botataung) Centreတို့ ဒီပလိုမာတန်းခွဲသစ်များ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။Informatics Computer Centre မှ Advanced Diploma သင်တန်းအောင်မြင်ပြီးသူများသည် Oversea University များသို့ ဆက်လက်တက်ရောက်နိုင်ကြောင်း သိရသည်။

ထို့ပြင် လုပ်ငန်းခွင်သုံးသင်တန်းများဖြစ်သော Basic, Office. DTP, ACCPAC, Auto CAD, Graphic Design, PC Update and Maintenance (A+), Applied Network, Programming Courses များကိုလည်း ဖွင့်လှစ်သင်ကြား ပေးလျက်ရှိကြောင်း သိရသည်။

စာရင်းပေးသွင်းနိုင်

အသေးစိတ်သိရှိလိုပါက Informatics (Bahan) အမှတ် (၇၀/B) ရွှေဂုံတိုင်လမ်း၊ဗဟန်းမြို့နယ် ဖုန်း- ၅၅၈၃၆၀သို့လည်းကောင်း၊ Informatics (Botataung)အမှတ် ၂၂၀/၂၂၂ ဗိုလ်တထောင်ဘုရားလမ်း ဖုန်း- ၂၉၆၈၂၉၊ ၂၀၀၃၄၃နှင့်၂၀၃၁၈၈တို့သို့ လည်းကောင်း ဆက်သွယ်စာရင်း ပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)



ပညာခေတ် ရာစုသစ်ဝယ်

“ပညာခေတ်ရာစုသစ်ဝယ်နှင့် အခြားကဗျာများ” စာအုပ်ကို သုခနန္ဒီစာပေက ထုတ်ဝေ၍ သာလွန် စာအုပ်တိုက် ၃၆၉ ဗိုလ်ဆွန်ပက်လမ်း ရန်ကုန်မြို့ ဖုန်း-၂၄၂၄၃၁၈က ဖြန့်ချိသည့် စာအုပ်မျက်နှာဖုံး။

(က-ပ)

ဖေဖော်ဝါရီလထုတ် ကေရီမဂ္ဂဇင်းထွက်ပြီ

ရန်ကုန် ဇန်နဝါရီ ၂၂

မောင်ညိုပြာ၊ ကေ(ဆေးတက္ကသိုလ်)၊ မသက်ဆွေ၊ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊ ဟဲမင်းဝေတို့၏ ခံစားမှုစာစုများ၊ ဝင်းနိုင်ဦး(ရေနံ)၊ ယမင်းထက်၊ ဖိုးနိုင်ဝင်း၊ ဒေါက်တာခင်မောင်ညို၊ မြနှောင်းညို၊ ထီလာစိုးမြင့်ထယ်၊ တင်မောင်ဆွေ (မြန်မာစာ)၊ **K**-ဇော်ဟိန်း၊ သိလ္လာစိုး၊ ကျော်ဆွေသိန်း စသည့် ကလောင်ရှင်များ၏ သုတရသ ဆောင်းပါးများ၊ ရွှေစင်ညချမ်း အကယ်ဒမီ အလှပန်း၏ ပုံရိပ်များ၊ လစဉ်ပါနေကျ ကဏ္ဍများ၊ မောင်လှလွန်း၊ မောင်နှင်းပန် (ရေနံချောင်း)၊ နှစ်သင်းလေ၊ မောင်နွယ်အောင် (မြေပြန့်)၊ မာန်ဟိန်း၊ မိုးညယံ တို့၏ ကဗျာများဖြင့် ဖေဖော်ဝါရီလထုတ် **EMPRESS** ကေရီမဂ္ဂဇင်း ဖြန့်ချိထားကြောင်း သိရသည်။

(ဝဲအပေါ်ပုံ) (က-ပ)

မြို့တွင်း သာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ဇန်နဝါရီ ၁၇ရက်က ကျောက်တန်းမြို့နယ် စည်ပင်သာယာရေး အဖွဲ့က သန့်ရှင်းရေးလုပ်သားများ မင်းကျောင်း လမ်းဘေး ဝဲယာ ရေနုတ်မြောင်းဖော်ခြင်း လုပ်ငန်းကို မြို့နယ် တာဝန်ခံ လက်ထောက် အင်ဂျင်နီယာ ဦးလှိုင်အေး အနီးကပ် ကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ရိုးရာပန်းပညာရှင်များ အစည်းအရုံး အလုပ်အမှုဆောင် အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၂

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး အလုပ်အမှုဆောင် (၁/၂၀၀၄) အစည်းအဝေးကို မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)အစည်း အဝေးခန်းမတွင် ဇန်နဝါရီ ၂၀ရက်က ကျင်းပရာ ဥက္ကဋ္ဌ ဦးသောင်းဟန်၊ ဒုတိယ ဥက္ကဋ္ဌ ဦးစောလှိုင်၊ ဦးအောင်သိန်း၊ အတွင်းရေးမှူး ဦးသန့်စင်(ခ)ပန်းချီလှတင်ထွန်း နှင့် အလုပ်အမှုဆောင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင်၂၀၀၃ခုနှစ်လုပ်ငန်း ဆောင်ရွက်ချက်များကို သုံးသပ်တင်ပြကြပြီး ၂၀၀၄ခုနှစ် ရှေ့လုပ်ငန်း စဉ်များ ဆွေးနွေးကြသည်။(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသည့် အနေဖြင့် ရန်ကုန်တိုင်း ကလေးပန်းချီ ပြိုင်ပွဲကြီးကို မတ်လအတွင်း ကျင်းပပြုလုပ်ရန်ရှိရာ အဆိုပါပြိုင်ပွဲ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် ဥက္ကဋ္ဌ ဦးသောင်းဟန်နှင့် အခြေခံပညာဦးစီးဌာန (၃)မှဒုတိယ ညွှန်ကြားရေးမှူး ဦးနု၊ တုန်းတာကုမ္ပဏီမှ မန်နေဂျင်း ဒါရိုက်တာ ဦးခင်မောင်လတ်တို့ပါဝင်သော ပြိုင်ပွဲဖြစ်မြောက်ရေး ကော်မတီကို ဖွဲ့စည်းသည်။ ပြိုင်ပွဲစည်းကမ်းချက်များနှင့် အသေးစိတ် အချက်အလက်များကို မကြာမီ ထုတ်ပြန် ကြေညာသွားမည် ဖြစ်သည်။

၂၀၀၃ခုနှစ် နိုဝင်ဘာလအတွင်းက စည်းရုံးရေး၊ ပညာရေး ခရီးစဉ်ဖြင့် ပန်းချီ၊ ပန်းပုပညာရှင် ၄၅ဦးပါဝင်သည့် လေ့လာရေးအဖွဲ့တစ်ဖွဲ့ တောင်ကြီးမြို့သို့ သွားခဲ့ကြရာ ရေးဆွဲခဲ့သည့် ပန်းချီလက်ရာများကို 'ရှမ်းရိုးမဗျာ သာတဲ့လ' အမည်ဖြင့် ပန်းချီပြပွဲကိုလည်း ဗိုလ်ချုပ်အောင်ဆန်းဈေး အရှေ့ဘက်တန်း ပန်းချီ၊ ပန်းပုပြခန်းတွင် ဇန်နဝါရီ ၂၉ရက်မှစ၍ တစ်ပတ်ကြာ စည်ကားသိုက် မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး တောင်ကြီးမြို့တွင်လည်း သွားရောက် ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်းစိန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက အထက(၃)မှ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသား စိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဇန်နဝါရီ ၁၆ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ညွှန်ကြားရေးမှူး ဦးတင်အောင်က ကျောင်းသားကျောင်းသူ ၄၀၃ ဦးတို့အား နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။

(၀၄၆)

ကွန်ပျူတာဖြင့် လေ့လာနိုင်

စွယ်စုံကျမ်းများ

ရန်ကုန် ဇန်နဝါရီ ၂၂

ဗဟုသုတ ရှာမှီးလိုသူများနှင့် ကျောင်းသားကျောင်းသူများအတွက် သိရှိလိုသမျှ ရှာဖွေဖတ်ရှုနိုင်မည့် Encarta စွယ်စုံကျမ်းများကို ကွန်ပျူတာဖြင့် လေ့လာနိုင်ရန်နှင့် နောက်ဆုံးထွက်ရှိသည့် Counter Strike, Red Alert II, Age Of Empires II, FIFA 2003, Commandos, star Craft, The Conquerors, War Craft III, Need for speed 5 အပါအဝင် အမျိုးအစား စုံလင်စွာ ဂိမ်းများကို အားလပ်ချိန်အတွင်း စိတ်ချမ်းမြေ့စွာ အသုံးပြုနိုင်ရန် Karaweik Network Game Centerမှ စီစဉ်ပေးလျက်ရှိသည်။

ချိုသာသောဈေးနှုန်း၊ ကျယ်ဝန်း၊ သပ်ရပ်သော အဆင့်မြင့်Air Con အခန်းများဖြင့် ဝန်ဆောင်မှုများပေးလျက် ရှိသဖြင့် စိတ်ပါဝင်စားသူများ အမှတ် ၆၉ အထက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်ဘူတာအနီး ရန်ကုန် ဖုန်း-၅၁၁၇၁၄၊ ၀၉-၅၀-၁၆၆၃၅သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

ကိုယ်ကာယအလှနှင့် ကျန်းမာရေးသင်တန်းများဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၂၂

၂၀၀၄ခုနှစ် နှစ်သစ်မှာ စံပြမောင်မယ် ဖြစ်လိုသူများ အားလုံးအတွက် ရည်ရွယ်ပြီး ဖွင့်လှစ်ထားသည့် New world Fitness Club(ကိုယ်ကာယအလှနှင့် ကိုယ်ကာယ ကြံ့ခိုင်ရေးသင်တန်း)မှ ခန္ဓာကိုယ် အချိုးကျစွာ လှလိုသူများ၊ ကျန်းမာရေး လေ့ကျင့်ခန်းလုပ်ရန် လိုအပ်သူများ၊ ဗိုက်ပူ၊ ခါးတုတ်၊ အဝလွန်သူများ၊ ဖြတ်လမ်းနည်းဖြင့် အဆီချလိုသူများအတွက် နောက်ဆုံးပေါ် အဆီချစက်ဖြင့် Air Con ခန်းမတွင်း၌ ခေတ်မီအားကစားပစ္စည်းအစုံနှင့် နည်းစနစ်မှန်ကန်စွာဖြင့် ဒေါ်တင်စန်းဝင်းတို့ ဦးစီးသော ကျွမ်းကျင် ဝါရင့် ပညာရှင်များ ကိုယ်တိုင် ကြီးကြပ်သင်ကြားပေးလျက်ရှိသည်။ ပိန်လိုသူများအတွက် သုံးလအာမခံဖြင့် တာဝန်ယူ ဆောင်ရွက်ပေးပြီး BCDစက်များဖြင့် ကိုယ်ခန္ဓာ ပြေပြစ်ကြော့ရှင်းစေခြင်းနှင့် ကျန်းမာရေးညီညွတ်စေရန် စိတ်ပါဝင်စားသူ ကစားလိုသူများသည် အခန်း ၂၀၆၊ တာဝါ(အေ)၊ မြို့ပြဟောဝန်ကွန်ဒို (Junction-8) မရမ်းကုန်းမြို့၊ ရှစ်မိုင်၊ ဖုန်း-၆၆၆၂၁၅၊ ၀၉-၈၀-၂၂၉၃၇တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။

(၃၆၃)

မောင်ငယ်ရင်သွေး နာဘီသေးလော့

ရန်ကုန် ဇန်နဝါရီ ၂၂

ဖေယျာနရိန်(မြောင်းမြ)စီစဉ်ပြီး စာနေလတ် (မဟာသဒ္ဓိသုခ)ရေးသားသော မောင်ငယ်ရင်သွေး နာဘီသေးလော့ စာအုပ်တွင် လူငယ်၊ လူရွယ်များအတွက် အသိပညာပေး စကားစုများကို ထည့်သွင်းရေးသားထားပြီး ပါရမီစာပေကဖြန့်ချိထုတ်ဝေလိုက်သည်။ **(ယာပုံ)**

(က-ပ)



လားရှိုး၊ မူဆယ်၊ ကော့သောင်း၊ မြိတ်မြို့များ၌ ကုန်စည်ပြပွဲများ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၂

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) နှင့် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခွင့်ပြုချက်၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ပံ့ပိုးမှု၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၏ ကူညီမှု၊ အထက် မြန်မာပြည် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးရုံး၏ ပံ့ပိုးမှုဖြင့် ရန်ကုန်တိုင်း ရွှေခြင်္သေ့ သမဝါယမအသင်း လီမိတက်က ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၄ရက်မှ ၈ရက်ထိ လားရှိုးမြို့ ယုံဟော်ကွင်း၌ လည်းကောင်း၊ ဖေဖော်ဝါရီ ၁၂ရက်မှ ၁၆ရက်အထိ မူဆယ်မြို့ မြို့နယ်အားကစားကွင်း၌ လည်းကောင်း၊ မတ် ၂၄ရက်မှ ၂၈ရက်ထိ ကော့သောင်းမြို့ မဥ္ဇူသက လွှတ်လပ်ရေးကွင်း၌ လည်းကောင်း၊ ဧပြီ ၂ရက်မှ ၆ရက်ထိ မြိတ်မြို့ မြို့နယ်အားကစားကွင်း၌ လည်းကောင်း ရန်ကုန်တိုင်း ရွှေခြင်္သေ့ သမဝါယမအသင်းလီမိတက်က စီစဉ်ဆောင်ရွက်နေပြီဖြစ်သည်။

ရောင်းချမည်

အဆိုပါ ဈေးရောင်းပွဲတော်၌ စားသောက်ကုန်များ၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်း အမျိုးမျိုး၊စိုက်ပျိုးရေး လုပ်ငန်းသုံးပစ္စည်းများ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပစ္စည်းများ၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်း အမျိုးမျိုး၊ ပလတ်စတစ်နှင့် ဖိုင်ဘာပစ္စည်းများ၊ ရုံးသုံး၊ ကျောင်းသုံး စာရေးကိရိယာများ၊ စက်မှုလက်မှု နည်းပညာဆိုင်ရာ ပြခန်းများ၊ ပြည်တွင်းဖြစ် တိုင်းရင်းဆေးဝါးနှင့် နိုင်ငံခြားဆေး အမျိုးမျိုး၊ နိုင်ငံခြား စံချိန်မီ ဖိနပ်အမျိုးမျိုး၊ အိမ်အလှဆင်ပစ္စည်း အမျိုးမျိုး၊ အဝတ်အထည်နှင့် ဖက်ရှင်အသုံး အဆောင်ပစ္စည်းအမျိုးမျိုးနှင့် အခြား လူသုံးကုန်ပစ္စည်းများကို အထူးဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည် ဖြစ်သည်။

ဖျော်ဖြေမည်

ပြပွဲလာပြည်သူများအား အဆင့်မြင့် ထုတ်ကုန်ပစ္စည်းများကိုလက်တွေ့ သရုပ်ပြကြော်ငြာခြင်းများ၊ အရောင်းမြှင့်တင်ရေး အစီအစဉ်များကို နေ့စဉ် အခမဲ့ ဖျော်ဖြေတင်ဆက်ပေးမည် ဖြစ်သည်။ အဆိုပါ ကုန်စည်ပြပွဲတွင် မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှုလေ့လာ ဝယ်ယူနိုင်မည် ဖြစ်သည်။

ဆက်သွယ်ဆောင်ရွက်နိုင်

ပါဝင်ရောင်းချလိုသော ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ သမဝါယမအသင်းများနှင့် စက်မှုအသင်းများသည် ရန်ကုန်တိုင်း ရွှေခြင်္သေ့ သမဝါယမ အသင်းလီမိတက် အဆောင်(၂) ပထမထပ် မဟာကျော်ကုန်တိုက် သိမ်ကြီးဈေး (စီ)ရုံ ရွှေတိဂုံဘုရားလမ်း ရန်ကုန်မြို့ ဖုန်း-၃၇၁၈၀၀(လိုင်းခွဲ) ၃၉၄၊ ၄၀၈၊ ဖုန်း- ၂၄၀၆၀၀ (လိုင်းခွဲ) ၄၃၂၊ ရုံးချိန်ပြင်ပဖုန်း-၆၃၅၂၆၄တို့သို့ ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်း သိရသည်။

(က-ပ)

ပရိဝါသ် အဓိဋ္ဌာန် ဓမ္မသဘင်

ပထမအကြိမ် ပရိဝါသ် ဆောက်တည်ခြင်း ဓမ္မသဘင်ကို ရန်ကုန်မြို့ တန့်ကြည့်တောင် ဝိပဿနာရိပ်သာ၌ ၁၃၆၅ ခုနှစ် တပို့တွဲလဆန်း ၁၃ ရက်မှ တပေါင်းလဆန်း ၃ ရက်နေ့ထိ ကျင်းပပါမည်။

၁၀ ဝါနှင့်အထက် ရဟန်းတော်ဦးရေ ၂၀သာ လက်ခံ၍ သုဒ္ဓန္တ ၁၀ရက်၊ အဂ္ဃသမောဒါန ၁၀ရက် သတ်မှတ်ထားပါသည်။

ရဟန်းတော်တစ်ပါးလျှင် ကုဋီ၊ ရေချိုးခန်းပါသော ကျောင်းငယ်တစ်ကျောင်းစီ သီတင်းသုံးနိုင်ပြီး အိပ်ရာအပြည့်အစုံ စီမံထားရှိကာ အသားလွတ်ဆွမ်း၊ ဆွမ်းဟင်းဆက်ကပ်၍ သပိတ်ပါ လှူဒါန်းပါမည်။

ဆောက်တည်လိုသော ရဟန်းတော်များသည် တပို့တွဲလဆန်း ၈ရက်နောက်ဆုံးထား၍ ဖုန်း-၂၄၇၅၅၇ သို့ ကြိုတင် စာရင်းပေးသွင်းပြီး အတည်ပြုချက်ရသော ရဟန်းတော်များသည် ရိပ်သာသို့ တပို့တွဲ လဆန်း ၁၂ရက် အရောက်ကြွရောက်ပါရန် ပင့်လျှောက်ပါသည်။

တန့်ကြည့်တောင်ဆရာတော် ဘဒ္ဒန္တ သောမဗုဒ္ဓိ
(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)

ကန့်ကွက်နိုင်ပါသည် မော်တော်ဆိုင်ကယ်အမှတ် ၁ယ/၅၈၀၃ လက်ဝယ်ရှိသူက (ကမ-၃) မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊ ရှေ့တန်းရုံး(မအူပင်)သို့ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ ရှေ့တန်းရုံး(မအူပင်)**

မြန်မာပြည်တွင် ပထမဦးဆုံးဖွင့်လှစ်သော တရုတ်သရေစာမုန့်လုပ်နည်းသင်တန်း

လက်ဖက်ရည်ဆိုင် ထွန်းကားတိုးတက်အောင်နှင့် အရင်းအနှီးနည်းနည်းဖြင့် ဆိုင်သစ် ဖွင့်လိုသူ၊ နိုင်ငံခြားသွားရောက်လုပ်ကိုင်သူ၊ အိမ်ရှင်မနှင့် လူငယ်ကျောင်းသားများ ဘဝတစ်သက်လုံး အသက်မွေးဝမ်းကျောင်းပညာအဖြစ် ဝက်သားပေါက်စီ၊ အီကြာကွေးအပါအဝင် မုန့်လုပ်နည်း ၁၁မျိုးနှင့် နိုင်ငံခြားပုံစံသစ် လက်ဖက်ရည်ဖျော်ရည်နည်းအမျိုးမျိုးကို အခမဲ့ သင်ကြားပေးပါမည်။ ဝါသနာပါသူများ အမြန်လာရောက် စုံစမ်းစာရင်းသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

စုံစမ်းရန်နှင့် စာရင်းသွင်းရန် - **မွန်းလွဲ ၂ နာရီမှ ၄ နာရီ**
ဦးဟန်ကြိုင် အမှတ် ၂၅၊ ၂၁လမ်း၊ ရန်ကုန်။

ကျေးဇူးဆပ်ပါမည် ဒုတိယတန်း စက်ခန်းအုပ်လက်မှတ် အမှတ် စမဒ/၁၀၂/၈၂ ရက်စွဲ ၇-၉-၁၉၈၂မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **သိန်းအောင်၊ ပြည်ရိပ်မွန် အခန်း(၇)၊တိုက်(၁၆)၊ ဖုန်း-၅၃၉၇၀၂**

တိုင်းရင်းဆေးပညာဒီပလိုမာသင်တန်းအမှတ်စဉ်(၂၈)အတွက်

လျှောက်လွှာခေါ်ယူခြင်း

၁။ မန္တလေးမြို့ တိုင်းရင်းဆေးသိပ္ပံ၊ တိုင်းရင်းဆေးပညာဒီပလိုမာသင်တန်းသို့ တက်ရောက်လိုသူများသည် အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ပြည့်စုံပါက လျှောက်ထားနိုင်သည်။

(က) လျှောက်ထားသူသည် မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အခြေခံပညာအထက်တန်း သိပ္ပံဇီဝတွဲဖြင့် အောင်မြင်ပြီး ၁၅-၃-၂၀၀၄ တွင် အသက် ၂၀ ထက် မကျော်လွန်သူ၊ သိပ္ပံတွဲဖြင့် ဘွဲ့ရပြီးသူဖြစ်ပါက ၁၅-၃-၂၀၀၄ တွင် အသက် ၂၅နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(ဂ) သက်ဆိုင်ရာ မြို့နယ်ဆရာဝန်၏ ကျန်းမာကြောင်း လက်မှတ် ပူးတွဲတင်ပြရမည်။

၂။ လျှောက်လွှာကို တိုင်းရင်းဆေးပညာဦးစီးဌာန အမှတ် (၅၆) ဦးဝိစာရလမ်း၊ ဒဂုံမြို့နယ် ရန်ကုန်မြို့နှင့် တိုင်းရင်းဆေးသိပ္ပံ၊ အောင်မြေသာဇံမြို့နယ် မန္တလေးမြို့တို့တွင်ရနိုင်ပြီး မိမိဖြေဆိုလိုသည့် စာစစ်ဌာန (ရန်ကုန်/မန္တလေး)သို့ ၁၅-၃-၂၀၀၄ ရက် နောက်ဆုံးထားပြီး ပေးပို့ရမည်။ ဖြေဆိုခွင့်ရသူများစာရင်းကို ၂၂-၃-၂၀၀၄ရက်တွင် သက်ဆိုင်ရာစာဖြေဌာနများ၌ ကြေညာမည်ဖြစ်ပြီး ၃၀-၃-၂၀၀၄ ရက်တွင် သက်ဆိုင်ရာ ရန်ကုန်/မန္တလေးစာဖြေဌာနတွင် ဝင်ခွင့်ရေးဖြေစာမေးပွဲကို တစ်ပြိုင်တည်းကျင်းပမည်။

၃။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာန အကြီးအကဲမှတစ်ဆင့် လျှောက်ထားရမည်။

၄။ သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများ၊ အရည်အချင်းမပြည့်မီသောလျှောက်လွှာများ၊ သတ်မှတ်ချက်နှင့် မပြည့်စုံသော လျှောက်လွှာများကို စဉ်းစားမည်မဟုတ်ပါ။ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို လျှောက်လွှာဝယ်ယူမည့် ဌာနများတွင် စုံစမ်းနိုင်ပါသည်။

ညွှန်ကြားရေးမှူးချုပ်
တိုင်းရင်းဆေးပညာဦးစီးဌာန
၅၆၊ ဦးဝိစာရလမ်း၊ ရန်ကုန်

မျက်နှာဖုံး အပ်ပေပါဖြင့်

ထွက်ပြီ

ရောင်းဈေး ၂၀၀/-ကျပ်

☞ နောက်ဆုံးဖြစ်ပျက်ခဲ့သော ကမ္ဘာ့ရေးရာသတင်းများ၊ ပြည်ပဘောလုံးပွဲ၊ ပြည်တွင်း အားကစားပွဲများ၊

☞ ဖတ်စရာမှတ်စရာများ စုံလင်စွာဖြင့် ထုတ်ဝေဖြန့်ချိလိုက်ပါပြီ။

ဆက်သွယ်နိုင်ပါသည် (ကိုယ်စားလှယ်ယူလိုသူများ၊ ကြော်ငြာထည့်သွင်းလိုသူများ)
မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်။
ဖုန်း-၅၄၄၃၁၃ ၊ ၅၄၄၃၁၇ ၊ (သတင်းစာကိုယ်စားလှယ်များထံတွင် မှာယူပါက အိမ်တိုင်ရာရောက် ပို့ပေးပါသည်။)

သုဝဏ္ဏမြို့ဦးစေတီ ဓာတ်ဆီဆိုင်အနီး ရပ်ကွက် ၃၀နှင့် ၂၉ (တန်ဖိုးနည်း) အတွင်းရှိ မြေကွက်ပိုင်ရှင်များသိသာရန်

၂၉နှင့် ၃၀ ရပ်ကွက်အတွင်းတွင် ရေသန့်ရရှိရေးအတွက် စတင်ညှိနှိုင်းဆောင်ရွက်နေပြီဖြစ်ပါသည်။ ဆောင်ရွက်သော နည်းစနစ်သည် ကနဦးတစ်ကြိမ်တည်းသာ ရေကို သွယ်တန်းပေးမည်ဖြစ်ပြီး နောင်နှစ်များတွင် ဤအခွင့်အရေးကို လုံးဝမရရှိနိုင်တော့ပါ။ သို့ပါ၍ မြေကွက်ပိုင်ရှင်များအနေဖြင့် ရေသန့်မရ မရှိရအောင် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များနှင့် ၃၁–၁–၂၀၀၄ ရက် နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးကြပါရန် အသိပေးအပ်ပါသည်။

ဗိုလ်မှူးဗိုလ်စီ ၆၆၊ ဝိတောက်မြိုင်လမ်း၊ ၃၀ရပ်ကွက် ဖုန်း–၅၇၁၅၀၃
ဗိုလ်ကြီးမြင့်စိုး ၁၁၅၊ နှင်းဆီဖြူလမ်း၊ ၃၀ရပ်ကွက် ဖုန်း–၅၆၁၉၁၆
ဗိုလ်မှူးထွန်းသိန်း ၃၈၊ နေအောင်လမ်း၊ ၂၉ရပ်ကွက် ဖုန်း–၅၇၉၉၇၇
ဒေါက်တာသိန်းဝင်း ၁၄၄၊ လုံးသွယ် ၂လမ်း၊ ၂၉ရပ်ကွက် ဖုန်း– ၅၇၉၀၇၉

ကန့်ကွက်နိုင်ပါသည်

